# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


> **ခန္ဓာငါးပါးကို မပြတ်ရှုမြင်**
>
> ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။
>
> **သဟဿဝဂ်(ဓမ္မပဒ - ၁၁၃)**


၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက် ၂၀၁၇ ခုနှစ်၊ ဇွန် ၁၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ် (၂၅၅)


# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သွားရောက်ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၁၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးအား သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေကို ကြည့်ရှုမေးမြန်းကာ အားပေးစကား ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုနှင့် တာဝန်ရှိသူများက ဦးတင်ဦး၏ လက်ရှိ ကျန်းမာရေးအခြေအနေများနှင့် တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ◆



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးအား သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားစဉ်**
(သတင်းစဉ်)



# စစ်တွေ-ရန်ကုန်သွား ကားလမ်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ခရီးသည်တင်ယာဉ်များ အချိန်မီသွားလာနိုင်ရေး ပြင်ဆင်မှုများပြုလုပ်

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ရဲထွန်း**

**စစ်တွေ ဇွန် ၁၄**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်တွေ-ရန်ကုန်သွား ကားလမ်းမတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ခရီးသည်တင်ယာဉ်များ အချိန်မီသွားလာနိုင်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

"လက်ရှိအနေအထားမှာ ဘက်ဟိုးနှစ်စီးနဲ့ ကားတွေသွားနိုင်အောင် အလုပ်လုပ်နေကြတယ်။ အဓိက ရေက လမ်းပေါ်လျှံသွားတယ်။ လမ်းပေါ် ရေက တစ်ပေ၊ နှစ်ပေလောက် ကျော်သွားတယ်။ တောင်ကမ်းပါးယံဘက်က နည်းနည်း ရေတိုက်စားသွားတယ်။ ရေစားသွားတာကို ရခိုင်ပြည်နယ်လမ်းဦးစီးဌာနက ဘက်ဟိုးတွေနဲ့ လုပ်နေတယ်။ ရေဆင်းသွားတာနဲ့ မြေကြီးတွေထပ်ဖို့ပြီး အခုညနေပိုင်း ယာဉ်တွေ အမြန်ဆုံးသွားနိုင်အောင် လုပ်နေတယ်"ဟု ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြောသည်။

ရန်ကုန်-စစ်တွေသွား ကားလမ်းပြင်ဆင်နေမှုနှင့် စပ်လျဉ်းပြီး ရခိုင်ပြည်နယ် လမ်းအထူးအဖွဲ့(၁၆)မှ ဦးလှရွှေက "လမ်းကသွားလို့ရပေမယ့် အမ်းကနေ စစ်တွေဘက်ကို သွားတဲ့ မိုင်တိုင်(၂၈)မှာ ရေကျော်ပြီး လမ်းသားပဲ့သွားတယ်။

*စာမျက်နှာ ၃ ကော်လံ ၂* ❒




## မြန်မာ့အလင်း

# မြို့ပြလူထု၏ စိတ်ဝိညာဉ်ခွန်အား

မြို့ပြများသို့ အခြေချနေထိုင်သူတို့ အဆက်မပြတ်ဆိုသလို တိုးပွားနေခြင်းသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်ရလျက်ရှိသော ပြဿနာတစ်ရပ်ဖြစ်ပါသည်။

တိုးပွားလာသည့်မြို့နေလူထုအတွက် နေရေးထိုင်ရေးမှသည် သယ်ယူပို့ဆောင်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီး ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေး စသည့် စသည့် စိန်ခေါ်ချက်များသည် တာဝန်ရှိပုဂ္ဂိုလ်အဖွဲ့အစည်းတို့အတွက် ကြီးမားသောတာဝန် ဖြစ်လာပါသည်။ မြို့နေလူထုသည်လည်း မြို့ပြဘဝ၌ ရှင်သန်ရပ်တည်ရေးအတွက် လှုပ်ရှားရုန်းကန်မှုများနှင့်အတူ မွန်းကျပ်မှုများကို မလွှဲမရှောင်သာ ရင်ဆိုင်ကြရပါသည်။ သို့ဖြစ်ပါ၍ မြို့ပြတို့၏ အပန်းဖြေရာနေရာများသည် မြို့ပြလူထု၏စိတ်ဝိညာဉ်တို့ ခွန်အားဖြစ်ရာနေရာများ ဖြစ်လာပါသည်။

ရန်ကုန်မြို့၌ ပန်းခြံများနှင့်အတူ အင်းလျားကန်နှင့် ကန်တော်ကြီးတို့သည် ပြည်သူတို့၏ စိတ်အပန်းဖြေရာနေရာများဖြစ်ပါသည်။ အမှန်မှာမူ အင်းလျားကန်နှင့်ကန်တော်ကြီးတို့သည် ပြည်သူတို့ စိတ်အပန်းဖြေရာနေရာများဖြစ်ရုံသာမက ရန်ကုန်မြို့၏ ဂုဏ်ကျက်သရေကို ဖော်ဆောင်ထားသော နေရာများလည်းဖြစ်ပါသည်။ ပြည်သူတို့၏ စိတ်အပန်းဖြေရာနေရာများ၌ စားသောက်ဆိုင်များယှဉ်တွဲတည်ရှိနေခြင်းသည် သဘာဝလိုအပ်ချက်တစ်ရပ်ဖြစ်သော်လည်း စနစ်တကျကြပ်မတ်စစ်ဆေးရန် လိုအပ်ပါသည်။ စားသောက်ဆိုင်တို့မှ စွန့်ပစ်ပစ္စည်းတို့နှင့်အတူ ပြည်သူတို့ စွန့်ပစ်ကြသည့် ပလတ်စတစ်၊ ပုလင်းစသည်တို့ ကန်ရေပြင်အတွင်း ကျရောက်ပါက သဘာဝပတ်ဝန်းကျင်အလှအပကို ထိခိုက်စေသည့်နည်းတူ ကန်ရေပြင်၏ အရည်အသွေးကို ကျဆင်းဆုတ်ယုတ်စေမည် ဖြစ်ပါသည်။

အင်းလျားကန်နှင့် ကန်တော်ကြီးတို့၏ အရည်အသွေးနှင့် ဂေဟစနစ်တို့ကို ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုလုပ်နိုင်ခြင်း မရှိသေးသော်လည်း မျက်မြင်အခြေအနေတို့အရ ဆုတ်ယုတ်မှုဘက်သို့ ဦးတည်နေသည်ကို တွေ့ရပါသည်။ ရေနှင့်သန့်ရှင်းရေးဌာနမှ လိုအပ်သောစစ်ဆေးကြပ်မတ်မှုများကို ပြုလုပ်လျက်ရှိသော်လည်း အင်းလျားကန်နှင့် ကန်တော်ကြီးတို့၏ သဘာဝအလှအပနှင့် ရေအရည်အသွေးတို့ ထိန်းသိမ်းရေးသည် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုပေါ်၌လည်း မူတည်နေပါသည်။ အမှိုက်ပုံးများရှိပါလျက် တချို့သောပြည်သူတို့က ပလတ်စတစ်နှင့်ပုလင်းကဲ့သို့သော အမှိုက်သရိုက်များကို ကန်အတွင်းစွန့်ပစ်နေခြင်းသည် တာဝန်မဲ့သောလုပ်ရပ်များဖြစ်ပါသည်။ ရန်ကုန်မြို့၏ စိတ်ဝိညာဉ်တို့ကို ရိုက်ချိုးနေသည့် လုပ်ရပ်ဟုပင် ဆိုနိုင်ပါသည်။

ဤသို့သောအခြေအနေ၌ ရွက်လှေအသင်းသားများနှင့် အင်းလျားကန်ချစ်မြတ်နိုးသူများစုပေါင်း၍ ကန်အတွင်း အမှိုက်ရှင်းလင်းရေးဆောင်ရွက်နေမှုသည် ကြိုဆိုဂုဏ်ပြုအားပေးရမည့် လုပ်ရပ်ဖြစ်ပါသည်။ ပြည်သူတို့၏အသိတရားနှင့် ဝိုင်းဝန်းကူညီဆောင်ရွက်မှုသည် ရန်ကုန်မြို့ ထာဝရသာယာလှပရေးအတွက် အရေးကြီးသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ရန်ကုန်မြို့ ရေပေးရေးဟူသောရည်ရွယ်ချက်ဖြင့် တူးဖော်ခဲ့သော ကန်တော်ကြီးနှင့် အင်းလျားကန်တို့သည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၀၀ ကျော်နေပြီဖြစ်ပါသည်။ ရန်ကုန်မြို့၏ကျက်သရေဆောင် ဤကန်ကြီးနှစ်ကန်သည် ယနေ့ထက်တိုင် ရန်ကုန်မြို့လူထု၏ စိတ်ဝိညာဉ်တို့ကို အပန်းဖြေ ခွန်အားဖြည့်နေဆဲဖြစ်ပါသည်။ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်လူထု၏စိတ်ဝိညာဉ်တို့ကို ခွန်အားဖြည့်တင်းကြပါစို့ ဟု လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

**သံတွဲ ဇွန် ၁၄**

ကျေးလက်နေလူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝိုင်ယာရိန်းသင်တန်းကို ဇွန် ၁၂ ရက်က အဆိုပါရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဦးစီးမှူး ဦးလှကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ကျေးရွာများမှ သင်တန်းသား /သင်တန်းသူ ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ပတ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(ပြန်/ဆက်)**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊၁၃/၂၀၁၇**
**၁၃၇၉ခုနှစ်၊နယုန်လပြည့်ကျော် ၅ ရက်**
**(၂၀၁၇ခုနှစ်၊ဇွန်လ ၁၄ ရက်)**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၉၊ ပုဒ်မခွဲ(ခ)၊ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ပုဒ်မခွဲ(ခ)၊ပုဒ်မခွဲငယ်(၆) နှင့်ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂၅ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမြဟန်
(၂) ဦးမျိုးတင့်
(၃) ဦးစိုးနိုင်
(၄) ဦးခင်မောင်ကြည်

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊၁၄/၂၀၁၇**
**၁၃၇၉ခုနှစ်၊နယုန်လပြည့်ကျော် ၅ ရက်**
**(၂၀၁၇ခုနှစ်၊ဇွန်လ ၁၄ ရက်)**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၈) နှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမြင့်နိုင်
(၂) ဦးသန်းဌေး

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဝေးပြေးလမ်းမကြီးနှင့် နီးကပ်စွာရှိနေသောလျှပ်စစ်မီးတိုင်များကြောင့် ယာဉ်အန္တရာယ်များဖြစ်ပွားနိုင်

**သုဝဏ္ဏဝတီ ဇွန် ၁၄**



မွန်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ခရီးသွားလာမှု လွယ်ကူမြန်ဆန်လာမှုနှင့်အတူ အဝေးပြေးလမ်းမကြီးကို အဆင့်မြှင့်တင်၍ လေးလမ်းသွားလမ်းမကြီးအဖြစ် တိုးချဲ့ဆောင်ရွက်ရာ ယခင်က စိုက်ထူထားသော လျှပ်စစ်မီးတိုင်အချို့သည် လမ်းမပေါ်၌လည်းကောင်း၊ လမ်းမအနီး၌လည်းကောင်းရှိနေသောကြောင့် ယာဉ်အန္တရာယ်များ မကြာခဏဖြစ်ပွားနေကြောင်း သိရသည်။

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်အဝင် လမ်းမကြီးဘေးတစ်လျှောက်ရှိ လျှပ်စစ်မီးတိုင်များသည် လေးလမ်းသွားလမ်းမကြီးအဖြစ် တိုးချဲ့ဆောင်ရွက်ရာ တချို့ခတ်တိုင်များသည် ကတ္တရာလမ်းမပေါ်ရှိနေခြင်း၊ နီးကပ်စွာ တည်ရှိနေခြင်းတို့ကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများ ဖြစ်ပေါ်လာနိုင်သည်။

သုဝဏ္ဏဝတီမြို့အတွင်းရှိ နေအိမ်၊ ဈေးဆိုင် အဆောက်အအုံများကြောင့် လမ်းတိုးချဲ့ရန် အခက်အခဲများရှိနေသောကြောင့်လည်းကောင်း၊ လမ်းကျဉ်းမှုကြောင့်မြို့အတွင်း လမ်းဆုံ လမ်းခွနေရာများနှင့် သုဝဏ္ဏဝတီမြို့မဈေးရှေ့များ၌ မကြာခဏယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားလျက်ရှိသည်။

"လမ်းဘေးခတ်တိုင်တွေက လမ်းပေါ်ရှိပြီး ကတ္တရာလမ်းနားကပ်နေတော့ ခဏခဏယာဉ်တွေတိုက်တယ်။ ဆိုင်ကယ်တွေဆို ပိုဆိုးပါတယ်။ အဝေးပြေးလမ်းဆိုတော့ သတိပေးရောင်ပြန်ဆိုင်းဘုတ်တွေထားပေးသင့်တယ် " ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

"အဝေးပြေးယာဉ်မောင်းများနှင့် ခရီးသည်များ၊ ပြည်သူများအတွက် အန္တရာယ်ဖြစ်ပေါ်လာစေနိုင်သော အဆိုပါလမ်းမီးတိုင်များအား သက်ဆိုင်ရာ တာဝန်ရှိသူများက အဆင်ပြေအောင် ဆောင်ရွက်ပေးရန် ပြည်သူများက ဆန္ဒရှိကြသည်။

**ခွန်(ဝင်းပ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၄-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၇၅/၇၀၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၃၀/၇၄၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၉၀/၇၁၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၁ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၂ ·၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၂ ·၈၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၀၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁ |
| တရုတ် | တစ်ယွမ် | ၁၉၉ ·၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ ·၅၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဖော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကနေဒါနှင့် ဆွီဒင်နိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျက်စတင် ထရူးဒိုး၊ ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ အော်ရိဘန်အာလင်းနှင့် ဝန်ကြီးချုပ် မစ္စတာ စတီဖန်လိုဗန်တို့၏ ဖိတ်ကြားချက်များအရ ကနေဒါနှင့် ဆွီဒင်နိုင်ငံများသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနှင့် ဆွီဒင်နိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး H.E. Mrs. Karen Mac Arthur ၊ ဆွီဒင်နိုင်ငံသံရုံးမှ ကောင်စစ်ဝန် Ms. Ann Constance Stodberg နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### သဘောတူညီမှုရယူ

ချစ်ကြည်ရေး ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဇွန် ၆ ရက်တွင် ကနေဒါနိုင်ငံ အော်တာဝါမြို့၌ ကျင်းပသည့် ဖက်ဒရယ်နိုင်ငံများဖိုရမ်ကို တက်ရောက်ခဲ့ပြီး ကနေဒါနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်ရေးတွင် ရင်ဆိုင်တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို လေ့လာခြင်း၊ ဇွန် ၇ ရက်တွင် ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျက်စတင်ထရူးဒိုးနှင့် တွေ့ဆုံခဲ့ပြီး မြန်မာ-ကနေဒါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကောင်းမွန်သည့် စီမံအုပ်ချုပ်ရေး၊ အမျိုးသမီးများနှင့် လူငယ်များ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကဏ္ဍအတွက် ခေတ်မီနည်းပညာများ ကူညီပံ့ပိုးရေး၊ မြန်မာနိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အသွင်ကူးပြောင်းရေးကာလ၌ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် နည်းလမ်းများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည့်အပြင် ကနေဒါနိုင်ငံမှ မြန်မာနိုင်ငံသို့ တည်ငြိမ်မှုမြှင့်ရေးနှင့် လူသားချင်းစာနာထောက်ထားရေးအတွက် ကူညီပံ့ပိုးပေးမည့် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်းပေးအပ်မည့် အစီအစဉ်ကိုလည်း သဘောတူညီမှု ရယူနိုင်ခဲ့သည်။

### အလေးထားဆွေးနွေး

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဇွန် ၁၂ ရက်တွင် Olof Palme International Prize 2005 ဆုလက်ခံယူခြင်း၊ ဆွီဒင်ဝန်ကြီးချုပ် မစ္စတာ စတီဖန်လိုဗန်နှင့် တွေ့ဆုံ၍ အသွင်ကူးပြောင်းဆဲကာလတွင် မြန်မာနိုင်ငံ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ဆွီဒင်နိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးပေးရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆွီဒင်နိုင်ငံမှ ချမှတ်အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင် အသစ်အောက်တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြှင့်နည်းပညာများ ဖလှယ်ရေးနှင့် ဈေးကွက်ဖန်တီးပေးရေး၊ ကုန်သွယ်ရေး၊ ပညာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့် သွေးကြောရောဂါခွဲစိတ်ကုဌာန၌ ဆေးဝါးကုသမှုခံယူနေသော ဝေဒနာရှင်များအား အားပေးစကားပြောကြားစဉ်

◆ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့် သွေးကြောရောဂါခွဲစိတ်ကုဌာန၌ ဆေးဝါးကုသမှုခံယူနေကြသည့် ဝေဒနာရှင် ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် နာယက ဦးတင်ဦးသည် လက်ရှိကာလတွင် ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာမှုများရှိ၍ ယခု ဇွန်လကုန်ခန့်တွင် ဆေးရုံမှ ပြန်လည်ဆင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ ပုံမှန်အတိုင်း ပြောဆိုလှုပ်ရှားနိုင်ရေးအတွက်မူ နေအိမ်၌ အချိန်အတိုင်းအတာတစ်ခုအထိ လေ့ကျင့်ခန်းများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် နာယက ဦးတင်ဦးသည် ဦးနှောက်သွေးကြောပိတ်ပြီး ကိုယ်တစ်ခြမ်းလေဖြတ် ရောဂါခံစားရသဖြင့် မေ ၁၈ ရက်မှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသနေခြင်းဖြစ်ရာ ၎င်း၏ ကျန်းမာရေး အခြေအနေနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ဇွန် ၆ ရက်တွင် လည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၃ ရက်တွင် လည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယနေ့ နံနက်ပိုင်းတွင် ဒုတိယအကြိမ်ထပ်မံသွားရောက် ကြည့်ရှုအားပေးခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇွန် ၁၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် /မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့်နှင့် မုတ္တမကွေ့နှင့် မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**(မိုး/ဇလ)**

❒ *ရှေ့ဖုံးမှ*

အဲ့ဒါကို ရေမကျော်အောင် လောလောဆယ်လုပ်နေတယ်။ ဒီမှာရှိတဲ့ ကားလေးတွေပေးလွှတ်တယ်။ ကားကြီးတွေတော့ ခဏထားတယ်။ ရေမကျော်အောင် လုပ်ပြီးသွားရင် ပဲ့တဲ့နေရာကို မြေပြန်ဖို့မယ်။ ရေကျော်ဆင်းနေတဲ့အတွက် အခုမြေဖို့လို့ မရသေးဘူး။ ရေတားတွေလုပ်နေတယ်။ မြေဖို့မယ်။ ပြီးရင် ကားကြီးတွေပေးလွှတ်မယ်”ဟု ပြောသည်။

ရခိုင်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇွန် ၁၂ ရက်မှ စတင်ကာ စစ်တွေ-ရန်ကုန်သွား ကားလမ်းမတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ အမ်းမြို့နှင့် ကဇူးကိုင်းရွာကြား၌ နေရာ ၁၂ နေရာခန့် ကားလမ်းရေကျော်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စစ်တွေ-ရန်ကုန်သွားကားလမ်း ပြုပြင်နေမှုကို တွေ့ရစဉ်



# မြန်မာ-ကနေဒါဆက်ဆံရေးတိုးမြှင့်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလစိန်ခေါ်မှုများကျော်လွှားနိုင်ရန် ဆက်လက်ကူညီရေးဆွေးနွေး မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အတွက် ဆွီဒင်နိုင်ငံမှ ကူညီပံ့ပိုးပေးရေးဆွေးနွေးခဲ့

**သတင်းထုတ်ပြန်ချက်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကနေဒါနိုင်ငံနှင့် ဆွီဒင်နိုင်ငံသို့ တရားဝင်ခရီးစဉ်ပြီးဆုံး၍ ပြန်လည်ရောက်ရှိခြင်း**

၁။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၅-၆-၂၀၁၇ ရက်နေ့မှ ၁၃-၆-၂၀၁၇ ရက်နေ့အထိ ကနေဒါနိုင်ငံနှင့် ဆွီဒင်နိုင်ငံများသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပြီးနောက် ၁၄-၆-၂၀၁၇ ရက်နေ့ နံနက် (၀၈၅၀)နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

**ကနေဒါနိုင်ငံခရီးစဉ်**

၂။ ကနေဒါနိုင်ငံ၊ အော်တာဝါမြို့သို့ရောက်ရှိစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၇-၆-၂၀၁၇ ရက်နေ့တွင် ကနေဒါနိုင်ငံ၊ ဝန်ကြီးချုပ် Rt. Hon. Justin Trudeau နှင့် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကနေဒါအောက်လွှတ်တော် ဥက္ကဋ္ဌ Mr. Geoff Regan ၊ အထက်လွှတ်တော်ဥက္ကဋ္ဌ Mr. George J. Furey တို့နှင့်လည်း သီးခြားစီတွေ့ဆုံခဲ့သည့်အပြင် ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး Ms. Chrystia Freeland မှ လွှတ်တော်အဆောက်အအုံ၌ တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၃။ အဆိုပါတွေ့ဆုံပွဲများတွင် ကနေဒါဘက်မှ မြန်မာ့တပ်မတော် လေယာဉ်ပျံ မတော်တဆဖြစ်ပွားမှုကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုများအတွက် များစွာဝမ်းနည်းမိပါကြောင်း ပြောကြားခဲ့ပြီး မြန်မာ-ကနေဒါ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေး၊ ကနေဒါနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် ဖက်ဒရယ်စနစ် အတွေ့အကြုံများမျှဝေရေး၊ မြန်မာနိုင်ငံ၏အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကာလ၌ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ကနေဒါနိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးသွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများ ကူညီပံ့ပိုးရေး၊ ကောင်းမွန်သည့် စီမံအုပ်ချုပ်ရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်များ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးကိစ္စရပ်များကို နှစ်ဖက်ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြပါသည်။ နှစ်နိုင်ငံဆွေးနွေးပွဲအပြီးတွင် ကနေဒါဝန်ကြီးချုပ်မှ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှု မြှင့်တင်ရေးနှင့် လူသားချင်းစာနာထောက်ထားရေးအတွက် ကူညီပံ့ပိုးသွားရန် ကနေဒါ ဒေါ်လာ ( ၈ .၈) သန်း ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

၄။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၈-၆-၂၀၁၇ ရက်နေ့တွင် ကနေဒါနိုင်ငံ၊ ဘုရင်ခံချုပ် Rt. Hon. David Johnston အား သွားရောက်တွေ့ဆုံခဲ့ပြီး ဖက်ဒရယ်ဒီမိုကရေစီစနစ် ထူထောင်ရေးအတွေ့အကြုံများ၊ ပညာရေး၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ရှေးဟောင်းအဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကနေဒါ-မြန်မာ လွှတ်တော်ချစ်ကြည်ရေးကော်မတီ ဥက္ကဋ္ဌ၊ ကနေဒါအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Bruce Stanton အား Fairmont Chateau Laurier ဟိုတယ်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ယင်းသို့ လက်ခံတွေ့ဆုံရာတွင် လွှတ်တော်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေးနှင့် မြန်မာအစိုးရမှ အကောင်အထည်ဖော်လျက်ရှိသည့် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ လုပ်ငန်းစဉ်များတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများကျော်လွှားနိုင်ရန်အတွက် ကနေဒါ-မြန်မာ လွှတ်တော်ချစ်ကြည်ရေးကော်မတီအနေဖြင့် ကူညီပံ့ပိုးပေးသွားနိုင်မည့်ကိစ္စရပ်များကို အလေးပေးဆွေးနွေးခဲ့ပါသည်။

၅။ အော်တာဝါမြို့သို့ ရောက်ရှိနေစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖက်ဒရယ်နိုင်ငံများဖိုရမ် (Forum of Federations) အစီအစဉ်ဖြင့် ကနေဒါနိုင်ငံ ဖက်ဒရယ်စနစ်အား လေ့လာရန်ရောက်ရှိနေသည့် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော လေ့လာရေးအဖွဲ့နှင့်အတူ ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ်တွင် တရားရေးမဏ္ဍိုင်၏အခန်းကဏ္ဍ၊ အစိုးရအဖွဲ့အစည်းများအကြား ဆက်ဆံရေးမှတစ်ဆင့် ဖက်ဒရယ်စနစ်၊လူမှုရေးဆိုင်ရာမူဝါဒများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် အကျိုးသက်ရောက်မှုများ၊ ဘဏ္ဍာရေးနှင့် ဘဏ္ဍာငွေကြေးညီမျှမှုရှိရေးဆိုင်ရာ အစီအမံများ၊ တပ်မတော်၏ အခန်းကဏ္ဍ၊ တပ်ဘက်-အရပ်ဘက်ဆက်ဆံရေးနှင့် ကနေဒါရဲတပ်ဖွဲ့၏ အခန်းကဏ္ဍများ ခေါင်းစဉ်များဖြင့် ကျင်းပသော ဆွေးနွေးပွဲငါးခုသို့လည်း ပါဝင်တက်ရောက်ခဲ့ပါသည်။

၆။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၇-၆-၂၀၁၇ ရက်နေ့တွင် အော်တာဝါမြို့ Fairmont Chateau Laurier ဟိုတယ်၌ ယင်းမြို့တော်ပတ်ဝန်းကျင်၌ နေထိုင်သည့် မြန်မာအသိုက်အဝန်းနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ပါသည်။

၇။ တိုရန်တိုမြို့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၈-၆-၂၀၁၇ ရက်နေ့တွင် အွန်တိုရီယိုပြည်နယ်၊ ဝန်ကြီးချုပ် Hon. Kathleen Wynne နှင့် လည်းကောင်း၊ ၉-၆-၂၀၁၇ ရက်နေ့တွင် အွန်တိုရီယိုပြည်နယ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး Hon. Elizabeth Dowdeswell နှင့်လည်းကောင်း အသီးသီးတွေ့ဆုံခဲ့ပါသည်။ ယင်းတွေ့ဆုံပွဲများတွင် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ တိုရန်တိုမြို့၌ လူမျိုးစုများအကြား သဟဇာတမျှတစွာ အတူယှဉ်တွဲနေထိုင်မှုအခြေအနေ၊ ကနေဒါနိုင်ငံ၏ ဖက်ဒရယ် စနစ်အတွေ့အကြုံ၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်သွားရန် ရည်ရွယ်ချက်ဖြင့် နှစ်နိုင်ငံအကြား ကျောင်းသား/သူများ၊ ဆရာ/ဆရာမများ အပြန်အလှန်စေလွှတ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

၈။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၉-၆-၂၀၁၇ ရက်နေ့တွင် တိုရန်တိုမြို့ မြို့တော်ခန်းမ၌ တိုရန်တိုမြို့ မြို့တော်ဝန် Mr. John Tory နှင့် တွေ့ဆုံခဲ့ပြီး ကနေဒါရောက် မြန်မာအသိုက်အဝန်းနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်မိန့်ခွန်းပြောကြားပြီး မေးမြန်းချက်များကို ဖြေကြားခဲ့ပါသည်။

**ဆွီဒင်နိုင်ငံခရီးစဉ်**

၉။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိုရန်တိုမြို့မှ ၁၀-၆-၂၀၁၇ ရက်နေ့တွင် လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့သို့ ၁၁-၆-၂၀၁၇ ရက်နေ့တွင် ဆိုက်ရောက်ခဲ့ပါသည်။ ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့သို့ ရောက်ရှိစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၁၂-၆-၂၀၁၇ ရက်နေ့တွင် ဝန်ကြီးချုပ်ရုံး၌ ဆွီဒင်နိုင်ငံ၊ ဝန်ကြီးချုပ် H.E. Mr. Stefan Lofven နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။ ယင်းသို့တွေ့ဆုံရာတွင် မြန်မာ-ဆွီဒင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အတွက် ဆွီဒင်နိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးပေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆွီဒင်နိုင်ငံမှချမှတ် အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ၊ စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများဖလှယ်ရေးနှင့် ဈေးကွက်ဖန်တီးပေးရေး၊ ကုန်သွယ်ရေး၊ ပညာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အလေးပေးဆွေးနွေးခဲ့ပါသည်။

၁၀။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၁၂-၆-၂၀၁၇ ရက်နေ့တွင် ဆွီဒင်နိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် ရာသီဥတုနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mrs. Isabella Lovin နှင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး H.E.Mrs. Margot Wallstrom နှင့်လည်းကောင်း၊ ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီး H.E. Mrs. Ann Linde နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ပါသည်။ တွေ့ဆုံပွဲများတွင် ဆွီဒင်နိုင်ငံမှ ချမှတ်အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ် တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းမီဒီယာ ပိုမိုလွတ်လပ်မှုရှိရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ အလုပ်သမားအခွင့်အရေး အကာအကွယ်ပေးရေး၊ အလုပ်ရှင်-အလုပ်သမားဆက်ဆံရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်ရရှိရေးနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေးကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်ကုန်သွယ်ရေး ဒုတိယဝန်ကြီး Mr. Oscar Stenstrom ၊ ဆွီဒင်စီးပွားရေး ကုမ္ပဏီ များဖြစ်သည့် H&M ၊ Ericsson ၊ Scania တို့မှ ကိုယ်စားလှယ်တို့နှင့်လည်း စုပေါင်းတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကိစ္စများ ကို ဆွေးနွေးခဲ့ပါသည်။

၁၁။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Margot Wallstrom မှ ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၌ တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲသို့လည်း တက်ရောက်ခဲ့ပါသည်။

၁၂။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၁၂-၆-၂၀၁၇ ရက်နေ့တွင် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် Olof Palme International Prize 2005 ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ ယင်းအခမ်းအနားတွင် ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီး H.E. Mrs. Ann Linde မှ အဖွင့်မိန့်ခွန်းပြောကြားပြီး၊ အိုးလော့ပန်း အထိမ်းအမှတ်ရန်ပုံငွေအဖွဲ့၊ ဥက္ကဋ္ဌ Mr. Pierre Schori က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဆုချီးမြှင့်အပ်နှင်းခဲ့ရသည့်အကြောင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားကာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား အိုးလော့ပန်း နိုင်ငံတကာဆုတံဆိပ် (၂၀၀၅)ကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။ အဆိုပါ အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီး H.E. Mrs. Ann Linde မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်အနေဖြင့် ရဲရင့်ခိုင်မာသောစိတ်ဓာတ်ဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားလူမျိုးစုများစည်းလုံးညီညွတ်ရေးတို့အတွက် ငြိမ်းချမ်းစွာ ကြိုးပမ်းအားထုတ်ခဲ့မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၀၅ ခုနှစ်က ချီးမြှင့်ခဲ့သည့် Olof Palme ဆုကို ကိုယ်တိုင်လက်ခံရယူခဲ့ခြင်းဖြစ်ပါသည်။ အလားတူ ဆုချီးမြှင့်ခြင်းခံခဲ့ရသူများတွင် ချက်နိုင်ငံ သမ္မတဟောင်း မစ္စတာ ဗားလ်ကလက် ဟာဗဲလ်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဟာဗီရာ ပဲရက်စ် ဒီ ကွေလီယားနှင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တို့လည်းပါဝင်ကြောင်း သိရှိရပါသည်။

၁၃။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၁၂-၆-၂၀၁၇ ရက်နေ့တွင် စတော့ဟုမ်းမြို့ Grand ဟိုတယ်၊ စတော့ဟုမ်းခန်းမ၌ ဆွီဒင်နိုင်ငံရောက် မြန်မာအသိုက်အဝန်းနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်မိန့်ခွန်းပြောကြားပြီး မေးမြန်းချက်များကို ဖြေကြားခဲ့ပါသည်။

၁၄။ ၁၃-၆-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်လွှတ်တော်အဆောက်အအုံ၌ ဆွီဒင်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Urban Ahlin နှင့် တွေ့ဆုံခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌ၏ အထူးဧည့်သည်တော်အဖြစ် ဆွီဒင်လွှတ်တော်၌ မြန်မာနိုင်ငံ၌ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပါသည်။ ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် ဆွီဒင်လွှတ်တော် ဥက္ကဋ္ဌ၊ ဆွီဒင်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ၊ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့ပါဝင်သည့်အဖွဲ့မှ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပြီး ဆွီဒင်လွှတ်တော်အား လေ့လာကြည့်ရှုခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်လွှတ်တော် ဥက္ကဋ္ဌမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့လည်း တက်ရောက်ခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်**

## ပုဏ္ဏားကျွန်းမြို့နယ် စပါးထားကျေးရွာရှိ သွေးလွန်တုပ်ကွေးဖြစ်ပေါ်လျက်ရှိသော ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး




**အမ်း ဇွန် ၁၄**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် စပါးထားကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါဝေဒနာဖြစ်ပေါ်နေသည့်ဒေသခံ ပြည်သူများအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယနေ့တွင်သွားရောက်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အသက် ၁၃ နှစ်အောက် သွေးလွန်တုပ်ကွေးရောဂါ ၂၀၊တုပ်ကွေး(ရိုးရိုး)ရောဂါ ၃၀၊ဝမ်းပျက်ဝမ်းလျှောရောဂါ ၁၆ ဦး၊ သွေးတိုးနှင့် အထွေထွေရောဂါ ၈၄ ဦး စုစုပေါင်း ၁၅၀အား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဆေးဝါးကုသမှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ဆေးကုသရန် လိုအပ်သည့်လူနာများအား စစ်တွေမြို့အမှတ်(၁၇)တပ်မတော်ဆေးရုံခုတင် (၁၀၀) သို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျေးလက်ဒေသမီးလင်းရေးစီမံကိန်းနှင့် ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်) စီမံကိန်းတို့အတွက် လက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၁၄

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ်(KfW)တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ဒေသမီးလင်းရေးစီမံကိန်းနှင့် ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)စီမံကိန်းတို့အတွက် ငွေကြေးသဘောတူညီချက် စာချုပ်၊ချေးငွေ သဘောတူညီချက်စာချုပ်နှင့် သီးခြားသဘောတူညီချက်စာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)




အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့က အမှာစကားပြောကြားကြပြီး ဂျာမနီနိုင်ငံ federal Ministry for Economic Cooperation and Development(BMZ)မှ Parliamentary State Secretary Mr. Thomas Silberhorn၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW)မှ Director of East Asia and Pacific Dr. Christine Heimburger တို့က သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ်(KfW)မှ ဒါရိုက်တာ Dr. Christine Heimburger နှင့် Interim Country ဒါရိုက်တာ Mr.Lorenz Gessner တို့က ငွေကြေးသဘောတူညီချက်စာချုပ်ကို လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW)မှ ဒါရိုက်တာနှင့် Interim Country Director တို့က သီးခြားသဘောတူညီချက်စာချုပ်ကို လည်းကောင်း၊ ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းနှင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW)မှ ဒါရိုက်တာနှင့် Interim Country Directorတို့က ချေးငွေသဘောတူညီချက်စာချုပ်ကို လည်းကောင်း၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW)မှ ဒါရိုက်တာနှင့် Interim Country Director တို့က သီးခြားသဘောတူညီချက်စာချုပ်တို့ကို လည်းကောင်း လက်မှတ်ရေးထိုးကြသည်။

ကျေးလက်မီးလင်းရေးစီမံကိန်းကို ယူရိုကိုးသန်းဖြင့် ၂၀၁၇ မှ ၂၀၂၀ ခုနှစ်အထိ ရှမ်းပြည်နယ် တောင်ပိုင်းတွင် မဟာဓာတ်အားလိုင်း ပြင်ပတစ်အိမ်သုံးဆိုလာစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)စီမံကိန်းကို ယူရိုငါးသန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**အဖျောက်မြို့ရှိ ကျောက်စုပ်စက်လှေများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်** ဓာတ်ပုံ-ဖိုးထောင်

*✻ ကျောဖုံးမှ*

ကျူးလွန်တဲ့သူကို ကျူးလွန်သလို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အခုခေါ်ယူတွေ့ဆုံတာက အားလုံးကို အသိပေးတာပါ။ ကျွန်တော်တို့ကလည်း မြို့နယ်တွေကိုဆင်းပြီး အစည်းအဝေးတွေလုပ်ဖို့ ပြင်ဆင်ထားပါတယ်”ဟု ပြောသည်။

အဖျောက်မြို့အတွင်း ၁၀ မိုင်ခန့် ပါဝင်နေသည့် ဧရာဝတီမြစ်ကြောင်းသည် ရာသီဥတု၊ မြေယာအသုံးချမှုနှင့် လူတို့၏ ဖန်တီးမှုများကြောင့် ရေလမ်းကြောင်း ပြောင်းလဲလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်ကျော်မှူးက “ဧရာဝတီမြစ်ကြောင်းက Google Earth မှာရှိနေတဲ့ ၁၉၈၄ အထိ ပုံတွေကို နောက်ကြောင်းပြန်ကောက်လိုက်ရင် နဂိုရှိတဲ့ ရေလမ်းကြောင်းက အဖျောက်ဘက်မှာ မျှပြီး စီးတာပေါ့။ ရေကြောင်းက မျှပြီး စီးနေတော့ အကျိုးသက်ရောက်မှု သိပ်မရှိခဲ့ဘူး။ ဒါပေမယ့် နှစ်ကာလကြာလာတဲ့အခါကျတော့ ပယောဂမျိုးစုံ (ကျောက်သဲစုပ်တဲ့အပိုင်းလည်း)ပါမှာပေါ့။ ရေရဲ့သဘောကတော့ မြင့်ရာကနေ နိမ့်ရာကိုစီးမယ်။ အနိမ့်အမြင့်ကွာဟချက်များလာရင် အနိမ့်အမြင့်ကွာဟတဲ့ဘက်ကို ပိုစီးတော့ အနိမ့်အမြင့်ကို လူကနိမ့်အောင်၊ မြင့်အောင် ပိုဖန်တီးပေးလိုက်တော့ ပိုပြီးဆိုးရွားတဲ့အကျိုးသက်ရောက်မှုတွေ ဖြစ်တာပေါ့။

“ဧရာဝတီမြစ်ကြောင်းမှာက အဖျောက်မှာလိုမျိုး ၉၀ ဒီဂရီချိုးသွားတဲ့ ကွေ့ကအင်မတန်နည်းပါတယ်။ အဖျောက်မှာက အထက်ရော၊ အောက်မှာရော နှစ်နေရာစလုံး ၉၀ ဒီဂရီချိုးသွားတဲ့ ပုံစံမျိုးဖြစ်နေတော့ လုပ်ရကိုင်ရတာ အင်မတန်ခက်ခဲပါတယ်။ အတိမ်းအစောင်းမခံတဲ့နေရာလည်း ဖြစ်ပါတယ်”ဟု အဖျောက်မြို့တွင် ဧရာဝတီမြစ်ကြောင်းပြောင်းလဲလာသည့်ပုံစံကို ပြောသည်။

ကျောက်စရစ် စုပ်ယူမှုလုပ်ငန်း ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များသည် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနသို့ လုပ်ငန်းလိုင်စင်လျှောက်ထားရပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိုအပ်သည့် စစ်ဆေးတိုင်းတာမှုများ ပြုလုပ်၍ ခွင့်ပြုလိုင်စင်ပြန်လည်ချထားပေးခြင်းဖြစ်သည်။

ဦးအောင်ကျော်မှူးက “ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာတော့ ကျောက်စရစ်နဲ့ပတ်သက်ပြီး ပေးထားခြင်းမရှိပါဘူး။ အဖျောက်ဧရိယာသည် အင်မတန်မှ ထိခိုက်ခံလို့မရတာမို့ အဖျောက်ရဲ့အထက် ဧရာဝတီတိုင်းက ဇလွန်မှာရော၊ နေ့ဖြူမှာပါ ပေးထားခြင်းမရှိပါဘူး။ သဲလုပ်ကွက်ကတော့ ပေးထားပါတယ်။ လုပ်ငန်းခွင်လိုအပ်ချက်အရ နီးစပ်ရာသောင်တွေကို ပေးထားတာရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ၄၀ ကျော်လောက် ပေးထားပါတယ်။ ဌာနအနေနဲ့ တူးဖို့လိုအပ်တဲ့နေရာ၊ အကျိုးသက်ရောက်မှုမရှိတဲ့ နေရာတွေကို လုပ်ကိုင်ခွင့်ပြုထားပါတယ်”ဟု ပြောသည်။

အဖျောက်မြို့အတွင်းရှိ ကျေးရွာတွင် ဇွန် ၁၀ ရက် ညက ဒေသခံများသည် ကျောက်စုပ်လှေများအား တားဆီးခဲ့ပြီးနောက် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယခုကဲ့သို့ ခေါ်ယူသတိပေးခဲ့ခြင်းဖြစ်သည်။

တိုက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က “ကျွန်တော်တို့အနေနဲ့ ဝန်ကြီးချုပ်ပြောတဲ့အတိုင်း ခံဝန်လက်မှတ်ထိုးခိုင်းမယ်။ အသံချဲ့စက်တွေနဲ့ ကြေညာမယ်။ အခုကိစ္စက လှေတွေအသွားအလာကို သတိထားပြီး စောင့်ကြည့်ရမယ့် အနေအထားဖြစ်သွားပြီ။ ဝန်ကြီးချုပ်ကိုယ်တိုင်ပြောပြီဆိုတော့ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားမယ်။ ထိရောက်တဲ့အရေးယူမှုတွေ ဆောင်ရွက်ဖို့အတွက် ခေါ်ယူသတိပေးတာပဲလို့ ဝန်ကြီးချုပ်က ပြောတယ်”ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်များအတွက် အန္တရာယ်ရှိ၍ ယခုကဲ့သို့ ခေါ်ယူသတိပေးခြင်းဖြစ်ကြောင်း၊ အဖျောက်မြို့တွင် အခြေအနေဆိုးများ မဖြစ်ပေါ်လာစေရန် ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းမပြုပါက ဥပဒေအတိုင်း ထိထိရောက်ရောက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အများပြည်သူအကျိုးအတွက် အားလုံးပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် ကျောက်စုပ်စက်လှေလုပ်ငန်းရှင်များအစုအဖွဲ့မှ ယနေ့ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ချမှတ်ထားခဲ့သည့် စည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မည်ဟု ကတိပေးခဲ့ကြောင်း သိရသည်။

*✻ ကျောဖုံးမှ*

ကြားရှိ ကျေးရွာ ၁၀ ရွာတွင် စတင်ဆောင်ရွက်လျက်ရှိသည့်အပြင် ၎င်းကျေးရွာများရှိ ဒေသခံများကိုလည်း လင်းပိုင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

“ဒီလုပ်ငန်းတွေကို ငါးလုပ်ငန်းဦးစီးဌာနနဲ့ သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့ပူးပေါင်းပြီး ဇွန် ၉ ရက်ကနေ ၂၅ ရက်အထိ လုပ်ဆောင်သွားမှာပါ။ လင်းပိုင်ထိန်းသိမ်းရေးအတွက် ဧရိယာတိုးချဲ့ဖို့ လုပ်ငန်းမှာ အသိပညာပေးလုပ်ငန်းက အဓိကကျတဲ့အပြင် ဒေသခံရေလုပ်သားတွေကလည်း လင်းပိုင်သေဆုံးတာပဲဖြစ်ဖြစ်၊ သားပေါက်တာပဲဖြစ်ဖြစ် အနီးစပ်ဆုံး သက်ဆိုင်ရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနကို သတင်းပေးခြင်းဖြင့် ပူးပေါင်းလုပ်ဆောင်ဖို့ လိုအပ်ပါတယ်” ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစားလာရောက်လေ့လာကြည့်ရှုကြရသော လင်းပိုင်နှင့် တံငါအတူတကွ ငါးဖမ်းသည့်ဓလေ့ကို စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းနှင့် ကျောက်မြောင်းဒေသအတွင်းရှိ လင်းပိုင် အကောင် ၂၀ ဖြင့် လုပ်ဆောင်ပြသခြင်းဖြစ်ပြီး အဆိုပါဓလေ့ကိုကြည့်ရှုရန် အကောင်းဆုံးလမှာ နိုဝင်ဘာလမှ ဇန်နဝါရီလအတွင်း ဖြစ်သည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ လင်းပိုင်ထိန်းသိမ်းရေး ဧရိယာအတွင်းနှင့် ဧရိယာပြင်ပတို့တွင် စစ်တမ်းကောက်ယူမှုခရီးစဉ်အရ လင်းပိုင်ကောင်ရေ ၆၉ ကောင်တွေ့ရှိခဲ့သော်လည်း ဧပြီ ၂၈ ရက်က လင်းပိုင်ထိန်းသိမ်းရေးဧရိယာအတွင်း၌ လင်းပိုင်တစ်ကောင် သေဆုံးခဲ့သဖြင့် လက်ရှိတွင် လင်းပိုင်ကောင်ရေ ၆၈ ကောင်သာ ကျန်ရှိတော့ကြောင်း သိရသည်။


# ပျက်ကျသွားသော Y-8 လေယာဉ် ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်

**နေပြည်တော် ဇွန် ၁၄**

ပျက်ကျသွားခဲ့သည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်အား တပ်မတော် (ရေ)မှ စစ်ရေယာဉ်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ၊ မြေပြင်တပ်များနှင့် ဒေသခံပြည်သူများ၊ ငါးဖမ်းစက်လှေများ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီခွဲတွင် မောင်းမကန်-မရင်းကြီးကမ်းခြေတစ်လျှောက် ရှာဖွေကယ်ဆယ်ရေး လုပ်ဆောင်နေသည့် မြေပြင်တပ်များက မရင်းကြီးကျေးရွာအနီး၌ အမျိုးသားရုပ်အလောင်း တစ်လောင်း ရှာဖွေတွေ့ရှိခဲ့သဖြင့် ယခုအချိန်အထိ စုစုပေါင်း ရုပ်အလောင်း ၈၇ လောင်း ရှာဖွေတွေ့ရှိပြီးဖြစ်သည်။

ပင်လယ်ပြင်အတွင်း ယနေ့ ထပ်မံဆယ်ယူရရှိခဲ့သည့် ရုပ်အလောင်းအား ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပြီး လိုအပ်သည့် ဆေးဘက်ဆိုင်ရာစစ်ဆေးမှုများ၊ ကျန်ရစ်သူမိသားစုများက ကြည့်ရှုစစ်ဆေးမှုများ လုပ်ဆောင်ခဲ့သည်။ သက်ဆိုင်ရာမိသားစုများ ရောက်ရှိလာသော ရုပ်အလောင်း ၂၃ လောင်းကိုလည်း ယနေ့တွင် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာများ၊ တပ်မတော်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်းမွန်စွာ ထပ်မံသင်္ဂြိုဟ်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာညီလာခံ (၂၀၁၇) ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၁၄

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာညီလာခံ(၂၀၁၇) ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပခဲ့သည်။** (ယာပုံ)




ညီလာခံဒုတိယနေ့တွင် (၂၁) ရာစုအတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍများတွင် ဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်မြှင့်မားရေး၊ လုပ်ငန်းရှင်များ ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မှု၊ ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်ရာတွင် အစိုးရမှ ချမှတ်ရမည့် မူဝါဒ၊ နည်းဥပဒေများနှင့် စီမံအုပ်ချုပ်မှုများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာသင်တန်းသားများ မွေးထုတ်ခြင်း၊ စံသတ်မှတ်ချက်များ အဆင့်မီတိုးတက်အောင် ဆောင်ရွက်ခြင်း၊ စစ်ဆေးအကဲဖြတ်မှုများ တိုးတက်ရန်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကအခန်းကဏ္ဍပူးပေါင်းဆောင်ရွက်မှု အားကောင်းရေးဆိုင်ရာများ၊ သက်မွေးပညာကျောင်းများနှင့် ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကျွမ်းကျင်မှုတည်ဆောက်ရေး လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ ညီလာခံ(၂၀၁၇) Regional TVET Conference–2017 ကျင်းပပြီးစီးကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ ညီလာခံ(၂၀၁၇)နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို Economic Cooperation and Development, Germany State Secretary to the Federal Minister Mr. Thomas Silberhorn၊ Human and Social Development Division South East Asia Regional Department, Asian Development Bank, Director Ms. Ayako Inagaki၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်နှင့် SEAMEO, Director Dr. Gatot Hari Priowirjanto တို့က ဦးဆောင်ကျင်းပပြီး ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

# သက်မွေးဝမ်းကျောင်းပညာသင်ကြားပေးတဲ့ကျောင်းတွေ များများတိုးချဲ့ဖွင့်လှစ်နိုင်ဖို့ လိုအပ်တယ်

နေပြည်တော် ဇွန် ၁၄

**အာဆီယံဒေသတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာညီလာခံကို နေပြည်တော်၌ ဇွန် ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ရာ ကမ္ဘာ့နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ အဆိုပါညီလာခံသို့ တက်ရောက်လာသူအချို့အား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။**



ဒေါက်တာ
နေမျိုးထွန်း
ဒုတိယ
ညွှန်ကြားရေးမှူးချုပ်
နည်းပညာ၊
သက်မွေးပညာနှင့်
လေ့ကျင့်ရေး
ဦးစီးဌာန



ဒေါက်တာ
သက်သက်ခိုင်
လွှတ်တော်
ကိုယ်စားလှယ်

**ဒေါက်တာနေမျိုးထွန်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

ဒီနေ့ကျင်းပတဲ့ ညီလာခံဟာ နည်းပညာကဏ္ဍ၊ သက်မွေးပညာကဏ္ဍတွေနဲ့ပတ်သက်ပြီး နိုင်ငံတကာမှာ ကြုံတွေ့နေရတဲ့အခက်အခဲတွေနဲ့ ဖြတ်ကျော်လာခဲ့ရတဲ့ အတွေ့အကြုံတွေကို မျှဝေကြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာလည်း အာဆီယံဒေသအတွင်းမှာပါဝင်တဲ့အတွက် ဒေသတွင်းနိုင်ငံအချင်းချင်း နည်းပညာ၊ သက်မွေးပညာတွေနဲ့ပတ်သက်လို့ အကောင်အထည်ဖော်ဆောင်ရွက်နေတာတွေကို အပြန်အလှန်မျှဝေနေခြင်းလည်း ဖြစ်ပါတယ်။

ဒီဖိုရမ်မှာ အဓိကအားဖြင့် ဒစ်ဂျစ်တယ်ခေတ်ရဲ့လုပ်သားဈေးကွက်လိုအပ်လာမှုအခြေအနေတွေ၊ နည်းပညာ၊ သက်မွေးပညာနဲ့ လေ့ကျင့်ရေးကဏ္ဍမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ပါဝင်ဆောင်ရွက်ခြင်းရဲ့အရေးပါမှုအခြေအနေတွေနဲ့ (၂၁) ရာစုမှာရှိတဲ့ နည်းပညာ၊ သက်မွေးပညာနဲ့ လေ့ကျင့်ရေးကဏ္ဍတွေမှာ ဆောင်ရွက်နေတဲ့သူတွေရဲ့ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အခြေအနေတွေကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

ဒီဖိုရမ်ကနေ အာဆီယံနိုင်ငံတွေက နည်းပညာ၊ သက်မွေးပညာနဲ့လေ့ကျင့်ရေးကဏ္ဍတွေမှာရှိတဲ့ အဆင့်မြင့်အရာရှိတွေရဲ့ အတွေ့အကြုံတွေ၊ အသိအမြင်တွေကို အပြန်အလှန်ဖလှယ်နိုင်ကြမှာဖြစ်ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မယ့် ကွန်ရက်တွေလည်း ပိုမိုခိုင်မာလာမယ်။ နောက်ထပ်ပြောရရင် နည်းပညာ၊ သက်မွေးပညာနဲ့ လေ့ကျင့်ရေးဆိုင်ရာသင်တန်းတွေသင်ကြားပို့ချတဲ့နေရာမှာ အပြန်အလှန်အချိတ်အဆက်မိမိဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။ တစ်ဆက်တစ်စပ်တည်းပြောရရင် ညီလာခံရဲ့ဆွေးနွေးချက်တွေနဲ့ အတွေ့အကြုံတွေအပေါ်အခြေခံပြီး နည်းပညာ၊ သက်မွေးပညာနဲ့ လေ့ကျင့်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးမြှင့်တင်ဆောင်ရွက်ရာမှာ များစွာအထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

ဒီလိုဖိုရမ်တွေများများ ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတစ်ဝန်းမှာရှိတဲ့ ပြည်သူတွေအတွက် နည်းပညာ၊ သက်မွေးပညာ၊ လေ့ကျင့်ရေးနဲ့ပတ်သက်တဲ့ ဗဟုသုတတွေများစွာ ရရှိမှာဖြစ်ပါတယ်။ သက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးတဲ့ကျောင်းတွေများများ တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ လိုအပ်တယ်ဆိုတဲ့ အသိပညာတွေ ရရှိလာမယ်။ ပုဂ္ဂလိကကဏ္ဍရဲ့ ပါဝင်ကူညီဆောင်ရွက်မှုတွေလည်း များလာမယ်။ နည်းပညာ၊ သက်မွေးပညာ၊ လေ့ကျင့်ရေးနဲ့ပတ်သက်လို့ ပြည်သူလူထုအနေနဲ့ ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။

နည်းပညာနဲ့ သက်မွေးပညာအပါအဝင် လေ့ကျင့်ရေးကဏ္ဍတွေနဲ့ ပတ်သက်လို့ ပြည်သူတွေရဲ့ယုံကြည်မှုကို ပြောရရင် ကျွန်တော်တို့ဦးစီးဌာနရဲ့ အထက်တန်းကျောင်းတွေနဲ့ GTI ကျောင်းတွေမှာ လာရောက်လျှောက်ထားမှုတွေကို ကြည့်ရင်သိနိုင်ပါတယ်။ ကျောင်းလက်ခံနိုင်တဲ့ အတိုင်းအတာတွေထက် ကျော်လွန်တဲ့လျှောက်ထားမှုတွေ ရှိနေတယ်ဆိုတာဟာ ကျွန်တော်တို့အခုဖော်ဆောင်နေတဲ့ နည်းပညာနဲ့ သက်မွေးပညာအပေါ် ပြည်သူတွေရဲ့ယုံကြည်မှု ဘယ်လောက်များပြားနေတယ်ဆိုတာကို သိနိုင်ပါတယ်။

**ဒေါက်တာသက်သက်ခိုင်**
**လွှတ်တော်ကိုယ်စားလှယ်**

သက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှုတွေ နိုင်ငံအတွင်းမှာ ထွန်းကားဖို့အတွက် အစိုးရ၊ ပုဂ္ဂလိကနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်နေကြတာလည်း ဖြစ်ပါတယ်။ အခုဒီညီလာခံကို အာဆီယံဒေသတွင်းနိုင်ငံတွေအပြင် ဥရောပနိုင်ငံတွေလည်း တက်ရောက်တာကို တွေ့ရမှ ဖြစ်ပါတယ်။

အလုပ်ရှင်အနေနဲ့ ကျွမ်းကျင်တဲ့ဝန်ထမ်းတွေကို အလိုရှိတယ်။ ဝန်ထမ်းတွေကလည်း အလုပ်နဲ့ပတ်သက်လို့ ကျွမ်းကျင်ချင်ကြမှာဖြစ်တယ်။ ဒီလို ကျွမ်းကျင်မှုတွေရှိရင် အလုပ်အကိုင်ရှာဖွေရတာလွယ်ကူမှာဖြစ်ပါတယ်။ ဒါတွေက နှစ်ဦးနှစ်ဖက်လိုလားချက်တွေဖြစ်ပါတယ်။ ကျွမ်းကျင်လုပ်သားတွေနဲ့ လုပ်ကိုင်ဆောင်ရွက်ရင် တိုင်းပြည်ရဲ့စီးပွားရေးပိုမိုတိုးတက်အောင်မြင်လာမယ်၊ အစိုးရအနေနဲ့လည်း ဒါကိုလိုလားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အလုပ်ရှင်၊ အလုပ်သမားနဲ့ အစိုးရသုံးဦး သုံးဖလှယ်စလုံး ပူးပေါင်းဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ နည်းပညာ၊ သက်မွေးပညာနဲ့လေ့ကျင့်ရေးကဏ္ဍတွေမှာ တခြားနိုင်ငံတွေ ဘယ်လိုအကောင်အထည်ဖော်ဆောင်ရွက်နေတယ်ဆိုတာ လေ့လာနေတယ်။ သင်ကြားနေတာလည်းဖြစ်တယ်။ ကျွန်မတို့နိုင်ငံရဲ့ရေ၊ မြေနဲ့ လိုက်ဖက်တဲ့အစီအစဉ်တစ်ခု ချမှတ်ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းမှာ နည်းပညာ၊ သက်မွေးပညာနဲ့ လေ့ကျင့်ရေးကဏ္ဍအပါအဝင်ဖြစ်ပါတယ်။ ဒီနေ့ဒီဖိုရမ်ကျင်းပတာဟာ ကျွန်မတို့တိုင်းပြည်နဲ့အချိန်ကိုက်ဖြစ်တယ်လို့ ပြောချင်ပါတယ်။ **မီမီဇင်**

# ကလေးငယ်များအတွက် အဆင့်မြင့် ကျောင်းပြင်ပပညာရေးနှင့် သက်မွေးဝမ်းကျောင်း သင်တန်းဆင်း

**သတင်း - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး**

**ရန်ကုန် ဇွန် ၁၄**

တယ်လီနောမြန်မာလီမိတက် (“တယ်လီနော”) အမှတ်တံဆိပ် လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသောကလေးများအတွက် အဓိကဖွင့်လှစ်ပေးထားသည့် ကျောင်းပြင်ပပညာရေးသင်တန်း၏ သင်တန်းဆင်းပွဲကို တယ်လီနောနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည့် မြန်မာရွှေလျားပညာသင်ကြားရေးစီမံကိန်း (MyME) တို့ ပူးပေါင်း၍ ဇွန် ၁၃ ရက်က ကျင်းပသည်။ **(ယာပုံ)**




ယင်းသင်တန်းဆင်းပွဲ အခမ်းအနားကို နှစ်စဉ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် “ကမ္ဘာ့ကလေးလုပ်သား ပပျောက်ရေးနေ့” အထိမ်းအမှတ်အဖြစ်လည်း ကျင်းပခြင်းဖြစ်ပြီး ယင်းနေ့ကို ကလေးလုပ်သားများအား ပုံစံအမျိုးမျိုးဖြင့် ခိုင်းစေမှု ပပျောက်စေရေး ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်အဖြစ် လုပ်ဆောင်လာကြစေရန်ရည်ရွယ်ပြီး နိုင်ငံတကာတွင် နှစ်စဉ်ကျင်းပနေကြခြင်း ဖြစ်သည်။

ကျောင်းပြင်ပ ပညာရေးအဆင့် (၃) သင်တန်းများကို တက်ရောက်ခဲ့သည့် ကလေးငယ် ၃၀ အနက် ၁၆ ဦး ပြီးမြောက်အောင်မြင်ခဲ့ပြီး သင်တန်းဆင်းပွဲတွင် ၎င်းတို့အား သင်တန်းပြီးမြောက်အောင်မြင်ကြောင်း အသိအမှတ်ပြုလက်မှတ်များကို ချီးမြှင့်ခဲ့သည်။ ကျောင်းပြင်ပပညာရေး အဆင့်(၃) သင်တန်းများကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလက MyME က စတင်ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းတတ်ရောက်သည့် ကလေးများ ၎င်းတို့၏ အနာဂတ်အလုပ်ခွင်အတွင်းတိုးတက်မှုရှိစေရန် အထောက်အကူအဖြစ် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာတတ်မြောက်ရေး သင်ခန်းစာများ၊ ပြည်သူ့ကျင့်ဝတ်ဆိုင်ရာများ၊ အင်္ဂလိပ်စကားပြော သင်တန်းများနှင့် သက်မွေးဝမ်းကျောင်း ပညာရေးတို့ကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် MyME ၏ သက်မွေးဝမ်းကျောင်း သင်တန်းကို ပြီးမြောက်အောင်မြင်ခဲ့သော ကလေးငယ် ၃၀ ကိုလည်း သင်တန်းအောင်မြင်မှု အသိအမှတ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့သည်။ သက်မွေးဝမ်းကျောင်းသင်တန်းအဖြစ် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာနှင့် အပ်ချုပ်နှင့်အလှအပဒီဇိုင်းတီထွင်မှုဆိုင်ရာ သင်တန်းများကို MyME နှင့် လက်တွဲလုပ်ငန်းဆောင်ရွက်သည့်အဖွဲ့များက သင်ကြားပေးခဲ့ကြသည်။

“လက်ဖက်ရည်ဆိုင်တွေမှာ အလုပ်လုပ်နေတဲ့ ကလေးငယ်တွေအတွက် အနာဂတ်လုပ်ဖို့နဲ့ မညီမျှမှုတွေ လျှော့နည်းစေဖို့ ကူညီဆောင်ရွက်ပေးနေတဲ့ MyME ရဲ့ အခုလိုဆောင်ရွက်ချက်တွေကို အားရကျေနပ်မိပါတယ်။ ကလေးငယ်တွေရဲ့လူနေမှုအဆင့်အတန်းမြင့်မားလာစေဖို့နဲ့ လူမှုအသိုင်းအဝိုင်းနဲ့ နိုင်ငံ့စီးပွားရေးကို အပြုသဘောအကျိုးပြုစေဖို့အတွက် ကလေးတွေရဲ့ အရည်အသွေးတွေ ပိုမိုတောက်ပြောင်လာအောင် ဆက်လက်ဆောင်ရွက်ပေးနေမယ်လို့လည်း မျှော်လင့်ယုံကြည်ထားပါတယ်”ဟု တယ်လီနောမြန်မာ၏ ရေရှည်တည်တံ့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍ တာဝန်ခံ ဦးမင်းသူက ပြောကြားသည်။

MyME ၏ ရွှေ့လျားစာသင်ခန်းသည် လက်ရှိအစီအစဉ်တွင် တက်ရောက်သင်ကြားသည့် ကလေးငယ်များအတွက်

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ်ခန့်အပ်ရန် အဆိုပြုတင်ပြသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ်ခန့်အပ်ရန် အဆိုပြုတင်ပြသူများအား လွှတ်တော်ကသဘောတူ

**နေပြည်တော် ဇွန် ၁၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**သဘောတူကြောင်း ကြေညာ**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် အဆိုပြုတင်ပြသော ဦးမြဟန်၊ ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် အဆိုပြုတင်ပြသော ဦးမြင့်နိုင်၊ ဦးသန်းဌေးတို့အား လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပေးပို့ထားသော မွန်ပြည်နယ်စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို အဖွဲ့ဝင်ဦးဇော်ဝင်းက ဖတ်ကြားတင်ပြသည်။ ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ကျင်းပရန် လျာထား**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဇွန် ၂၀ ရက်တွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

**မျိုးမြင့်**

**အေးအေးသန့်(သတင်းစဉ်)**



# ပျော်ဘွယ်မြို့နယ်ရှိ ဝါစိုက်ကွင်းမြေ ၁၀၂ ဒသမ ၆၄ ဧကကို လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သို့ ပြန်လည်အပ်နှံမည်

**နေပြည်တော် ဇွန် ၁၄**

အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်) ကြီးကြပ်မှုအောက်ရှိ ဝါစိုက်ကွင်းမြေ ၃၂၅ ဒသမ ၇၉ ဧကအနက် ၁၀၂ ဒသမ ၆၄ ဧကကို ပျော်ဘွယ်မြို့ မြို့ပြအင်္ဂါရပ်နှင့်အညီ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်အပ်နှံသွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ယနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြောကြားသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ **ပျော်ဘွယ်မြို့နယ်တွင် မြို့နေလူထုတိုးပွားလာမှု၊ ဝန်ထမ်းအိမ်ရာ မလုံလောက်မှု၊ ကျူးကျော်အိမ်ထောင်စုများ များပြားလာမှုတို့ကြောင့် မြန်မာ့အထည်လိပ်လုပ်ငန်း စက်မှုကုန်ကြမ်းစီမံဌာနပိုင်မြေမှ အသုံးမပြုတော့သည့် မြေအား မြို့မြေအဖြစ် လွှဲပြောင်းသတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

**မြို့ပြအင်္ဂါရပ်နှင့်အညီ**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အမှတ်(၈) အထည်စက်ရုံ (ပျော်ဘွယ်) ကြီးကြပ်မှုအောက်ရှိ ပျော်ဘွယ်ဝါစိုက်ကွင်း မြေဧရိယာ စုစုပေါင်းမှာ ၃၂၈ ဒသမ ၇၉ ဧကကျယ်ဝန်းပါကြောင်း၊ ယခုအခါ ဝါစိုက်ပျိုးမှုမရှိသော ကွင်းအမှတ်(၁၈၈)/ဘူတာရုံကွင်းမြေ ၃၅ ဒသမ ၈၆ ဧကနှင့် ကွင်းအမှတ် (၁၄၉)/တနင်္ဂသီကွင်း၏တောင်ဘက် တစ်စိတ်တစ်ဒေသဖြစ်သောမြေ ၆၆ ဒသမ ၇၈ ဧက စုစုပေါင်း ၁၀၂ ဒသမ ၆၄ ဧက (ဂေါက်ကွင်းမြေ အပါအဝင်)ကို လိုအပ်ချက်နှင့်အညီ စွန့်လွှတ်သွားမည်ဖြစ်ပြီး ကျန် ၂၂၃ ဒသမ ၁၅ ဧကကို အထည်စက်ရုံများအတွက် အရည်အသွေးပြည့်မီသည့် မျိုးပြုပြင်ထားပြီးဖြစ်သော ချည်မျှင်ရှည်ဝါများကို တိုးချဲ့စိုက်ပျိုးရန် ချန်လှပ်ထားမည်ဖြစ်ပါကြောင်း၊ ဝါစိုက်ကွင်းမြေ ၃၂၅ ဒသမ ၇၉ ဧကအနက် (ဂေါက်ကွင်းမြေအပါအဝင်) ၁၀၂ ဒသမ ၆၄ ဧကကို ပျော်ဘွယ်မြို့နယ်တွင် မြို့ပြအင်္ဂါရပ်နှင့်အညီ လူမှုစီးပွားရေးဘဝများကောင်းမွန်စွာ တည်ဆောက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သို့ ပြန်လည်အပ်နှံသွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။



ဦးခင်မောင်ချို
ပြည်ထောင်စုဝန်ကြီး



ဦးသောင်းအေး
ပျော်ဘွယ်မဲဆန္ဒနယ်

**ပြင်ဆင်ဆောင်ရွက်**

အစည်းအဝေးတွင် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ **နမ္မတူမြို့မရဲစခန်း၊ အချုပ်ခန်း၊ အပြင်ပတ်လမ်းရှိ ဆွေးမြည့်နေသော သစ်သားချောင်းများ၊ အကာအရံများအား ပြုပြင်ပေးရန်၊ အချုပ်သားများအတွက် ဆေးရုံအချုပ်ခန်း သို့မဟုတ် အခန်းတစ်ခန်း သီးသန့်ဆောင်ရွက်ပေးရန်၊ ရဲအင်အားတိုးမြှင့်ပေးရန်၊ နမ္မတူနှင့် ဘော်တွင်းရှိ ရဲစခန်းနှင့် ရဲဝန်ထမ်းအိမ်ရာများ ပြင်ဆင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက နမ္မတူမြို့မရဲစခန်း အချုပ်အပြင်လျှောက်လမ်း/ပတ်လမ်းရှိ ဆွေးမြည့်နေသော အခင်းသစ်သားချောင်းများအား ၂၀၁၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြင်ဆင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

အချုပ်ခန်းအဆောက်အအုံ၏ အပြင်ဘက်အကာအရံများမှာ သစ်သားများဖြင့် ကာရံထားရှိသည့်အတွက် ပိုမိုခိုင်ခံ့သည့် သံချောင်း/သံဆန်ခါတို့ဖြင့် ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ငွေကျပ် ၄၆၅၈၂၄၀ အား ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေမှ ခွင့်ပြုပေးထားပြီး ပြင်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ နမ္မတူမြို့နယ် ပြည်သူ့ဆေးရုံသည် ခုတင် ၁၀၀ ဆံ့ ဆေးရုံဖြစ်၍ နှစ်ထပ်ဆောင်တစ်ဆောင်သာရှိပြီး လူနာဆောင်များမှာ အခန်းကျယ်များဖြစ်ပြီး အချုပ်သား လူနာတက်ရောက်မှုမှာ ယခင်နှစ် လေးဦး၊ ယခုနှစ် ငါးဦးသာရှိသဖြင့် တရားခံများ ဆေးရုံတက်ပါက အချုပ်သားများအတွက် သီးခြားကုသသည့် ဆေးရုံအချုပ်ခန်း ဆောင်ရွက်ပေးနိုင်သည့် အခြေအနေမရှိပါကြောင်း။

**လုပ်ငန်းတာဝန်များ ထမ်းဆောင်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ဖွဲ့စည်းပုံအင်အား၏ ၄၇ ဒသမ ၆၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တွင် ဖွဲ့စည်းပုံအင်အား၏ ၄၇ ဒသမ ၇၆ ရာခိုင်နှုန်းဖြင့် လည်းကောင်း လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်ဖွဲ့ဝင် ၁၀ ဦး အား နမ္မတူမြို့နယ်ရဲတပ်ဖွဲ့သို့ ဖြည့်တင်းတာဝန်ချထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် နယ်မြေအခြေအနေအရ ခေတ္တရုပ်သိမ်းထားသော ဘော်တွင်းနယ်မြေရဲစခန်းမှ အရာရှိ တစ်ဦးနှင့် အခြားအဆင့်လေးဦးအား တွဲဖက်တာဝန်ချထားသဖြင့် လက်ရှိတွင် ဖွဲ့စည်းပုံ၏ ၂၄ ဒသမ ၁၁ ရာခိုင်နှုန်းဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပါကြောင်း။

နမ္မတူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် ဘော်တွင်းနယ်မြေရဲစခန်းရုံး(အချုပ်ပါ) တစ်လုံးတို့အား သံကူကွန်ကရစ်ဖြင့် အသစ်ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေများ လျာထားတင်ပြတောင်းခံခဲ့ရာ ရန်ပုံငွေရရှိခဲ့ခြင်းမရှိသဖြင့် လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (ဖြည့်စွက်)တွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်အရ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**ဂရန်များထုတ်ပေးရေး**

ထို့ပြင် ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၊ ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း၊ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်နှင့် လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်းတို့၏ လုပ်ငန်းငယ်များကိုစုစည်း၍ နည်းပညာနှင့် ငွေကြေးပံ့ပိုးရေး၊ ကမာရွတ်မြို့နယ်တွင် မီးသတ်စခန်းဖွင့်လှစ်ပေးရေး၊ မေတ္တာမြို့မြေကွက်များကို နှစ်ပေါင်း ၉၀ အထိ လဲလှယ်ခွင့်ရှိသော ဂရန်များထုတ်ပေးရေးနှင့် လင်းခေးမြို့ရှိ လူထုရုံကြီးအား အသစ်ပြန်လည် တည်ဆောက်ပေးရေးဆိုင်ရာမေးခွန်းများကိုလည်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးတို့က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတင်သွင်းထားသည့် **"နိုင်ငံ၏အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်း လျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရမှ စနစ်တကျ စီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်က အလုပ်အကိုင်များမှ ရရှိသည့် လုပ်ခလစာသည် နည်းပါးလွန်းသည့်အတွက် မိသားစုစားသောက်ရေးအတွက် မဖူလုံပါကြောင်း၊ ထို့ကြောင့် ပြည်ပသို့ ထွက်ခွာ၍ အလုပ်သွားလုပ်နေကြပါကြောင်း၊ အချို့ရွာများတွင် လယ်လုပ်မည့်သူများ မရှိတော့ပါကြောင်း၊ ပြည်ပသို့ တရားဝင်သွားရောက်သူထက် တရားမဝင်သွားရောက်သူက ပိုများနေပါကြောင်း၊ ယခုအခါ နိုင်ငံခြားတွင် အလုပ်လုပ်နေသော မြန်မာများသည် ဖိနှိပ်ခံရခြင်း၊ အကြောင်းမဲ့ အလုပ်ထုတ်ခံရခြင်း၊ လစာလျော့ချခြင်းများ ခံနေရပါကြောင်း ဆွေးနွေးသည်။

ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းက စီးပွားရေးမှန်ကန်စွာ ဖွံ့ဖြိုးတိုးတက်မှသာ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ အလုပ်အကိုင်များစွာ ဖန်တီးပေးသည့် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်၍ သင်တန်းသားများ တိုးမြှင့်ခေါ်ယူရန်လိုအပ်ပါကြောင်း၊ မြေကွက်များရယူပြီး အကောင်အထည်မဖော်ဖြစ်သော စက်မှုဇုန်များကို ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ ဒီမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်တို့က ဆွေးနွေးကြသည်။

**နိုင်ငံသားများကိုသာ ခန့်ထားရန်**

အဆိုနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်က အားပေးကြိုဆိုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပြီး ကျွမ်းကျင်မှု မြင့်မားရေးအတွက် အထောက်အကူပြုသည့် အသက်မွေးဝမ်းကျောင်းပညာများ လေ့ကျင့်သင်ကြားပေးနိုင်သော လုပ်ငန်းများကို ဦးစားပေးလုပ်ငန်းများအဖြစ် ထည့်သွင်းထားပါကြောင်း၊ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းပေါ်ပေါက်လာစေရေးအတွက် စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူ နေရာများတွင် နိုင်ငံသားများခန့်အပ်နိုင်ရေး အစီအစဉ်များထည့်သွင်းထားပါကြောင်း၊ ထို့ပြင် ကျွမ်းကျင်မှုမလိုအပ်သည့် လုပ်ငန်းများတွင် နိုင်ငံသားများကိုသာ ခန့်ထားရန် ပြဋ္ဌာန်းထားပါကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် တွင် အလုပ်အကိုင် ၁၄၁၄၄၅ နေရာ ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

**မူဝါဒများနှင့်အညီ**

အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေးအတွက် သွယ်ဝိုက်သောနည်းအားဖြင့် အခွန်သက်သာခွင့်ပေးခြင်း၊ ကင်းလွတ်ခွင့်ပေးခြင်း၊ ဘဏ္ဍာရေး ထောက်ပံ့ပေးခြင်း၊ ဘဏ္ဍာငွေအရင်းအမြစ်များကို အလွယ်တကူ ရရှိစေရန် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ငွေကြေးနှင့်ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းများချောမွေ့စွာ လည်ပတ်နိုင်ရန်ပံ့ပိုး ဆောင်ရွက်ပေးခြင်းတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းတွင် နေထိုင်မှုစရိတ်နှင့် လျော်ညီသည့် လုပ်ခလစာစရိတ်များရရှိခံစားနိုင်မည့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများကိုဖန်တီးပေးခြင်းဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် လုပ်သားများ အနေဖြင့်လည်း နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာကြရန် မျှော်မှန်းထားပါကြောင်း၊ နိုင်ငံတော်၏ အလုပ်လက်မဲ့ပြဿနာများ လျော့နည်းကျဆင်းရေးကိစ္စသည် ကျယ်ပြန့်ပြီး ရေရှည်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒများနှင့်အညီ စနစ်တကျ အစီအမံများချမှတ် ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် အဆိုအားမှတ်တမ်းတင်ပေးပါရန် တင်ပြပါကြောင်း ရှင်းလင်းသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခြင်း၊ အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်းခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ကလေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် ဟောပြောပွဲ အမျိုးသားလွှတ်တော် စုပေါင်းခန်းမ၌ ကျင်းပ



**နေပြည်တော် ဇွန် ၁၄**

**"ကလေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်"(Convention on the Rights of the Child -CRC)** ဆွေးနွေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အဆောက်အအုံစုပေါင်းခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမှာစကားပြောကြားကာ **(ယာပုံ)** ဒေါ်ရူပါမြ၊ ဦးစိုးမိုးဦးနှင့် ဒေါ်နီနီလှတို့က ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက **"ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်" (Convention on the Rights of the Child -CRC)**နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဒေါ်ရူပါမြ၊ ဦးစိုးမိုးဦးနှင့် ဒေါ်နီနီလှတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဆီးဂိမ်းပြိုင်ပွဲ အားကစားအောင်နိုင်ရေးဂုဏ်ပြုသူ ရက်ပေါင်း ၃၂ ရက်ကြာအထိ လမ်းလျှောက်မည်

**မန္တလေး ဇွန် ၁၄**

ပြင်ဦးလွင် - ရန်ကုန်မှ အသွားအပြန် မိုင် ၁၀၀၀ ခရီးအား ရန်ကုန် -မန္တလေးလမ်းဟောင်းမှ တစ်ကိုယ်တော်လမ်းလျှောက်သူ ဦးကျော်ကျော်လင်းသည် ဇွန် ၁၂ ရက် နံနက်ပိုင်းက ပြင်ဦးလွင်အားကစားကွင်းမှ စတင်လမ်းလျှောက်ခဲ့ရာ မန္တလေးမြို့ ဗထူးအားကစားကွင်းသို့ ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ရောက်ရှိလာသည်။ **(အပေါ်ပုံ)**

**နှုတ်ဆက်ဂုဏ်ပြု**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့်တာဝန်ရှိသူများက တစ်ကိုယ်တော်လမ်းလျှောက်သူအား ကြိုဆိုနှုတ်ဆက်အားပေးပြီး ဗထူးကွင်း၌ နှစ်ညတာညအိပ်ရပ်နားခဲ့သည်။ ဇွန် ၁၄ ရက် နံနက် ၇ နာရီခန့်၌ မန္တလေးမြို့ ဗထူးကွင်းမှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာရာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် ခရိုင်၊ မြို့နယ်အား/ ကာမှ တာဝန်ရှိသူများ မော်တော်ဆိုင်ကယ်များခြံရံ၍ ပို့ဆောင်နှုတ်ဆက်ဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

၎င်းသည် မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးကင်းစင်ရေးနှင့် ဆီးဂိမ်းတွင် မြန်မာ့အားကစားသမားများ အောင်နိုင်ရေးဆိုသည့် ရည်ရွယ်ချက်ကောင်းများဖြင့် တစ်ရက်လျှင် မိုင် ၃၀ အထက် ရက်ပေါင်း ၃၂ ရက်ကြာအထိ လမ်းလျှောက်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဘောလုံးအားကစားအခြေပြု လူငယ်နှင့် ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများပေးမည်

**ရန်ကုန် ဇွန် ၁၄**

ဘောလုံးအားကစားအခြေပြု လူငယ်နှင့်ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များဖော်ဆောင်ရန်အတွက် ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်နှင့် ဘားအံတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူ ၄၃ ဦးကို ဇွန် ၁၆ ရက်တွင် ဒဂုံတက္ကသိုလ်၌ ခြောက်ရက်တာ နည်းပြသင်တန်းဖွင့်လှစ် ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်သည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးလ်တက္ကသိုလ်ရှိ Football United အစီအစဉ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကာ မြန်မာနိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်ကြက်ခြေနီအသင်းခွဲများကို အခြေခံပြီး ဆောင်ရွက်ခြင်းဖြစ်သည်။

Football United Myanmar ဒါရိုက်တာဒေါက်တာထွန်းအောင်ရွှေက "တစ်နိုင်ငံလုံးက တက္ကသိုလ်တွေကို သွားရောက်ပို့ချပေးနိုင်မယ့် လိုအပ်တဲ့ အဆင့်မြင့်နည်းပြတွေ မွေးထုတ်တာဖြစ်တယ်၊ သင်တန်းမှာ ဘောလုံးပညာကို အသုံးချပြီး သင်ခန်းစာယူဖို့၊ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှု အရည်အသွေးတွေကို ပြည့်ဝအောင်၊ ပိုင်နိုင်တဲ့ ဆုံးဖြတ်ချက်ကောင်းတွေ ချမှတ်နိုင်အောင်သင်ကြားဖို့စီစဉ်ထားတယ်" ဟု ပြောသည်။

တက္ကသိုလ်ကြက်ခြေနီအသင်းခွဲများ၏အသင်းဝင် ကျောင်းသား ကျောင်းသူများကို သင်တန်းပေးခြင်း၊ လူငယ်ရပ်ရွာဖွံ့ဖြိုးရေး အစီအမံများကို အကောင်အထည်ဖော်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ခြင်းများ သင်တန်းဆင်းနည်းပြများက ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လေ့ကျင့်သင်ကြားပေးခြင်းခံရသည့် တက္ကသိုလ်ကြက်ခြေနီလူငယ်မောင်မယ်များကလည်း အထက်တန်း၊ အလယ်တန်းကျောင်းများနှင့် ရပ်ကွက်အတွင်းရှိ လူငယ်၊ လူရွယ်များကို ဘဝတစ်သက်တာ ဆုံးဖြတ်ချက်ကောင်းများ ချမှတ်ရေး၊ HIV ကာကွယ်တားဆီးရေး၊ ရပ်ရွာလူထုလိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုသည့် နိုင်ငံ့သားကောင်းတို့၏ စိတ်ဓာတ်များထပ်ဆင့်လေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မြသူက "ဒီအစီအစဉ်ကနေ မတူကွဲပြားမှုတွေကို ငြိမ်းချမ်းစွာ အတူလက်တွဲပြီးဆောင်ရွက်နိုင်မယ်။ တိုင်းပြည်ဖွံ့ဖြိုးရေးနဲ့ ကျန်းမာရေးဆိုင်ရာ အသိပညာတွေ ပိုမိုတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

နယူးဆောက်သ်ဝေးလ်တက္ကသိုလ် Football United အစီအစဉ်တည်ထောင်သူ ဒေါက်တာအန်းဘန်ဒီဘရစ်က "တက္ကသိုလ် ကျောင်းသား ကျောင်းသူ လူငယ်တွေအတွက် ထူးခြားဆန်းသစ်တဲ့ လေ့လာဆည်းပူးခြင်းဆိုင်ရာ အစီအစဉ်ဖြစ်တယ်။ ၂၀ ရာစုရဲ့လုပ်ငန်းခွင်များက စိန်ခေါ်မှုဆိုင်ရာအချက်တွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်မယ့် အတွေ့အကြုံတွေလည်းရရှိနိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

Football United အစီအစဉ်သည် ၂၀၁၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် တက္ကသိုလ်ကြက်ခြေနီအသင်းခွဲများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ Football United သည် ဩစတြေးလျနိုင်ငံသာမက အပြည်ပြည်ဆိုင်ရာ နယ်ပယ်များရှိအဖွဲ့အစည်းများစွာနှင့် ပူးပေါင်းဆောင်ရွက်ကာ အားကစားအခြေပြုလူမှုဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

**မြတ်စန္ဒီ**

# ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့များ ပြင်ဆင်

**ရန်ကုန် ဇွန် ၁၄**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ရန် မြန်မာ အားကစား အဖွဲ့များသည် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် အားကစားနည်း ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိပြီး ယခုလကုန်ပိုင်းတွင် အပြီးသတ်ရွေးချယ်သွားမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားနိုင်ငံသည် အားကစားနည်း ၃၈ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကျင်းပရေးကော်မတီတွင်လည်း ပြိုင်ပွဲယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် လူစာရင်းများကို ယခုလကုန်ပိုင်းနောက်ဆုံးထား၍ တင်ပြရမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများကို မကြာမီအပြီးသတ် လူရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် အားကစားနည်းများမှာ ရေကူး/ ဒိုင်ဗင်၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်/ စနူကာ၊ ဘိုးလင်း၊ လက်ဝှေ့၊ စက်ဘီး၊ ခါးရေး၊ ဟော်ကီ၊ ဘောလုံး/ ဖူဆယ်၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဂျူဒို၊ ကရာတေး၊ မွေလက်ဝှေ့၊ ပီတန်း၊ ပန်ကြပ်ဆီလတ်၊ ရွက်လှေ၊ သေနတ်ပစ်၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ Squash၊ တိုက်ကွမ်ဒို၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ Triathlon(သုံးမျိုးစုံ)၊ ဘော်လီဘော၊ အလေးမနှင့် ဝူရှူးတို့ဖြစ်ကြသည်။ မြန်မာနိုင်ငံအတွက် အားအသာဆုံး အားကစားနည်းဖြစ်သည့် လှေလှော်ပြိုင်ပွဲကိုမူ မလေးရှားနိုင်ငံက ထည့်သွင်း ကျင်းပခြင်းမရှိသောကြောင့် ရွှေဆုအရေအတွက်ကို ထိခိုက်ဖွယ်ရှိနေသည်။

(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဘောလုံးပြိုင်ပွဲအပါအဝင် အားကစားနည်းအချို့မှာ ဩဂုတ် ၁၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အားကစားနည်း ၃၈ မျိုးမှ ပြိုင်ပွဲအမျိုးအစားပေါင်း ၄၀၅ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ်စုစုပေါင်း ၄၀၅ ခု ချီးမြှင့်သွားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ၂၀၁၇ ခုနှစ် မေလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၁၃၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၂၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးချင်းဝင်ငွေ တိုးပွားစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၇ ခုနှစ်၊ မေလအတွင်း အောက်ဖော်ပြပါအတိုင်း အလုပ်အကိုင်များ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**၂၀၁၇ ခုနှစ် မေလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေ**

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် | အလုပ်ရ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | အစိုးရ | ပုဂ္ဂလိက | စုစုပေါင်း | |
| ၁။ | ပြည်ထောင်စုနယ်မြေ | ၁၀၄ | ၅၀ | ၁၅၄ | |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ၃၅၅ | ၇၆၅၂ | ၈၀၀၇ | |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ၆၇ | ၄၄ | ၁၁၁ | |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၃၅ | ၁၈၂၉ | ၁၈၆၄ | |
| ၅။ | မန္တလေးတိုင်းဒေသကြီး | ၆၈ | ၇၇၁ | ၈၃၉ | |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၂ | ၂၅၆ | ၂၉၈ | |
| ၇။ | မကွေးတိုင်းဒေသကြီး | ၂၄၇ | ၁၈၇ | ၄၃၄ | |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး | ၁၈ | ၁၉၄ | ၂၁၂ | |
| ၉။ | ကချင်ပြည်နယ် | ၃၀ | ၂၂ | ၅၂ | |
| ၁၀။ | ကယားပြည်နယ် | ၁၈ | ၇ | ၂၅ | |
| ၁၁။ | ကရင်ပြည်နယ် | ၁၇ | ၉၄ | ၁၁၁ | |
| ၁၂။ | ချင်းပြည်နယ် | ၁၇ | - | ၁၇ | |
| ၁၃။ | မွန်ပြည်နယ် | ၂၁ | ၁၆၅ | ၁၈၆ | |
| ၁၄။ | ရခိုင်ပြည်နယ် | ၂၁ | ၆၃ | ၈၄ | |
| ၁၅။ | ရှမ်းပြည်နယ် | ၆၇ | ၁၁၂ | ၁၇၉ | |
| | စုစုပေါင်း | ၁၁၂၇ | ၁၁၄၄၆ | ၁၂၅၇၃ | |

**၂၀၁၇ ခုနှစ် မေလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအခြေအနေ**

| စဉ် | နိုင်ငံ | စေလွှတ်ဦးရေ | မှတ်ချက် |
|---|---|---|---|
| ၁။ | မလေးရှားနိုင်ငံ | ၂၂၁ ဦး | |
| ၂။ | စင်ကာပူနိုင်ငံ | ၆ ဦး | |
| ၃။ | ကိုရီးယားနိုင်ငံ | ၃၃၂ ဦး | |
| ၄။ | ထိုင်းနိုင်ငံ | ၁၂၈၇၇ ဦး | |
| ၅။ | ဂျပန်နိုင်ငံ | ၂၉၆ ဦး | |
| ၆။ | ယူအေအီး | ၁၉ ဦး | |
| ၇။ | ကာတာနိုင်ငံ | ၁၇ ဦး | |
| | **စုစုပေါင်း** | **၁၃၇၆၈ ဦး** | |



## ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ကမ္ဘာ့ဘဏ်တာဝန်ရှိသူများ တွေ့ဆုံ ကယားပြည်နယ်ဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေးအစီအစဉ်များ၊ စိန်ခေါ်မှုများအား ဆွေးနွေး

**လွိုင်ကော် ဇွန် ၁၄**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုအား ကမ္ဘာ့ဘဏ်(World Bank)မှ တာဝန်ရှိသူများက ဇွန် ၁၃ ရက် နံနက် ၉ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကမ္ဘာ့ဘဏ်မှ ကယားပြည်နယ် အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ်များအား ရှင်းလင်းတင်ပြပြီး ကယားပြည်နယ်နှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေးအစီအစဉ်များ၊ စိန်ခေါ်မှုများအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံမှုတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ် (World Bank)မှ Communications Officer ဦးကျော်စိုးလွင်၊ Operations Analyst ဒေါ်သိင်္ဂီမင်း၊ Program Assistant ဒေါ်အေးမို့မို့ခိုင်တို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(ပြည်နယ် ပြန်/ဆက်)**

## တရုတ်ဇာတ်လမ်းတွဲအစီအစဉ်များ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်တော့မည်ဖြစ်ရာ မြန်မာပရိသတ်များ မကြာမီ ကြည့်ရှုရတော့မည်

**နေပြည်တော် ဇွန် ၁၄**

တရုတ်နိုင်ငံတွင် လူကြိုက်များခဲ့သည့် "ဟယ်လိုချောင်အန်း" အမည်ရှိ ဇာတ်လမ်းတွဲအား လာမည့် ဩဂုတ်လမှ စတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပြသသွားနိုင်တော့မည်ဖြစ်ရာ မြန်မာပရိသတ်များလည်း နှစ်ခြိုက်ကြမည်ကို ယုံကြည်ကြောင်း၊ ဆက်လက်၍လည်း တရုတ်ဇာတ်လမ်းတွဲ အစီအစဉ်များအား ပြသသွားမည်ဖြစ်ရာ ဇာတ်လမ်းတွဲအတွက် မြန်မာဘာသာသို့ ပြန်ဆိုပြီး မြန်မာဘာသာအသံသွင်းသည့် လုပ်ငန်းကို MRTV မှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက နေပြည်တော် တပ်ကုန်းရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီခွဲက ကျင်းပသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် ပြည်သူ့အသံလွှင့်ဌာန (GXBS) တို့အကြား "တရုတ် ရုပ်မြင်သံကြားအစီအစဉ်" ပူးပေါင်းထုတ်လွှင့်ရန် သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။

MRTV နှင့် တရုတ်နိုင်ငံ၏ ရုပ်သံထုတ်လွှင့်မှု ဌာနများဖြစ်သည့် GXBS အပါအဝင် YRTV၊ CCTV၊ (SARFT-MOFCOM)၊ CRI နှင့် GXTV စသည့် အဖွဲ့အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ အပြန်အလှန်စေလွှတ်ခြင်းနှင့် အစီအစဉ်များဖလှယ်ခြင်း စသည့် ကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည်။ ၂၀၁၃ ခုနှစ်တွင် MRTV နှင့် GXBS တို့အကြား အသံလွှင့်ခြင်းများ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (The Cooperation Agreement) ကို လက်မှတ်ရေးထိုးခဲ့ပြီး သတင်းနှင့်ပြန်ကြားရေး ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ယနေ့ထက်တိုင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။




ထို့နောက် ညွှန်ကြားရေးမှူးချုပ် Ms.Lv Jie က တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်ဇုန်ကို အောင်မြင်စွာတည်ဆောက်ပြီး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ တရုတ်နိုင်ငံ ကွမ်ရှီးဒေသနှင့် မြန်မာနိုင်ငံတို့အကြားရှိ ပြည်သူများ ကူးလူးဆက်ဆံမှုမှာ ပိုမိုနက်ရှိုင်းလာပါကြောင်း၊ ထို့အပြင် မီဒီယာ ပူးပေါင်းဖလှယ်မှုကိုလည်း အလေးထား အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း။

"တရုတ် ရုပ်မြင်သံကြားအစီအစဉ်" က မီဒီယာနယ်ပယ်ပူးပေါင်းဖလှယ်မှုကို ပိုမိုနက်ရှိုင်းစေသည့် ခေတ်မီနည်းလမ်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် အဆိုပါအစီအစဉ်ပေါ် မျှော်လင့်ချက်များစွာ ထားရှိသလို မြန်မာလူမျိုးများက တရုတ်နိုင်ငံကို သိရှိစေနိုင်သည့် ပြတင်းပေါက်တစ်ပေါက်ဖြစ်ပါကြောင်း၊ ဇာတ်လမ်းတွဲများသည် တရုတ်ယဉ်ကျေးမှု၏ သံတမန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် GXBS မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Zheng Kui က "တရုတ်ရုပ်မြင်သံကြားအစီအစဉ်" ပူးပေါင်းထုတ်လွှင့်ရန် သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးခဲ့ကြသည်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွေး**

## မိုးဦးရာသီအွန်လိုင်းအရောင်းအဝယ်များအနက် မိုဘိုင်းဖုန်းရောင်းဝယ်လုပ်ကိုင်မှု အမြင့်ဆုံးဖြစ်နေ

**ရန်ကုန် ဇွန် ၁၄**

အွန်လိုင်းပေါ်မှတစ်ဆင့် ကုန်ပစ္စည်းများ ရောင်းချခြင်းတွင် မိုးဦးရာသီယခုလအတွင်း မိုဘိုင်းဖုန်းများ အပြန်အလှန်ရောင်းဝယ်မှုမှာ အမြင့်ဆုံးဖြစ်နေကြောင်း ads.com.mm မှ သတင်းထုတ်ပြန်ထားသည်။

အွန်လိုင်း ရောင်းချခြင်းဆိုင်ရာ လေ့လာဆန်းစစ်မှုများနှင့် တိုက်ရိုက်ဝယ်ယူခြင်း၊ ရောင်းချခြင်းများ ပြုလုပ်နိုင်သည့် အဆိုပါအွန်လိုင်းစစ်တမ်း အရောင်းအဝယ် ဝက်ဘ်ဆိုက်အဆိုအရ ခေတ်စားလာခဲ့သည့် အွန်လိုင်းဝယ်ယူမှုကို ရန်ကုန်မြို့တွင်းသာမက နယ်မြို့များတွင်လည်း တွင်ကျယ်လာကြောင်း သိရသည်။

အွန်လိုင်းမှတစ်ဆင့် လူသုံးကုန်ပစ္စည်းများကို ဝယ်ယူကြပြီး ငွေပေးချေခြင်းကို ဘဏ်ဝန်ဆောင်မှုများ ရယူကာဆောင်ရွက်ကြသည်။ သယ်ယူပို့ဆောင်ခြင်းများမှာလည်း ယခင်ကထက် ပိုမိုလွယ်ကူလာပြီး လူအများ အလွယ်တကူ မှာယူနိုင်ကြသဖြင့် အွန်လိုင်းအရောင်းအဝယ် အားကောင်းလာခြင်းဖြစ်သည်။

ဖုန်းဖြင့်ချိတ်ဆက်ခြင်း၊ လူမှုကွန်ရက်မှတစ်ဆင့် ချိတ်ဆက်ခြင်း၊ အရောင်းအဝယ် ပလက်ဖောင်းဆိုက်များမှ တစ်ဆင့် ချိတ်ဆက်ခြင်း စသည်ဖြင့် ချိတ်ဆက်ရောင်းဝယ်ကြပြီး မိုးရာသီကဲ့သို့ အရောင်းအဝယ်ပါးတတ်သည့်ကာလတွင် အွန်လိုင်းဈေးသည်များအတွက် တွက်ခြေကိုက်လျက်ရှိသည်။

ရောင်းချမည့်ပစ္စည်းများကို အိမ်တိုင်ရာရောက် လာပို့သည့်စနစ်ဖြင့် ဝယ်ယူနိုင်ခြင်းကြောင့် အရောင်းအဝယ်အားကောင်းခြင်းဖြစ်ပြီး ads.com.mm ၏ စစ်တမ်းအရ မိုဘိုင်းဖုန်းအရောင်းအဝယ် ကြော်ငြာများသည် မေလတွင် ၂၄၁၈ ခုသာရှိခဲ့ပြီး ယခုအခါ ၄၆၂၂ ခုအထိ မြင့်တက်လာနေကြောင်း သိရသည်။

ads.com.mm ကို ၂၀၁၂ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးမှ အရောင်းအဝယ် ကြော်ငြာများ အခမဲ့တင်နိုင်သည့် ဝက်ဘ်ဆိုက်တစ်ခုလည်း ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း နေထိုင်သူမည်သူမဆို ရောင်းချလိုသည့်ပစ္စည်းကို Ads.com.mm တွင် ကြော်ငြာအခမဲ့တင်ပြီး အရောင်းအဝယ် ပြုလုပ်နိုင်သည့် website တစ်ခုဖြစ်သည်။ ads.com.mm တွင် ကြော်ငြာတင်ရန် နှစ်မိနစ်သာကြာမြင့်ခြင်းကြောင့် လာရောက်ကြော်ငြာသူများပြားရခြင်းဖြစ်သည်။

**ခင်ရတနာ**

*စာမျက်နှာ ၆ မှ*

ဆရာ ဆရာမများ အရည်အသွေးပြည့်ဝသော ပညာရေးနှင့် စာသင်အထောက်အကူပြုပစ္စည်းများ စသည်တို့ကို အလွယ်တကူရယူသုံးစွဲ သင်ကြားခွင့်ရနိုင်ရန် စီစဉ်ထားသည်။ ကလေးငယ်တိုင်းအား တစ်ပတ်လျှင် ခြောက်နာရီကြာ သင်ခန်းစာများ သင်ကြားပေးမည်ဖြစ်ပြီး အခြေခံစာဖတ်စာရေးတတ်မြောက်မှု၊ သင်္ချာနှင့် ကွန်ပျူတာကျွမ်းကျင်မှုများအပြင် ကျောင်းသားငယ်များအား သင်ကြားမှုမှတစ်ဆင့် အချက်ကျကျ တွေးခေါ်နိုင်စွမ်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ဗဟုသုတများသာမက ကာကွယ်တားဆီးနိုင်သော ရောဂါများအကြောင်း နားလည်သဘောပေါက်လာရန်လည်း သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သင်ကြားပေးပြီးဖြစ်**

MyME သည် လက်ရှိတွင် အသက်မွေးဝမ်းကျောင်းနှင့် ဆိုင်သော ကျောင်းပြင်ပပညာရေးကို မြန်မာနိုင်ငံရှိ မြို့များစွာမှ လက်ဖက်ရည်ဆိုင်များ၊ လမ်းဘေးစားသောက်ဆိုင်များ၊ ဘုန်းတော်ကြီး စာသင်ကျောင်းများနှင့် နွမ်းပါးသော အသိုင်းအဝိုင်းများရှိ ကလေးငယ် ၃၀၀၀ ကျော်ကို သင်ကြားပေးပြီးဖြစ်သည်။

တယ်လီနောက ယင်း၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ထောက်ပံ့မှု လုပ်ငန်းစဉ်များတွင် ကလေးငယ်နှင့် အသက်ငယ်ရွယ်သေးသည့် အလုပ်သမားများ ခိုင်းစေမှုများကို လျှော့နည်းပပျောက်စေရန်နှင့် မြန်မာနိုင်ငံတွင် အလုပ်ခွင်ဆိုင်ရာ စံနှုန်းသတ်မှတ်မှု မြင့်မားစေရေး ကြိုးပမ်းအားထုတ်မှုများကို တွန်းအားပေးရန်စူးစိုက်ဆောင်ရွက်မှု၏တစ်စိတ်တစ်ဒေသအဖြစ် မြန်မာ့ရွေ့လျားပညာရေးစီမံကိန်းဖြင့် ပူးပေါင်းကာ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ တယ်လီနောအမှတ်တံဆိပ် လက်ဖက်ရည်ဆိုင်များရှိ အသက်ငယ်ရွယ်သေးသည့် အလုပ်သမားများအတွက် ကျောင်းပြင်ပ ပညာရေးပို့ချပေးမှုများကို ဆောင်ရွက်ပေးသည်။

**သဘောတူထား**

မြန်မာနိုင်ငံဥပဒေက အလုပ်စတင်လုပ်နိုင်မည့် အသက်ကို ၁၄ နှစ်အဖြစ် သတ်မှတ်ထားရာ ယင်းသတ်မှတ်ထားသည့် အသက်အောက် ငယ်ရွယ်သူများကို တယ်လီနောအမှတ်တံဆိပ် လက်ဖက်ရည်ဆိုင်များအနေဖြင့် ခန့်အပ်ခိုင်းစေခြင်းမပြုရကြောင်း၊ ယင်းလက်ဖက်ရည်ဆိုင်များသည် တယ်လီနော၏ ဝန်ထမ်းအင်အား ၁၁ ဦးရှိသော ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့၏ ရှောင်တခင်စစ်ဆေးမှုများကို ခွင့်ပြုရန်လည်း သဘောတူထားကြောင်း သိရသည်။

## မြန်မာ့ဂီတပွဲတော်(မန္တလေး)ဖျော်ဖြေ


**မန္တလေး ဇွန် ၁၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ စတုတ္ထအကြိမ်မြောက် မြန်မာ့ဂီတပွဲတော်(မန္တလေး) ဖျော်ဖြေပွဲအခမ်းအနားကို ဇွန် ၁၃ ရက် ည ၇ နာရီက ၆၆ လမ်း ကျုံးအရှေ့ဘက်ရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့ဆိုင်းဝိုင်း၊ စောင်း၊ ပတ္တလား၊ တယော၊ ပလွေနှင့် စန္ဒရားတို့ဖြင့် တီးမှုတ်ဖျော်ဖြေတင်ဆက်၍ အဆိုတော်များက သီချင်းများဖြင့် သီဆိုညွှန့်ခံ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မြန်မာ့ရိုးရာတူရိယာနှင့် အနောက်တိုင်းတူရိယာတို့တွဲဖက်၍ အလုသစ္စာတရားသီချင်းကို တီးမှုတ်ဖျော်ဖြေညွှန့်ခံသည်။ အဆိုပါ ၂၀၁၇ ခုနှစ် မြန်မာ့ဂီတပွဲတော်ကို ဇွန် ၉ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြို့တော်ခန်းမ၌ လည်းကောင်း၊ ဇွန် ၁၁ ရက်က နေပြည်တော် MICC-II ၌ ဖျော်ဖြေခဲ့ပြီး ဇွန် ၁၈ ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေမည်ဖြစ်ကြောင်းနှင့် အဆိုပါမြန်မာ့ဂီတပွဲတော်ကို ၂၀၁၄ ခုနှစ်မှစတင်၍ ကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## မှူခင်းအသိပညာ တိုးပွားလာစေရေး ဟောပြော

**နေပြည်တော် ဇွန် ၁၄** မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်ညွှန်ကြားချက်အရ ပြည်သူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် ဇွန် ၁၃ ရက်က မုဒုံမြို့နယ် ညောင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ညောင်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၄၅ ဦးတို့ကို မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်/လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးခြင်းလုပ်ငန်းများကို လှည့်လည်ပညာပေးဟောပြောပြသခဲ့ပြီး တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# လန်ဒန်မြို့လယ်ကောင်ရှိ အထပ်မြင့်အဆောက်အအုံ မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွား

**လန်ဒန် ဇွန် ၁၄**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့လယ်ကောင်၌ ဗုဒ္ဓဟူးနေ့က အထပ်ပေါင်း ၂၄ ထပ်ရှိသည့် တိုက်ခန်းတွဲအဆောက်အအုံ မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူအချို့သေဆုံးပြီး လူ ၅၀ကျော်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

အဆောက်အအုံရှိ တိုက်ခန်းများအတွင်း၌ အိပ်မောကျနေသူများမှာ မီးလောင်ကျွမ်းမှုအတွင်း၌ ပိတ်မိနေခဲ့ကြကြောင်း သိရသည်။

မီးသတ်ကယ်ဆယ်ရေးအဖွဲ့ဝင် ၂၀၀ တို့က မီးသတ်ယာဉ် ၄၁ စီးဖြင့် မီးတောက်များကို နာရီများစွာကြာအောင် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ကြသော်လည်း မြောက်ပိုင်းကင်ဆင်တန် ဧရိယာအတွင်းရှိ ယင်းအထပ်မြင့်အဆောက်အအုံ၏ ဘေးဘက်မျက်နှာပြင်များ အားလုံးမီးတောက်များ၏ ဝါးမျိုခြင်းကိုခံခဲ့ရသည်။

လူရာနှင့်ချီ၍နေထိုင်သည့် ဂရန်ဖဲလ်တာဝါ၌ မီးအကြီးအကျယ်လောင်ကျွမ်းပြီး မည်းနက်နေသည့်မီးခိုးများ မြို့တော်လန်ဒန်၏ ကောင်းကင်ယံတွင် လွင့်ပျံ့နေသည့်မြင်ကွင်းကို တွေ့မြင်ခဲ့ရသည်။



မီးလောင်မှု ဖြစ်ပွားချိန်တွင် မီးလောင်သည့် ညှော်နံ့များကြောင့် နိုးလာခဲ့သည့် တိုက်ခန်းနေသူများသည် မီးခိုးများဖြင့် ပြည့်နှက်နေသည့် စင်္ကြံလမ်းများကို ဖြတ်ကျော်ကာ အသက်ဘေးမှ လွတ်မြောက်ရေးထွက်ပြေးခဲ့ကြသည်။

မီးလောင်နေကြောင်း သတိပေးသည့်အချက်ပေးသံကို မကြားခဲ့ရကြောင်း အဆောက်အအုံတွင် နေထိုင်သူများက ပြောကြားခဲ့သည်။ တိုက်ခန်းအပေါ်ထပ်တွင် ပိတ်မိနေသူများက ပြတင်းပေါက်မှ အော်ဟစ်အကူအညီတောင်းနေကြသည့် မြင်ကွင်းကို တွေ့မြင်ခဲ့ရသည့်အတွက် များစွာစိတ်ထိခိုက်ကြေကွဲခဲ့ရကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

တိုက်ခန်းပေါင်း ၁၃၀ ပါရှိသည့် အဆောက်အအုံ၏ ဒုတိယထပ်မှသည် အပေါ်ဆုံးထပ်အထိ နေရာအနှံ့မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း လန်ဒန်မီးသတ်တပ်ဖွဲ့က ပြောကြားခဲ့သည်။

မီးသတ်သမားအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ၂၉ နှစ်ကာလအတွင်း ယခုလိုကြီးမားသည့် မီးလောင်ကျွမ်းမှုမျိုးကို မကြုံခဲ့ဖူးကြောင်း လန်ဒန်မီးသတ်တပ်ဖွဲ့ ကော်မရှင်အဖွဲ့ဝင် ဒန်နီကော်တန်က သတင်းထောက်များသို့ ပြောကြားခဲ့ကြောင်း သိရသည်။

အဆောက်အအုံ၏ အရွယ်အစားကြီးမားမှုနှင့် ရှုပ်ထွေးသည့်အခြေအနေများကြောင့် သေဆုံးသူအရေအတွက်ကို အခိုင်အမာဖော်ပြနိုင်ခြင်း မရှိသေးကြောင်း ၎င်းက ပြောကြားခဲ့သည်။ မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။ ဝန်ကြီးချုပ်မေက အဆိုပါ မတော်တဆမှုအတွက် အလွန်ဝမ်းနည်းကြေကွဲကြောင်း ပြောကြားခဲ့သည်။ **(ရိုက်တာ)**

## ဘင်္ဂလားဒေ့ရှ်မြေပြိုမှုကြောင့် သေဆုံးသူအရေအတွက်မြင့်တက်လျက်ရှိ

**ဒါကာ ဇွန် ၁၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းခရိုင်သုံးခုတွင် ဇွန် ၁၂ ရက်ကတည်းက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ သေဆုံးသူအရေအတွက် ၁၃၄ဦးခန့်ရှိလာပြီဖြစ်ကြောင်း၊ သေဆုံးသူများထဲတွင် စစ်တပ်အရာရှိ နှစ်ဦးလည်းပါဝင်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ရွာသွန်းခဲ့သောမိုးကြောင့် နောက်တစ်နေ့တွင် စစ်တ ကောင်း၊ ဘန်ဒါဘန်နှင့် ရန်ဂါမက်တီခရိုင်များတွင် အကြီးအကျယ်မြေပြိုမှုများဖြစ်ပွားခဲ့ပြီး လူနေအိမ်အများအပြားမြေမြုပ်ခဲ့ကြောင်း သိရသည်။

ယခုအခါ ယင်းဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။ လွန်ခဲ့သည့် ၂၀၀၇ခုနှစ်ကလည်း စစ်တကောင်းတွင် အကြီးအကျယ်မြေပြိုမှုဖြစ်ပွားခဲ့ရာ လူ ၁၂၃ ဦးသေဆုံးခဲ့ကြောင်း သိရသည်။
**(ဆင်ဟွာ)**

## ဂျာမနီနိုင်ငံမြူးနစ်မြို့ရှိ မြေအောက်ရထားဘူတာရုံတွင် ပစ်ခတ်မှုဖြစ်ပွား

**မြူးနစ် ဇွန် ၁၄**

ဂျာမနီနိုင်ငံ မြူးနစ်မြို့ မြေအောက်ရထားဘူတာရုံတွင် ယမန်နေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာရဲအရာရှိတစ်ဦးအပါအဝင် လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပစ်ခတ်မှုသည် အန်တာဖိုးရင်းရထားဘူတာရုံ၏ စင်္ကြံအမှတ် ၈ တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ပစ်ခတ်မှုအတွက် အမျိုးသားတစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း မြူးနစ်ရဲတပ်ဖွဲ့၏ အင်တာနက်စာမျက်နှာတွင် တင်ထားသော နောက်ဆုံးသတင်းများအရ သိရသည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ မြေအောက်ဘူတာရုံတွင် လုံခြုံရေးဆောင်ရွက်ထားပြီး ပစ်ခတ်မှုဖြစ်ပွားသော စင်္ကြံကို ယာယီပိတ်ထားကြောင်းနှင့် ဘူတာပတ်လည်တွင် လုံခြုံရေးအစောင့်အကြပ်များချထားကြောင်း သိရသည်။

ယင်းပစ်ခတ်မှုသည် အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဟုတ်မဟုတ် ဒေသဆိုင်ရာရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။
**(ဆင်ဟွာ)**

## အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းပြည်နယ်များတွင် မိုးသည်းထန်၍ ရေကြီး လူ ၁၂ ဦးထက်မနည်းသေဆုံးပြီး အများအပြားပျောက်ဆုံးလျက်ရှိ

**နယူးဒေလီ ဇွန် ၁၄**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ်အချို့တွင် ဇွန် ၁၂ရက်ကတည်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများဖြစ်ပွားခဲ့သဖြင့် လူ ၁၂ ဦးထက်မနည်းသေဆုံးခဲ့ပြီး လူပေါင်းများစွာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အရာရှိတစ်ဦးက ပြောကြားခဲ့သည်။




အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနယ်စပ် မီဇိုရမ်ပြည်နယ်တွင် ရေလွှမ်းမိုးမှုများကြောင့် အိမ်ခြေ ၃၅၀ မျောပါသွားပြီး လောင်လဲ့ခရိုင် တာလဘန်မြို့တွင် လူ ၁၀ ဦးကျော်သေဆုံးခဲ့ကြောင်း၊ အခြားလူ ၁၀ ဦးကျော် ပျောက်ဆုံးနေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အက်ဆမ်ပြည်နယ်မြို့တော် ဂူဝါဟက်တီတွင် ကျောင်းသားငယ်တစ်ဦးနှင့် လန်ချားမောင်းသူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ရေကြီးနေသောဧရိယာအတွင်းတွင် လျှပ်စစ်စီးနေသော ပိုင်ယာကြိုးနှင့် လန်ချားထိမိသောကြောင့် ဓာတ်လိုက်သေဆုံးခြင်းဖြစ်ကြောင်း၊ ကျန်ရစ်မိသားစုအတွက်နစ်နာကြေးငွေ ရူပီး လေးသိန်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ရေကြီးမှုများကြောင့် မြို့တွင်းစာသင်ကျောင်းများနှင့် ကောလိပ်များအားလုံးကိုလည်း ပိတ်ထားရကြောင်း ဂူဝါဟက်တီရဲစခန်းမှ ဒုတိယရဲမင်းကြီး အမ်အန်ကာမူတူကမီဒီယာသို့ ပြောကြားခဲ့သည်။ လာမည့်သုံးရက်အတွင်း ပြည်နယ် ခုနစ်ခုတွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးသက်မုန်တိုင်းများကျရောက်နိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ခန့်မှန်းထားသည်။ **(ဆင်ဟွာ)**

## ၁၇ လကြာထိန်းသိမ်းပြီးနောက် အမေရိကန်တက္ကသိုလ်ကျောင်းသားအား မြောက်ကိုရီးယားလွှတ်ပေး

**ပြုံယမ်း ဇွန် ၁၄**

မြောက်ကိုရီးယားနိုင်ငံတွင် ၁၇ လကြာအောင် ဖမ်းဆီးထိန်းသိမ်းထားခဲ့သည့် အမေရိကန်တက္ကသိုလ် ကျောင်းသားအား မြောက်ကိုရီးယားကလွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်က ပြောကြားခဲ့သည်။

အော်တိုဝမ်ဘီယာအားလွှတ်ပေးသည့်အကြောင်းကို အင်္ဂါနေ့က ဆီးနိတ်လွှတ်တော်တွင်ပြုလုပ်ခဲ့သည့်ကြားနာမှုတွင် တေလာဆန်က ကြေညာခဲ့သည်။

ဝမ်ဘီယာကို ပြီးခဲ့သည့်နှစ် ဇန်နဝါရီလက ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယား တရားရုံးတော်က နိုင်ငံတော်ကို ဆန့်ကျင်သည့်ပုဒ်မဖြင့် ၁၅ နှစ်ကြာအလုပ်ကြမ်းဆောင်ရွက်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ဝမ်ဘီယာသည် ယခုအခါ အမေရိကန်သို့ပြန်နေပြီဖြစ်သည်ဟု ဆိုသည်။

သတင်းရင်းမြစ်အချို့က ဝမ်ဘီယာသည် ထိန်းသိမ်းခံထားရစဉ်အတွင်း ဖျားနာခဲ့ပြီး လပေါင်းများစွာကြာအောင် သတိလစ်မေ့မြောသည့်ဝေဒနာကို ခံစားခဲ့ရကြောင်း ဖော်ပြခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်အထူး သံတမန် ဂျိုးဆက်ဖ်ယွန်ကို မြောက်ကိုရီးယားသို့ စေလွှတ်ပြီး သံတမန်ချင်းဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ရကြောင်း ပြည်တွင်းအာဏာပိုင်အဖွဲ့က အင်န်အိတ်ချ်ကေသို့ပြောကြားခဲ့သည်။ မြောက်ကိုရီးယားသည် ပြီးခဲ့သည့် ရက်သတ္တပတ်က ဝမ်ဘီယာ၏အခြေအနေကို အမေရိကန်သို့သတင်းပေးပို့ခဲ့သည်ဟုအာဏာပိုင်များက ဆိုသည်။

ဝမ်ဘီယာအားလွှတ်ပေးခြင်းသည် ဘတ်စကက်ဘော အကျော်အမော်ဟောင်းတစ်ဦးဖြစ်သူ ဒဲနစ်ရော့ဒ်မန်း မြောက်ကိုရီးယားသို့ သွားရောက်လည်ပတ်ခြင်းနှင့်သက်ဆိုင်မှုမရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဖမ်းဆီးထိန်းသိမ်းခြင်း ခံထားရသည့် အမေရိကန်နိုင်ငံသားသုံးဦး၏ လုံခြုံရေးအတွက် မြောက်ကိုရီးယားနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။
**(အင်န်အိတ်ချ်ကေ)**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဥရောပနိုင်ငံများသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ဥရောပ နိုင်ငံများဖြစ်သည့် ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ အီတလီ၊ စပိန်၊ ဆွီဒင်နိုင်ငံနှင့် ချက်နိုင်ငံများသို့ ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် ယနေ့ည ၇ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီးလျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးတို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဇွန် ၁၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ အမ်းမြို့တွင် ၁၁ ဒသမ ၈၈ လက်မ၊ စစ်တွေမြို့တွင် ၈ ဒသမ ၆၆ လက်မ၊ ကျောက်ဖြူမြို့တွင် ၇ ဒသမ ၀၀ လက်မ၊ မာန်အောင်မြို့တွင် ၆ ဒသမ ၅၀ လက်မ၊ ပလက်ဝမြို့တွင် ၅ ဒသမ ၃၁ လက်မ၊ မောင်တောမြို့တွင် ၅ ဒသမ ၁၂ လက်မ၊ ဂွမြို့တွင် ၄ ဒသမ ၄၁ လက်မ၊ ကျောက်တော်မြို့နှင့် မြောက်ဦးမြို့တွင် ၄ ဒသမ ၁၃ လက်မစီ၊ သရက်မြို့တွင် ၄ ဒသမ ၀၆ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၃ ဒသမ ၉၄ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၅၈ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# အာဆီယံရာသီဥတုဆိုင်ရာအစည်းအဝေး မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပ

**ရန်ကုန် ဇွန် ၁၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးဆောင်မှုဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ (ASEAN Working Group on Climate Change-AWGCC)၏ (၈)ကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပတ်(ခ်)ရွိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။




အဆိုပါအခမ်းအနားသို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဟာရင်နိုင်တီယမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး **(ယာပုံ)** စင်ကာပူနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ အေဂျင်စီ ပတ်ဝန်းကျင်ထိန်းသိမ်းရေး မူဝါဒနှင့် နိုင်ငံတကာရေးရာဌာန ညွှန်ကြားရေးမှူးနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ ရာသီဥတု ပြောင်းလဲခြင်း ဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ Mr.Cheang Kok Chung က အမှာစကား ပြောကြားသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ (AWGCC) အစည်းအဝေးကို အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံက ယင်းအစည်းအဝေးကို ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊ လက်ရှိလုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌမှာ စင်ကာပူနိုင်ငံဖြစ်ပြီး သုံးနှစ်သက်တမ်းတာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့သည် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း ASEAN Socio-Culture Community (ASCC) အောက်ရှိ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအဖွဲ့တွင် လုပ်ငန်းကော်မတီခုနစ်ဖွဲ့မှ တစ်ဖွဲ့ဖြစ်သည်။

အာဆီယံအတွင်းရေးမှူးရုံးအဖွဲ့တို့၏ အကူအညီဖြင့် အာဆီယံဒေသတွင်း ရာသီဥတု ပြောင်းလဲမှုဆိုင်ရာများကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးကြခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများမှ Focal Person များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၆၀ ခန့် တက်ရောက်ကြပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကာ အစည်းအဝေးကို ဇွန် ၁၅ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မန်းချောင်းရေကြီး အောက်စက်တော်ရာရင်ပြင်တွင် နှစ်ပေခန့် ရေဝင်

**ငဖဲ ဇွန် ၁၄**

ငဖဲမြို့နယ်အတွင်း၌ ပြီးခဲ့သော ဇွန် ၁၂ ရက်နှင့် ၁၃ ရက်က မုန်တိုင်းအရှိန်ဖြင့် မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် မန်းချောင်းရေကြီးမြင့်မှုဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူများ ရေဘေးအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ခဲ့ရသလို မန်းရွှေစက်တော်အောက်စက်တော်ရာ ရင်ပြင်တွင်လည်း နှစ်ပေခန့်အထိ ရေဝင်ရောက်နေကြောင်း သိရသည်။

ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံ ထိန်းသိမ်းရေးတာဝန်ခံ ဦးမောင်မောင်ဝင်းက မန်းချောင်းရေလှောင်တမံ၏ ဇွန် ၁၄ ရက် နံနက် ၆ နာရီ ရေအမှတ်မှာ ၆၀၁ ဒသမ ၃ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန် ၂၃ ဒသမ ၇ ပေ



လိုအပ်နေသေးကြောင်း၊ မိုးရေချိန် ၃ ဒသမ ၂၅ လက်မဖြစ်သော်လည်း စိုးရိမ်စရာလုံးဝမရှိသေးဘဲ တောင်ကျရေများစွာ ထပ်မံသိုလှောင်နိုင်သေးကြောင်း ပြောသည်။ "ငဖဲ မန်းချောင်းကူးတံတား ရေများနေခြင်းဟာ ဆတ်သေချောင်းရေနဲ့ ပဇီချောင်းရေများနေလို့ ဖြစ်ပါတယ်။ မန်းတမံရေပိုလွှဲမှ ကျော်လွှန်စီးဆင်းလာတဲ့ရေ မဟုတ်ပါဘူး။ မန်းတမံရေပိုလွှဲသို့ ရေကျော်လွှန်ရောက်ရှိသေးခြင်း မရှိသေးပါဘူး"ဟု ၎င်းက ဆက်ပြောသည်။

ငဖဲမြို့နယ် တောင်ဘက်ခြမ်းရှိ ရင်းရှည်ရေလှောင်တမံမှာမူ ဇွန် ၁၃ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရေပိုလွှဲမှ စတင် ရေကျော်ခဲ့ကြောင်း၊ ဇွန် ၁၄ ရက် နံနက် ၆ နာရီ ရေအမှတ်မှာ ၆၀၃ ပေ ဖြစ်၍ ရေပြည့်မှတ် ၆၀၂ ဒသမ ၀၀ ပေထက် တစ်ပေ ရေကျော်နေကြောင်း၊ တမံများအားလုံး ပုံမှန်အခြေအနေဖြစ်၍ ကြံ့ခိုင်ကောင်းမွန်ပြီး ၂၄ နာရီ ရေကင်းစောင့်တာဝန်များချထားကာ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်းလည်း တာဝန်ခံက ဆက်လက်ပြောကြားသည်။

မန်းရွှေစက်တော်သို့ စီးဆင်းသည့် ပန်းတိမ်းချောင်းရေနှင့် ငဖဲမန်းချောင်းရေများနှင့် ၎င်းချောင်းအတွင်းသို့ စီးဆင်း ဝင်ရောက်သော ပဇီချောင်းရေများ စီးဆင်းမှုများနေ၍ မန်းရွှေစက်တော် အောက်စက်တော်ရာတွင် ရင်ပြင်အထက် နှစ်ပေခန့်အထိ ရေဝင်ခဲ့သည်။ မန်းရွှေစက်တော် (၃)မိုင်လမ်းအဝင်ရှိ လှေတင်တံတား တည်ဆောက်ရေးအဖွဲ့သို့မူ ဇွန် ၁၂ ကတည်းက ကြိုတင်သတင်းပေးထား၍ စက်ယန္တရား၊ လူ၊ ပစ္စည်းများ ဆုံးရှုံးမှုမရှိကြောင်း၊ လက်ရှိအချိန်တွင် ငဖဲမြို့နယ်အတွင်း၌ မိုးသားများ အုံ့ဆိုင်းကာ မိုးဖွဲဖွဲရွာနေသည့်အတွက် ဆက်လက်မိုးရွာသွန်းပါက ရေထပ်တိုးလာနိုင်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မိုးရွာသွန်းမှုများ၍ လမ်းပေါ်သို့မြေပြိုမှုများဖြစ်ပွားပြီး ကားလမ်းပိတ်ဆို့လျက်ရှိနေ

**လိပ်သို ဇွန် ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့တွင် မိုးရွာသွန်းမှုများပြားခဲ့၍ ဇွန် ၁၃ ရက် ညနေပိုင်းက အမှတ်(၂)ရပ်ကွက်အတွင်း ရန်ကြီးအောင်ဘုန်းတော်ကြီးကျောင်းအနီး တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော် လမ်းဘေးတွင် မြေသားများပြိုကျကာ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြေပြိုကျမှုဖြစ်ပွားခြင်းကြောင့် အဆိုပါ နေရာတွင် ဇွန် ၁၄ ရက်အထိ ကားလမ်းပိတ်ဆို့နေလျက်ရှိပြီး ကားလမ်းကို အမြန်ဆုံး ပြန်လည်အသုံးပြုနိုင်ရေးအတွက် ဆောက်လုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လမ်းပိုင်းပြုပြင်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



မြေပြိုကျမှုကြောင့် ပိတ်ဆို့နေသော ကားလမ်းတစ်နေရာကို တွေ့ရစဉ်

# မိုးသည်းထန်၍ ရထားလမ်းအနီး မြေထိန်းနံရံကြီး ပြိုကျမှုဖြစ်ပွား

**ကျိုက်ထို ဇွန် ၁၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ နဝရတ်ရပ်ကွက်အတွင်း ရထားသံလမ်းဘေးမှ အလျား ပေ ၅၀၊ အမြင့် ပေ ၂၀ ခန့်ရှိ မြေထိန်း အုတ်နံရံကြီးမှာ ဇွန် ၁၄ ရက် နံနက် ၇ နာရီ ၁၀ မိနစ်ခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရထားသံလမ်းပေါ်သို့ ပြိုကျခဲ့သည်။

ထိုမြေထိန်းနံရံပြိုကျမှုကို သိမ်ဇရပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဦးနှင့် အဖွဲ့က ဖယ်ရှားရှင်းလင်းနေစဉ် ယင်းနေ့ နံနက် ၇ နာရီ ၂၅ မိနစ်ခန့်တွင် ဝေါမြို့နယ် အဗျားဘူတာဘက်မှ ထွက်ခွာလာသော အမှတ်(၈၅)အဆန် ပဲခူး-မော်လမြိုင် လော်ကယ်ရထား ရောက် ရှိလာသဖြင့် ခေတ္တစောင့်ဆိုင်းခဲ့ရပြီး ၁၀ မိနစ်ခန့်အကြာတွင်မှ ပုံမှန်ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာသွားနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြေထိန်းနံရံပြိုကျမှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် ပျက်စီးသွားသော မြေထိန်းနံရံကို သိမ်ဇရပ်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- လာမည့်နှစ် ဇွန် ၁၄ ရက်တွင် ရုရှားနိုင်ငံ၌ ကမ္ဘာ့ဖလားပွဲစဉ်များ စတင်ကျင်းပမည်ဖြစ်သောကြောင့် ၂၀၁၇-၂၀၁၈ ရာသီ အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်များကို ပြီးခဲ့သော ရာသီထက်စောစွာကျင်းပခဲ့ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည် ဘန်လေအသင်းကို အိမ်ကွင်း၌ ရင်ဆိုင်ကစားရမည်ဖြစ်ပြီး တန်းတက်နယူးကာဆယ်နှင့် စပါး၊ ဘရိုက်တန်နှင့် မန်ချက်စတာစီးတီး၊ ခရစ္စတယ်ပဲလေ့စ်နှင့် ဟတ်ဒါဖီးလ်၊ အာဆင်နယ်နှင့် လက်စတာ၊ အဲဗာတန်နှင့် စတုတ်၊ မန်ယူနှင့် ဝက်စ်ဟမ်း၊ ဆောက်သမ်တန်နှင့် ဆွမ်ဆီး၊ ဝက်ဖို့ဒ်နှင့် လီဗာပူး၊ ဝက်စ် ဘရွန်းနှင့် ဘုန်းမောက်အသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- တရုတ်ကလပ်တစ်ခုဖြစ်သော ရှန်ကျန်းအသင်းသည် အင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင်ကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ကြောင်း သိရှိရသည်။ အဆိုပါနည်းပြသည် ၁၃ ပွဲတွင် ငါးပွဲသာနိုင်ပွဲရအောင် စွမ်းဆောင်ပေးထားနိုင်ကြောင်းလည်း သိရှိရသည်။ ၎င်းသည် တရုတ်နိုင်ငံသို့ ၂၀၁၃ ခုနှစ် ဇွန်လတွင် ရောက်ရှိခဲ့ပြီး ရှန်ကျန်းအသင်းကို မကိုင်တွယ်မီ ကွမ်ကျိုးအသင်းနှင့် ရှန်ဟိုင်းအသင်းတို့ကို ကိုင်တွယ်ဖူးကြောင်း သိရှိရသည်။
- မိုနာကို ကြယ်ပွင့် အမ်ဘတ်ပီသည် ရီးရဲမက်ဒရစ်အသင်းက ၎င်းကို ၁၄ နှစ်အရွယ်တည်းက လိုချင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အဆိုပါ ဆယ်ကျော်သက်ကြယ်ပွင့်သည် Stade Louis II တွင် ၂၀၁၉ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားကြောင်း သိရှိရသည်။ ရီးရဲမက်ဒရစ်အသင်းသည် အဆိုပါ ဆယ်ကျော်သက်တိုက်စစ်မှူးကို ချိတ်ဆက်သောအသင်းများထဲမှ တစ်သင်းဖြစ်ကြောင်းလည်း သိရှိရသည်။

**ဇော်ဇော်**



## ပခုက္ကူစက်မှုဇုန်လုပ်ငန်းရှင်မိသားစုများ မြို့တွင်းစက်မှုလုပ်ငန်းများပိတ်သိမ်းရေး ဆန္ဒပြတောင်းဆို

**ပခုက္ကူ ဇွန် ၁၄**

မြို့တွင်းရှိစက်မှုလုပ်ငန်းများ ပိတ်သိမ်းပေးရေး ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ပွဲကို ဇွန် ၁၄ ရက် နံနက် ၉ နာရီကရွှေချောင်းအဝိုင်းလမ်းဆုံမှ စတင်၍ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်သည်။

ပခုက္ကူမြို့ စက်မှုဇုန် (၈)လမ်းနေ ကားပန်းပဲလုပ်ငန်းလုပ်ကိုင်သူ ဦးအုံးရွှေ ဦးဆောင်၍ စက်မှုဇုန်လုပ်ငန်းရှင်နှင့် မိသားစုများ စုစုပေါင်း ၁၅၀ ခန့်သည် ရွှေချောင်းလမ်းဆုံမှ မြို့မလမ်း၊ ရွှေလမ်းနှင့် ဗိုလ်ချုပ်လမ်းများအတိုင်း မြို့တွင်းစက်မှုလုပ်ငန်းများ ပိတ်သိမ်းပေးရေး ကြွေးကြော်သံဖြင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ကြသည်။ အဆိုပါအဖွဲ့သည် ထွေ/အုပ်ရုံးရှေ့၊ စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့နှင့် လျှပ်စစ်ရုံးရှေ့များ၌ မြို့တွင်းစက်မှုလုပ်ငန်းများ ပိတ်သိမ်းပေးရေး သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးရန် ဟောပြောတောင်းဆိုကြသည်။

ဆန္ဒပြပွဲမတိုင်မီ ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီက ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့် ဦးဟန်ဇော်ဝင်း၊ ဒေါ်ဇင်နီနီဝင်း၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် စက်မှုဇုန်လုပ်ငန်းရှင်များသည် စက်မှုဇုန်ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်ရန်အချက်များ၊ မြို့တွင်းစက်မှုလုပ်ငန်းများပိတ်သိမ်းရေး၊ လုပ်ငန်းအမျိုးအစားအလိုက် ပိတ်သိမ်းရေးတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားရန် ညှိနှိုင်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ချက္ကမတိုင်းရင်းသားမျိုးနွယ်စုများ အကြမ်းဖက်တိုက်ခိုက်ခံရမှုအတွက် ဆန္ဒဖော်ထုတ်

**မောင်တော ဇွန် ၁၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းတောင်တန်းဒေသ ရင်ဂါမတီခရိုင်အတွင်းရှိ ချက္ကမတိုင်းရင်းသား မျိုးနွယ်စုများ အကြမ်းဖက်တိုက်ခိုက်ခံရမှုအတွက် ယနေ့ မွန်းလွဲပိုင်းက မောင်တောမြို့နယ် (၃)မိုင်ဂိတ်အနီးရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ရှေ့၌ မောင်တောမြို့ပေါ်နှင့် ကျေးရွာများမှ ရခိုင်တိုင်းရင်းသားများနှင့် မျိုးနွယ်စုများက ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ **(ယာပုံ)**

ယနေ့ ဆန္ဒဖော်ထုတ်ပွဲကို မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ထံ တရားဝင်ခွင့်ပြုချက်ရယူပြီး အင်အား ၃၀၀ ခန့်ဖြင့် ဆန္ဒဖော်ထုတ်ခြင်းဖြစ်ကြောင်း ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်သူများထံမှ သိရသည်။

ထို့အတူ ဇွန် ၁၀ ရက်က ဘူးသီးတောင်မြို့နယ် လောင်းချောင်းကျေးရွာတွင် ချက္ကမတိုင်းရင်းသားများ စုပေါင်းပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းတောင်တန်းဒေသ ရင်ဂါမတီခရိုင်အတွင်း ချက္ကမတိုင်းရင်းသားမျိုးနွယ်စုများ အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသွားသူများအတွက် ဆုတောင်း အမျှဝေခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊**
**အောင်ကျော်စိန်(ခရိုင်ပြန်/ဆက်)**
**ဓာတ်ပုံ-ရဲထွဋ်**



## လေပြင်းတိုက်ခတ်မှုကြောင့် စေတီများနှင့် သာသနိကအဆောက်အအုံများပျက်စီး

**ရွှေကျင် ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ဇွန် ၁၂ ရက် ညနေ ၅ နာရီက မိုးသည်းထန် စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် စေတီများနှင့် သာသနိကအဆောက်အအုံများ ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ရွှေကျင်မြို့ပျဉ်းမပင်ရပ်ကွက်၌ တည်ထားကိုးကွယ်လျက်ရှိသော သမိုင်းဝင် အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီတော်၏အထက် ငှက်မြတ်နားတော်အောက်မှစ၍ တောင်မှမြောက်ဘက်သို့ အနည်းငယ်တိမ်းစောင်းခဲ့ရာ ကာလတန်ဖိုး ငွေကျပ် ၁၅ သိန်းခန့် ပျက်စီးခဲ့ပြီး ပဒဲကောကျေးရွာအုပ်စု ဘုရားကြီးကျေးရွာရှိ သမိုင်းဝင် ကျောက်မော်ဘုရားကြီး၏ အရံစေတီနှစ်ဆူမှ ထီးတော်များ မြေခခြင်းနှင့် ဘုရားဓမ္မာရုံအနီးရှိ ခရေပင်လဲပြိုခြင်းကြောင့် သွပ်အချပ် ၂၀ ပျက်စီးခဲ့ရာ ကာလတန်ဖိုးငွေကျပ် ငါးသိန်းခန့် ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် စုစုပေါင်း ကာလတန်ဖိုးငွေကျပ် သိန်း ၂၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ညောင်လေးပင်မြို့နယ်၌ တရားစီရင်ချက်ချရာတွင် မှန်ကန်မှုမရှိဟုဆိုကာ ဆန္ဒထုတ်ဖော်

**ညောင်လေးပင် ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်းကျေးရွာ၌ ဖြစ်ပွားသောအမှုအား စီရင်ချက်ချရာတွင် မှန်ကန်တရားမျှတမှုမရှိဟုဆိုကာ မြို့နယ်တွဲဖက်တရားသူကြီး၏ စီရင်ချက်အား ကန့်ကွက်ဆန္ဒထုတ်ဖော်ခြင်းကို ဇွန် ၁၄ ရက် နံနက် ၇ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဆန္ဒထုတ်ဖော်ရာတွင် ကိုလတ်လတ်မင်း၊ ကိုသီဟထွေး၊ မသီသီဝင်းနှင့် မအေးတို့ ဦးဆောင်၍ အင်အား ၁၀၀ ခန့်ဖြင့် ပုဇွန်မြောင်းကျေးရွာ ရွာလယ်ပိုင်းမှစတင်၍ ညောင်လေးပင်- မဒေါက်ကားလမ်း၊ ဘုရားကြီးလမ်း၊ ဗိုလ်ချုပ်လမ်း၊ ရုံးလမ်း၊ တရားရုံးလမ်းမှ မြို့နယ်တရားရုံးရှေ့အထိ မှန်ကန်မှုမရှိသော တရားစီရင်မှုပြန်လည်ပြုပြင်ပေးရေးဆိုင်းဘုတ်ပါစာသားများကိုင်ဆောင်၍ စီတန်းလှည့်လည် ကြွေးကြော်ခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၆ ရက်တွင် ညောင်လေးပင်မြို့နယ် တွဲဖက်တရားသူကြီးရုံးမှ ၅၈၀/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ (၂၉၄/၃၂၅/၁၁၄)အမှုအား စီရင်ချက်ချရာတွင် ဓားဖြင့်ရင်ဘတ်အား အထိုးခံရပြီး ညာလက်ဖျံအား ဓားဖြင့်ထုတ်ချင်းပေါက် အထိုးခံရသူ မစန်းအိထွေးနှင့် ဖျန်ဖြေပေးသူ ကိုသိန်းဇော်ဦးတို့အား ထောင်ဒဏ်တစ်လ အပြစ်ပေးပြီး ဓားဖြင့်ထိုးသူ ကိုခင်ဇော်ကိုလည်း ထောင်ဒဏ်တစ်လနှင့် ခုနစ်ရက်သာ အပြစ်ပေးသည့်အတွက် မှန်ကန်မှုမရှိသော ဆုံးဖြတ်ချက်အား အဖြစ်မှန်ကို သိထားသူရွာသားများမှာ မခံနိုင်သောကြောင့် အမှန်တရားပေါ်ပေါက်စေရန်နှင့် မှန်ကန်မှုမရှိသော မြို့နယ်တွဲဖက်တရားသူကြီး၏ စီရင်ချက်အား ပြန်လည်စိစစ်ဆုံးဖြတ်ရန် ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်အောင်လှိုင် (ညောင်လေးပင်)**



## စစ်တွေမြို့၌ မဏ္ဍိုင်လေးရပ် တွေ့ဆုံဆွေးနွေး

**စစ်တွေ ဇွန် ၁၄**

ရခိုင်ပြည်နယ် မဏ္ဍိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဇွန် ၁၄ ရက် နံနက် ၉ နာရီကပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအောင်လှထွန်းတို့က အမှာစကား ပြောကြားကြသည်။

ဆွေးနွေးပွဲတွင် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် မီဒီယာကဏ္ဍတို့မှ မိမိတို့မဏ္ဍိုင်အလိုက် တက်ကြွစွာဆွေးနွေးကြပြီး ဆွေးနွေးချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။ရခိုင်ပြည်နယ်အတွင်း ယခုပြုလုပ်သော မဏ္ဍိုင်လေးရပ်တွေ့ဆုံဆွေးနွေးပွဲသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် ပထမဆုံးပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အတွင်းရှိ သတင်းဌာနများ၊ သတင်းစာဂျာနယ်တိုက်များမှ ထုတ်ဝေသူများနှင့် အယ်ဒီတာချုပ်၊ အယ်ဒီတာ၊ သတင်းထောက်များ၊ ရခိုင်ဘာသာဖြင့် ထုတ်ဝေနေကြသော တိုင်းရင်းသားမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကိုကြီးစော**

## မိုးရာသီ သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်ဆေးဖျန်း

**မုံရွာ ဇွန် ၁၄**

မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအဖြစ် မုံရွာမြို့ပေါ် ၂၃ ရပ်ကွက်အနက် ရပ်ကွက် ၁၀ ခုတွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ပြီး ရပ်ကွက် ခုနစ်ခုတွင် လုပ်ကိုင်ဆဲဖြစ်ကာ ရပ်ကွက်ခြောက်ခုတွင် လုံးဝမလုပ်ကိုင်ရသေးသည့်အတွက် ကျန်ရပ်ကွက်တွင်ပါဝင်သည့် ကန်သာဦးရပ်ကွက်(ခ)အင်းရွာသစ်ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ကြရန် ဆော်သြခြင်းများကို ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ကျန်းမာရေး သင်တန်းကျောင်းတက်နေသူများ စုပေါင်း၍ ဇွန် ၁၄ ရက်က ပြုလုပ်ခဲ့သည်။

သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းနှင့် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာ သံလွင်ထွန်း တို့ဦးဆောင်၍ ခရိုင်နှင့် မြို့နယ် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသခံများ ပူးပေါင်း၍ ကန်သာဦး(ခ)အင်းရွာသစ်ရပ်ကွက်အတွင်း ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်းများနှင့်အတူ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## လေဘေးသင့်အိမ်ထောင်စုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးစည်းဝေး

**ပုဏ္ဏားကျွန်း ဇွန် ၁၄**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ်၌ ဇွန် ၁၂ ရက် နံနက် ၂ နာရီ ၁၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ယိုးတရုတ်စံပြကျေးရွာ၌ နေအိမ် ၁၈ လုံးနှင့် အောင်ဆိပ်ကျေးရွာ၌ နေအိမ် ၁၆ လုံးတို့ ကျွတ်ပါသွားပြီး လူနှစ်ဦး သေဆုံးကာ ခြောက်ဦး ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သည်။

အဆိုပါ နေအိမ်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဇွန် ၁၄ ရက်မွန်းတည့် ၁၂ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဋ္ဌေးနှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ရပ်ကွက် /ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော လူနေအိမ်များ ပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားရန်၊ လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ စေတနာရှင်ပြည်သူများ၏ အလှူပစ္စည်းများရရှိပါက ကော်မတီမှ စနစ်တကျ လက်ခံပြီး လေဘေးသင့်ပြည်သူများထံ စနစ်တကျ ဖြန့်ဝေပေးသွားရန်၊ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ကူညီပေးသွားကြရန် စသည်ဖြင့်မှာကြားသည်။

ကော်မတီများက လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများနှင့် လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးတင်ပြပေးကြရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဋ္ဌေးက စီမံဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**နီထွန်းအောင် (ပြန်/ဆက်)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးဆောင်ရွက်

**နေပြည်တော် ဇွန် ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄၆ စီး၊ သွင်းကုန် ၅၄၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈ စီး၊ သွင်းကုန် အစီး၁၅၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၇၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၃ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Honda CRV၊ Toyota Mark II၊ Toyota Alphard၊ Honda Odyssey၊ Honda Fit နှင့် Honda Airwave ယာဉ်တို့အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဆိုပါယာဉ် ခြောက်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၆ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနီး၌ ကျွန်းပါကေးပြားများနှင့်ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ



**မူဆယ် ဇွန် ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနီး၌ ဇွန် ၁၃ ရက် နံနက် ၂ နာရီခန့်က ကျွန်းပါကေးပြားများနှင့် ကျောက်စိမ်းဟုယူဆရသော ကျောက် တုံးများဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးမြင့်သူရ ဦးစီးအဖွဲ့သည် ကုန်သွယ်ရေးဇုန်အနီးတွင် တရားမဝင် မော်တော်ယာဉ်များဖြတ်သန်းသွားလာလျက်ရှိကြောင်း သတင်းပေးပို့လာသဖြင့် OSS မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တာဝန်ပေးတားဆီးစေခဲ့ရာ ဇွန် ၁၃ရက် နံနက် ၂ နာရီခန့်တွင် လားရှိုးမှ မူဆယ်ဘက်သို့ တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်မောင်းနှင်လာသော ခြောက်ဘီးယာဉ်နှစ်စီးနှင့် ယာဉ်ငယ်တစ်စီးတို့သည် ၁၀၅ မိုင် အရောက် ကုန်သွယ်ရေးဇုန်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းနှင့် ဦးစီးအရာရှိ ဦးဝေဦးမောင်နှင့် OSS မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မသင်္ကာသဖြင့် အဆိုပါယာဉ်သုံးစီးအား ကုန်သွယ်ရေးဇုန်အတွင်းသို့ ခေါ်ဆောင်၍ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်မှူးထံသို့အပ်နှံကာ ယာယီထိန်း သိမ်းထားခဲ့ပြီး စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယာဉ်အမှတ် 7E/-----Center ခြောက်ဘီးယာဉ်ပေါ်မှ စားသုံးကုန်နှင့် လူသုံးကုန်များ၊ ကျွန်းပါကေးပြား ၁၀ ထုပ်ကို လည်းကောင်း၊ 1F/---- Centa ပေါ်မှ စားသုံးကုန်နှင့် အင်ဂျင်ဝိုင်ပီပါ တစ်လုံး၊ ကျွန်းပါကေးပြား ရှစ်ထုပ်၊ ကျွန်းကုလားထိုင်အကြမ်းလေးလုံးကို လည်းကောင်း၊ ယာဉ်အမှတ် AYY. EE/---- AD Vin ယာဉ်ပေါ်မှ စားသုံးကုန်နှင့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဆိုက်စုံ ငါးတုံးတို့ကို လည်းကောင်း စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါဖမ်းဆီးရမိထားသော ယာဉ်သုံးစီးအား အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ပေးရန်အတွက် ကုန်သွယ်ရေးဦးစီးဌာနမှ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-သန့်ဇင်(မူဆယ်)**

# ငွေဆောင်မြို့နယ်၌ အဆိပ်လူးမြားဒဏ်ရာဖြင့် သေဆုံးနေသည့် ဟိုင်းဆင်တစ်ကောင်တွေ့ရှိ

**ငွေဆောင် ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ မဒေ့ါကုန်းကျေးရွာအုပ်စု မဒေ့ါကုန်းကျေးရွာ ချောင်းသာသစ်တောကြိုးဝိုင်းအမှတ်(၂၇) ကြက်တူရွေး ချောင်းဖျားအနီးတွင် ဆင်တစ်ကောင်သေဆုံးနေကြောင်း သတင်းအရ ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက သလပ်ခွဲရဲစခန်းမှူး၊ ပုသိမ်မြို့နယ် တောအုပ်ကြီးနှင့်အဖွဲ့၊ ပုသိမ် တောင်သစ်ထုတ်လုပ်ရေးမှ လက်ထောက်မန်နေဂျာနှင့် ဆင်ဆရာဝန် ဦးသန်းညွန့်ဦး ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးနေသည့်ဆင်မှာ အထီးဖြစ်ပြီး ဟိုင်းဆင်အမျိုးအစားဖြစ်ကြောင်း၊ အသက် ၂၅ နှစ်မှ ၃၀ နှစ်ကြားရှိသော တောဆင်ရိုင်းတစ်ကောင်ဖြစ်ကြောင်းနှင့် ဝဲ/ယာပါးပြင်နှင့် ယာလက်မောင်းတို့တွင် အဆိပ်လူးမြားဒဏ်ရာများဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဆင်သေအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မူမူ (ပြန်/ဆက်)**



# မိတ္ထီလာတွင် ခရီးသည်ယာဉ်နှင့်ဆိုင်ကယ်တိုက်မှုဖြစ်၊ ဆိုင်ကယ်စီးနင်းသူနှစ်ဦး သေဆုံး

**မိတ္ထီလာဇွန် ၁၄**

မိတ္ထီလာမြို့နယ် ခရိုင်အားကစားကွင်းအနီး မိတ္ထီလာ-သာစည်ကားလမ်းပေါ်တွင် ဇွန် ၁၃ ရက် ည ၁၀ နာရီက ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ်တို့ တိုက်မှုဖြစ်ပွားရာ ဆိုင်ကယ်မောင်းနှင်သူနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

မိတ္ထီလာ-သာစည်ကားလမ်း မိုင်တိုင်အမှတ် (၁/၁) နှင့် (၂/၂) အကြား ခရိုင်အားကစားကွင်းအနီး သာစည်မြို့နယ်ဘက်မှ မိတ္ထီလာဘက်သို့ ယာဉ်မောင်းကျော်သူဝင်း (၂၉ နှစ်) စံပြကျေးရွာနေထိုင်သူ မောင်းနှင်လာသည့် ယာဉ်အမှတ် 3J / ---- ဟွန်ဒိုင်း ခရီးသည်တင်ယာဉ်နှင့် မျက်နှာချင်းဆိုင်မှ အမည်၊ နေရပ် စုံစမ်းဆဲ အမျိုးသား နှစ်ဦးမောင်းနှင်လာသည့် ၅၄ယ /----- ၁၂၅ ဆိုင်ကယ်တို့ ယာဉ်တိုက်မှုဖြစ်ပွားရာ ဆိုင်ကယ်မောင်းနှင်သူ နှစ်ဦး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်ကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ကျော်သူဝင်းနှင့် ဆိုင်ကယ်မောင်းနှင်သူတို့အား မိတ္ထီလာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

# မောင်တောမြို့နယ်၌ မသင်္ကာသူ သုံးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ပြို-ကြိမ်ချောင်း ကားလမ်း၌ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်ခဲ့စဉ် မသင်္ကာသူသုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ အဆိုပါ ဖမ်းဆီးရမိသူများမှာ မောင်တောမြို့နယ် မင်းကြီးအုပ်စု တူလာတူလီ ကျေးရွာနေ အာမာဒူရ်လာအပါအဝင်သုံးဦးဖြစ်ပြီး ၎င်းတို့အား ဇွန် ၁၃ ရက် ညပိုင်းက ကြိမ်ချောင်းနယ်မြေရဲစခန်း၌ လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေဖြင့် အမှုဖွင့်စစ်ဆေး လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၄**

မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၃ ရက် ညနေပိုင်းက ကျိုင်းတုံမြို့ နောင်ဖာရဲကင်းရှေ့ကားလမ်းပေါ်တွင် စိုင်းယီတစ်မင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-မိုင်းလားသွားကားလမ်း ပန်ဟုတ်(အပေါ်)ကျေးရွာအနီးတွင် အားဖြန် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀ ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၃ ရက် နံနက်ပိုင်းက ကလောမြို့အထွက် ကလော-သာစည်သွားကားလမ်းပေါ်တွင် မောင်စိုး မောင်းနှင်ပြီး အောင်မှတ်လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁၀ နှင့် ငွေကျပ် ၃ ဒသမ ၅ သိန်းကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၉) မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းတွမ်-မိုင်းဆတ်သွား ကားလမ်း ဖားဟကျေးရွာအနီးတွင် မနာလော မောင်းနှင်ပြီး မနာမွေး လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# သမီးရည်းစားချိန်းတွေ့စဉ် လူသတ်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်နေ မ---(၃၁နှစ်)သည် ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက ရည်းစားဖြစ်သူ မြစ်သားမြို့နယ် ပေါမောကျေးရွာနေ ပြည့်ဖြိုးဦး(ခ) ဖြိုးတင့်(၂၁နှစ်)နှင့် ကံဆွယ်အုပ်စုရှိ နှမ်းစိုက်ခင်းအတွင်း၌ ချိန်းတွေ့စဉ် စကားများရန်ဖြစ်ရာ ပြည့်ဖြိုးဦး(ခ)ဖြိုးတင့်က အသင့်ပါလာသည့် အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန်ဖြင့်ထိုးသောကြောင့် မ----တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားသဖြင့် ပြည့်ဖြိုးဦး(ခ)ဖြိုးတင့်အား ကူမဲနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# မိုးကြိုးထိမှန်၍ လူတစ်ဦး သေဆုံး

**သနပ်ပင် ဇွန် ၁၄**

ကုလားချောင်းကြီးကျေးရွာအရှေ့ဘက် ခုနစ်မိုင်ခန့်အကွာရှိ ကမ်းပြိုကျေးရွာတွင် ဇွန် ၁၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က လူတစ်ဦးမိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့သည်။

သေဆုံးသူမှာကမ်းပြိုကျေးရွာနေ မကျင်ထွေး (၃၀နှစ်) ဖြစ်ပြီး နေအိမ်မှ ကျီးပင်စုကျေးရွာသို့ ဈေးဝယ်သွားပြီး နေအိမ်သို့ပြန်လာရာ ကမ်းပြိုကျေးရွာ အနောက်ဘက် ကိုက် ၂၀၀ ခန့်အကွာ လယ်ကွင်းထဲတွင် မိုးကြိုးပစ်ခံရပြီး ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်း သိရသည်။ **လှမိုး(ပြန်/ဆက်)**



# လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

**လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ" ဟု ခေါ်တွင်စေရမည်။

၂။ လယ်ယာမြေဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) မြေနုကျွန်းမြေဆိုသည်မှာ ရေအောက်သို့ နစ်မြုပ်လေ့ရှိပြီး နှစ်စဉ် ရေကြောင်းအနေအထားအရ မြေသားနှင့် ပုံသဏ္ဌာန် ပြောင်းလဲတတ်သည့် ခိုင်မြဲမှုမရှိသော မြေကိုဆိုသည်။"

(ခ) ပုဒ်မခွဲ (င) ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်း ပြင်ဆင်ရမည်-

"(င) တောင်သူလယ်သမားဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ကိုက်ညီသူကို ဆိုသည်။

(၁) မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်စလုံးကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ။"

(ဂ) ပုဒ်မခွဲ (ဠ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဠ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။"

(ဃ) ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဍ) ဦးစီးဌာနဆိုသည်မှာ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ဆိုသည်။"

၃။ လယ်ယာမြေဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ ဤဥပဒေ ပုဒ်မ ၄၊ ၅၊ ၆၊ ၇၊ ၈ နှင့် ၉ တို့ပါ ပြဋ္ဌာန်းချက်များသည် မြေနုကျွန်းမြေ လုပ်ပိုင်ခွင့်ချထားခြင်းနှင့် မသက်ဆိုင်စေရ။"

၄။ လယ်ယာမြေဥပဒေပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ချထားခြင်းကိစ္စရပ်များအတွက် ဤဥပဒေအရ ပြုသည့်နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။"

၅။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ တွင်-

(က) ပုဒ်မခွဲ (ခ) ပါ "ဝန်ကြီးဌာနက စည်းကြပ်သော" ဆိုသည့်စကားရပ်ကို "တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ) ပါ " ဦးစီးဌာနက သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခ " ဆိုသည့်စကားရပ်ကို "တည်ဆဲဥပဒေအရ သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(စ)ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ဇ) ပါ "သီးနှံ"ဆိုသည့်စကားရပ်ကို "ရာသီသီးနှံ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မခွဲ (ည)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ည)သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က ဥပဒေ နှင့်အညီ ချမှတ်သောအမိန့်ကို လိုက်နာရမည်။"

၆။ လယ်ယာမြေဥပဒေပုဒ်မ ၁၃ ကို ပယ်ဖျက်ရမည်။

၇။ လယ်ယာမြေဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) တွင်ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို " စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ " ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန" ဆိုသည့် စကားရပ်ကို " လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ လယ်ယာမြေဥပဒေပုဒ်မ ၁၉ တွင် ပါရှိသော " ဝန်ကြီးဌာနက" ဆိုသည့် စကားရပ်ကို "ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ လယ်ယာမြေဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၀။ ပုဒ်မ ၁၉ အရ ချမှတ်သောအမိန့်ကို လိုက်နာခြင်းမရှိသည့် မည်သူကိုမဆို ယင်းအမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သော်လည်းကောင်း၊ ယင်းအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်ကသော်လည်းကောင်း၊ သက်ဆိုင်ရာ တရားရုံးတွင် ဦးတိုက်လျှောက်ထားတရားစွဲဆိုနိုင်သည်။"

၁၀။ လယ်ယာမြေဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၁။ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူသည် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်ကောက်ခံသည့် အခွန်အခများကို ပေးဆောင်ရန် ပျက်ကွက်လျှင် ထိုအခွန်အခများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ဥပဒေနှင့်အညီ ကောက်ခံခြင်းခံရမည်။"

၁၁။ လယ်ယာမြေဥပဒေပုဒ်မ ၂၈ တွင်-

(က) ခြေဆင်း၌ပါရှိသော " မူလစိုက်ပျိုးလျက်ရှိသည့်" ဆိုသည့် စကားရပ်၏နောက်တွင် "ရာသီ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (က)၌ ပါရှိသော " လယ်မြေတွင် "ဆိုသည့် စကားရပ်၏နောက်တွင် "ရာသီသီးနှံမှ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော " လယ်ယာမြေတွင်" ဆိုသည့် စကားရပ်၏နောက်တွင် "ရာသီသီးနှံမှအခြား" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၂။ လယ်ယာမြေဥပဒေပုဒ်မ ၃၁ တွင်ပါရှိသော" ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်သည်။" ဆိုသည့်စကားရပ်ကို "ယင်းလယ်ယာမြေအား အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ကို ပယ်ဖျက်ရမည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ လယ်ယာမြေဥပဒေပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၅။ မည်သူမဆို ပုဒ်မ ၁၉ အရ ချမှတ်သော အမိန့်ကို ဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုတွင် ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ဖြစ်စေ၊ လိုက်နာရန် ပျက်ကွက်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၁၄။ လယ်ယာမြေဥပဒေပုဒ်မ ၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၇။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းအောက် မနည်းသည့် ငွေဒဏ်ကိုဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော ငွေနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။"

၁၅။ လယ်ယာမြေဥပဒေပုဒ်မ ၃၇ ၏ နောက်တွင် ပုဒ်မ ၃၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၇-က။ မည်သူမဆို ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်မရရှိဘဲ လယ်ယာမြေကို ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဤဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်ရရှိထားသည့် လယ်ယာမြေအပေါ် ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရလျှင်သော်လည်းကောင်း ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၁၆။ လယ်ယာမြေဥပဒေပုဒ်မ ၄၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၄၁။ ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၇-က တို့အရ တရားစွဲဆိုသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။"

# ရှမ်းပြည်နယ်လွှတ်တော်နှင့် ရှမ်းပြည်နယ်အရပ်ဘက်လူမှုအဖွဲ့အစည်းများကြား ထိရောက်သောအလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

**တောင်ကြီး ဇွန် ၁၄**

ရှမ်းပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် UNDP တို့ ပူးပေါင်းဆောင်ရွက်သော ရှမ်းပြည်နယ်လွှတ်တော်နှင့် ရှမ်းပြည်နယ်အရပ်ဘက်လူမှုအဖွဲ့အစည်းများကြား ထိရောက်သော အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၁ ရက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဒီမိုကရေစီအသွင်ကူးပြောင်းသည့် ယနေ့ခေတ်ကြီးမှာ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှု အခန်းကဏ္ဍဟာ ပေါ်လွင်ထင်ရှားလာပြီ ဖြစ်ကြောင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့် မိမိဒေသမှာရှိသည့် ပြည်သူများ၊ ပြည်သူများ ရင်ဆိုင်နေရသော အခက်အခဲများ၊ ပြဿနာများနှင့် စိန်ခေါ်မှုများကို ထဲထဲဝင်ဝင်သိရှိအောင် လေ့လာပြီး ပြည်သူများ၏လိုအပ်ချက် ခံစားချက်များကို ဖြည့်ဆည်းပေးနေသည့် လွှတ်တော်နှင့်ပူးပေါင်းကာ ယခုလို အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ရလဒ်များကို ပြန်လည်သုံးသပ်ဆွေးနွေးပြီး အတည်ပြုချက်များကို အကောင်အထည်ဖော်ရန်အတွက် ရှေ့လုပ်ငန်းစဉ်အဖြစ် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်နှင့် ရှမ်းပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက် ဥက္ကဋ္ဌ ဒေါ်နန်းမိုမိုသီတာက ကွန်ရက်အကြောင်း မိတ်ဆက်တင်ပြခြင်း၊ ရန်ကုန် UNDP အရာရှိ Mr.Phillip က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲများ ဆက်လက်ကျင်းပကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



# နိုင်ငံတကာပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ မည်သူမဆို အခမဲ့ရယူလျှောက်ထားနိုင်

**တောင်ကြီး ဇွန် ၁၄**

အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဆွစ်ဇာလန်၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ တရုတ် အစရှိသည့် နိုင်ငံများမှ တက္ကသိုလ်များ၊ ကောလိပ်များနှင့် Myanmar Search International (MSI) တို့ပူးပေါင်း ကျင်းပသော နိုင်ငံခြားပညာရေး ဝန်ဆောင်မှုနှင့် ပညာရေးအတိုင်ပင်ခံနယ်ပယ်တွင် ၁၀ နှစ်သက်တမ်းရှိပြီး ASEAN AWARD နှင့် The Most Outstanding Agent Awards ဆုတံဆိပ်များ ရရှိထားသည့် MSI 7th Global Education Fair နိုင်ငံတကာပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ရန်ကုန်မြို့ Sule Shangri-La ဟိုတယ်(ပဲခူး)ခန်းမ၌ ဇွန် ၂၃ ရက်တွင် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီထိ လည်းကောင်း၊ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ဇွန် ၂၄ ရက်တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိလည်းကောင်း၊ တောင်ကြီးမြို့ Royal Star ဟိုတယ်၌ ဇွန် ၂၅ ရက်တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲနေ့တွင် တက်ရောက်လျှောက်ထားသော ကျောင်းသားကျောင်းသူများနှင့် မိဘများအား နိုင်ငံတကာတက္ကသိုလ်များမှ တာဝန်ရှိသူများကိုယ်တိုင် တစ်ဦးချင်း တိုက်ရိုက်ဆွေးနွေးပေးမည်ဖြစ်ပြီး ကျောင်းတက်ရောက် ပညာသင်ကြားနေသူအတွက် (Intership Program) နှင့် တက်ရောက်ပြီးဆုံးသူများ အတွက် Partner Companies များတွင် အလုပ်ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများကို ရရှိနိုင်ကြောင်း၊ နိုင်ငံတကာပညာရေးကို စိတ်ဝင်စားပြီး ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးငွေ လျှောက်ထားလိုသော ကျောင်းသား ကျောင်းသူများသည် လိုအပ်သော ပညာအရည်အချင်း စာရွက်စာတမ်းများ ပြည့်စုံစွာဖြင့် ဖော်ပြပါနေ့တွင် ဝင်ရောက်လျှောက်ထားနိုင်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၉-၄၂၀၀၃၇၆၁၆ နှင့် ၀၁-၂၅၀၉၂၉ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရှိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# လမ်းကြမ်းတယ်၊ လမ်းချောတယ်ဆိုတာ ဘာလဲ

**မိုးအေး**

"ဆရာ၊ မတွေ့ဖြစ်တာတောင် ကြာပြီနော်။ ကျွန်တော် ဆရာ့ကို မေးစရာတစ်ခုရှိလို့ပါ ။ လမ်းကြမ်းတယ်၊ လမ်းချောတယ်ဆိုတာဘယ်လိုအခြေအနေမျိုးကို ခေါ်တာပါလဲ ဆရာ"

"လမ်းကြမ်းတယ်၊ လမ်းချောတယ်ဆိုတာ လမ်းရဲ့ Riding Quality ကို ပြောတာ"

"ဩော် -ဟုတ်လား၊ ကျွန်တော်က Driving Quality မှတ်လို့"

"အေး... မောင်ရင့်လိုပဲ အင်ဂျင်နီယာ တော်တော်များများက Driving Quality လို့ မှားပြောတတ်ကြတယ်။ Riding Quality က ယာဉ်စီးသူတွေ (ယာဉ်မောင်းသူရောခရီးသည်ပါ) အားလုံးကိုကိုယ်စားပြုတဲ့ လမ်းအခြေအနေကို ပြောတာ။ Driving Quality ကတော့ ယာဉ်မောင်းသူကိုပဲ ကိုယ်စားပြုတာ ။ ဒီတော့ လူအနည်းငယ်နဲ့သာ သက်ဆိုင်ပြီး ပြည်သူလူထု အများစုကို ကိုယ်စားမပြုဘူး။ Riding Quality ကို စီးတဲ့အရည်အသွေး၊ Driving quality ကိုမောင်းတဲ့ အရည်အသွေးလို့ ဘာသာပြန်ရင် ပိုရှင်းမယ်ထင်တယ်။ အမှန်တကယ်တော့ လမ်းဒီဇိုင်းပုံစံထုတ်သူရဲ့ အဓိကတာဝန်က လမ်းကို Riding Quality ကောင်းအောင် (ခရီးသည်တွေ ဘေးအန္တရာယ်ကင်းပြီး လွယ်ကူချောမွေ့လျင်မြန်စွာသွားလာနိုင်အောင်) လုပ်ရတာဖြစ်တယ် ။ Riding Quality ကောင်းမှ ယာဉ်စီးသူတွေ ဘေးအန္တရာယ်ကင်းမယ်။ သက်သောင့်သက်သာရှိမယ်။ လိုရာခရီးကို မြန်မြန်ရောက်မယ်။ ကုန်ကျစရိတ် သက်သာမယ် "

"ဟုတ်ကဲ့။ Riding Quality ကို ဘယ်လိုတိုင်းပါလဲ ဆရာ"

"Riding Quality ကို လမ်းရဲ့ Roughness နဲ့ တိုင်းတယ်။ Roughness များရင် လမ်းကြမ်းပြီး roughness နည်းရင် လမ်းချောတယ် ။ ဒီနေရာမှာ အထူးသတိပြုရမှာက လမ်းရဲ့ roughness နဲ့ texture ကို ကွဲကွဲပြားပြား နားလည်ဖို့ပဲ။ လမ်းချောတယ် (လမ်းရဲ့ roughness နည်းတယ်ဆိုတာ) လမ်းမျက်နှာပြင်ညီညာတာ၊ လှိုင်းမရှိတာကို ပြောတာ။ လူတော်တော်များများက လမ်းချောတယ်ဆိုတာ လမ်းမျက်နှာပြင် သမံတလင်းလို ချောနေမှုလို့ ထင်ကြတယ်။ အမှန်တကယ်တော့ လမ်းမျက်နှာပြင်ဟာ သမံတလင်းလိုချောနေရင် ယာဉ်တွေလမ်းချော်တိမ်းမှောက်နိုင်တာကြောင့် လမ်းမျက်နှာပြင်မှာ ဖြုတ်လေးတွေရှိအောင် (သမံတလင်းလို ချောမနေအောင်) skid resistant application တွေ မျိုးစုံနဲ့ လုပ်ပေးရတယ်။ ဒီလို လမ်းမျက်နှာပြင် သမံတလင်းလိုချောတဲ့ အခြေအနေ ဒါမှမဟုတ် ဖြုတ်လေးတွေရှိတဲ့ အခြေအနေကိုကျတော့ လမ်းရဲ့ texture လို့ ခေါ်တယ်"

"လမ်းမျက်နှာပြင်ကို သမံတလင်းလို ချောမနေအောင် လုပ်တဲ့။ skid resistant application တွေ အကြောင်း ရှင်းပြပါဦး ဆရာ"


"နိုင်လွန်ကတ္တရာလမ်းလို့ခေါ်ကြတဲ့ နိုင်လွန်သားလိုချောနေတဲ့ ကတ္တရာကွန်ကရစ် (Asphalt Concrete) အမျိုးအစားလမ်းဆိုရင် မျက်နှာပြင်ကချောနေတတ်လို့ ကတ္တရာကွန်ကရစ်လမ်းရဲ့မျက်နှာပြင်ပေါ်ကနေ ကတ္တရာထပ်လောင်းပြီး ကျောက်သေးလေးတွေကို ဖြုတ်လေးတွေဖြစ်လာအောင် ဖြူးပေးရတယ်။ ကွန်ကရစ်လမ်း (Cement Concrete) အမျိုးအစား လမ်းဆိုရင်တော့ ကွန်ကရစ်အသားမသေခင်မှာ သံဘရပ်နဲ့အစင်းကြောင်းတွေ ခြစ်ပေးရတယ်။ တချို့ ကွန်ကရစ်ခင်းစက်တွေမှာ မျက်နှာကြမ်းအောင်လုပ်တဲ့စက်ပါ တစ်ခါတည်း ပါတတ်တယ်။ တကယ်လို့ မပါရင်လည်း မျက်နှာကြမ်းအောင်လုပ်တဲ့ စက်သပ်သပ်ကို ကွန်ကရစ်ခင်းစက်နဲ့ အတူ တွဲဝယ်လို့ရတယ်"

"ဒါဆို လမ်းချောတယ်ဆိုတာ လမ်းမျက်နှာပြင်ပြောင်ချောနေတာကိုပြောတာ မဟုတ်ဘဲ လမ်းမျက်နှာပြင် ညီတာကို ဆိုလိုတာပေါ့နော်ဆရာ"

"ဟုတ်တယ်။ လမ်းကြမ်းတယ်ဆိုတာ လမ်းမျက်နှာပြင် မညီတာ။ လမ်းမျက်နှာပြင်ပေါ်မှာ လှိုင်းတွေဖြစ်နေတာကို ပြောတာ။ လမ်းမျက်နှာပြင်ပေါ်မှာ အလျားလိုက် ဒါမှမဟုတ် အနံလိုက်လှိုင်းရှိနေရင် လမ်းကြမ်းတယ်လို့ ခေါ်တယ်။ လှိုင်းရှိနေတဲ့လမ်းမှာ ယာဉ်တွေမြန်မြန်မောင်းရင် တိမ်းမှောက်တတ်တယ်။ လမ်းကြမ်း။လမ်းမျက်နှာပြင်ပေါ်မှာ လှိုင်းများလေလေ၊ ယာဉ်မြန်မြန်မောင်းရင် တိမ်းမှောက်တတ်တဲ့ အန္တရာယ်များလေလေပဲ။

လမ်းပုံစံထုတ်တဲ့အခါ လမ်းအသုံးပြုသူအတွက် အသုံးဝင်နိုင်စွမ်း (Functional Performance) ကောင်းဖို့နဲ့ လမ်းကြံ့ခိုင်မှု စွမ်းရည် (Structural Performance ) ကောင်းဖို့ဆိုတဲ့ အဓိကအချက်နှစ်ချက်ကို စဉ်းစားရတယ် ။ လမ်းအသုံးဝင်နိုင်စွမ်း (Functional Performance) ကောင်းရင် လမ်းအသုံးပြုသူတွေ ဘေးအန္တရာယ်ကင်းတယ်၊ ယာဉ်စီးရတာ သက်သောင့်သက်သာရှိတယ်။ ခရီးကြန့်ကြာမှု မရှိဘူး။ ကုန်ကျစရိတ်သက်သာတယ်။ လမ်းကြံ့ခိုင်မှုစွမ်းရည် (Structural Performance) မကောင်းရင် လမ်းကြာရှည်မခံဘူး။ ဒီတော့ မကြာခဏ လမ်းပြင်ရမယ်။ လမ်းမကြာခဏ ပြင်ရရင် ပြည်သူ့ဘဏ္ဍာငွေကုန်မယ်။ လမ်းအသုံးပြုသူတွေ ခရီးဖင့်မယ်။ ကုန်ကျစရိတ်များမယ်"

"ဒါဆို ရန်ကုန်-မန္တလေး အမြန်လမ်းမှာ မော်တော်ယာဉ်တွေ မှောက်တာတွေက ဘာဖြစ်လို့လဲဆရာ"




"အဓိက အကြောင်းရင်းက လမ်းကြမ်းလို့၊ လမ်းမျက်နှာပြင်မညီလို့၊လမ်းတွန့်နေလို့၊ လှိုင်းရှိနေလို့ပဲ။ လမ်းမျက်နှာပြင် မညီတဲ့အတွက်ကြောင့် ကားမြန်မြန်မမောင်းတာတောင် ကားပေါ်ကလူတွေ ယိမ်းထိုးနေကြတယ်။ ကားမြန်မြန်မောင်းတာနဲ့ လမ်းချော်ပြီး ကားမှောက်တာပဲ။ ဒါကြောင့် အမြန်လမ်းတွေမှာ လမ်းမျက်နှာပြင်မှာ လှိုင်းမဖြစ်အောင်ရယ်နဲ့ ယာဉ်တွေ မြန်မြန်မောင်းနိုင်အောင်ရယ်အတွက် မြန်နှုန်းမြင့်လာတာနဲ့အမျှ အလျားလိုက် အနိမ့်အမြင့်(Vertical curve) တွေကို ခွာထားရတယ်။ Vertical curve တွေကပ်နေရင် အနိမ့်အမြင့်နီးသွားရင် လှိုင်းတွေပေါ်လာရောပဲ။ လမ်းကွေ့ (Horizontal Curve) တွေလဲ အနံလိုက်ညီနေမှ လှိုင်းမရှိမှာ။

ဒါ့အပြင် လမ်းခင်းတဲ့အခါ ကွန်ကရစ် ခင်းစက်ကိုင်တဲ့ သူကအနိမ့် ၊အမြင့် ကစားတာကို သေသေချာချာ မညှိဘဲခင်းရင်လည်း လှိုင်းတွေပေါ်လာတယ်။ ဒါကြောင့် လမ်းခင်းတဲ့ အခါမှာ တာဝန်ခံကြီးကြပ်သူတွေရဲ့အတွေ့အကြုံနဲ့ ကြီးကြပ်မှုက အလွန် အရေးကြီးတယ်။ ကြီးကြပ်မှုအားနည်းရင် ဒါမှမဟုတ် အတွေ့အကြုံမရှိလို့ ဘာကိုဂရုစိုက်ပြီးကြီးကြပ်ရမှန်း မသိရင်




ဒီလိုဆိုးကျိုးတွေ ပေါ်လာတတ်တယ်။ လမ်းကွေ့တွေ (Horizontal Curve) လည်းအနံလိုက်ညီနေမှ လှိုင်းမရှိမှာ။

အမြန်လမ်းတွေမှာ သတိထားရမယ့် နောက်တစ်ချက်က လမ်းကွေ့မှာ အဆင်းဖြစ်သွားတဲ့ (downhill bend )နဲ့ လမ်းကွေ့မှာအတက်ဖြစ်သွားတဲ့ (uphill bend ) တို့မဖြစ်အောင် Horizontal Curve နဲ့ Vertical Curve နဲ့ကို ခွာထားရတယ်။ တတ်နိုင်ရင်ရှောင်ရတယ်။ ထပ်သွားရင် အန္တရာယ်ရှိတယ် ထိန်းလို့မရဘူး။ မှောက်မယ် မြေအနေအထားအရ မရှောင်နိုင်လို့ရှိရင် super elevation လို့ခေါ်တဲ့ စက်ဝန်းပြင်းအားထိန်းအနံလိုက် ကန့်လန့်ဖြတ်အစောင်းကို ခွင့်ပြုမြန်နှုန်းနဲ့ ကိုက်အောင်လုပ်ပေးရတယ်။

ကွန်ကရစ်ခင်းစက် (Cement concrete paver) တွေနဲ့၊ ကတ္တရာကွန်ကရစ်ခင်းစက် (Asphalt concrete paver) တွေမှာ လှိုင်းမဖြစ်အောင်ခင်းဖို့ မျက်နှာပြင်ညီ အောင်ချိန်တဲ့ ကရိယာတွေပါတယ်။ ကွန်ကရစ်မခင်းခင်မှာ အနိမ့်အမြင့်ကို ချိန်တဲ့စက်ရဲ့လက်တံ လျှောက်သွားမယ့်ကြိုးတန်း (sensor string line) ကို သေသေချာချာ ဆင်ပေးရတယ်။ စက်က လူချိန်ပေးတဲ့အတိုင်းခင်းတာဖြစ်တဲ့အတွက် ချိန်ပေးတဲ့သူ သေသေချာချာချိန်ဖို့ အရမ်းအရေးကြီးတယ်။ ချိန်ပေးတာ မကောင်းရင် အဲဒီမကောင်းတဲ့အတိုင်းဘဲစက်ကခင်းသွားတယ်။

ဒါကြောင့် လမ်းပုံစံထုတ်တုန်းက ဘယ်လိုပဲလှိုင်း မရှိအောင် ပုံထုတ်ထားထား လမ်းခင်းတဲ့အခါမှာ ကွန်ကရစ်ခင်းစက်ကြီး ကြပ်သူ ပေါ့ဆရင် ၊ ဒါမှမဟုတ် မကျွမ်းကျင်လို့ ဘာကို အလေးထားပြီး ကြီးကြပ်ရမှန်းမသိရင် ကွန်ကရစ်ခင်းစက်က အထက်အောက်ကစားပြီးခင်းတဲ့အတွက်ကြောင့်လည်း လမ်းမျက်နှာပြင်ပေါ်မှာ လှိုင်းဖြစ်တတ်တယ်။

လမ်းကွေ့တွေမှာ အနိမ့်အမြင့် မရှိအောင် ပုံစံမှာဆွဲထားပေမယ့်ခင်းတဲ့သူက အနိမ့်အမြင့် လှိုင်းဖြစ်အောင်ခင်းရင် အရှိန်နဲ့ ကွေ့နေတုန်းမှာ၊ လှိုင်းကြောင့် ကားကလည်းခုန်တော့ ထိန်း မရတော့ဘဲ မှောက်တော့တာပဲ။

"အခု ရန်ကုန်- မန္တလေး အမြန်လမ်းမှာ မကြာခဏ ယာဉ်တွေမှောက်နေတာ လမ်းမျက်နှာပြင်ပေါ်က လှိုင်းတွေကြောင့်ပဲ။ ဒီပြဿနာဖြေရှင်းဖို့က လမ်းမျက်နှာပြင်ပေါ်က လှိုင်းကို ဖြေရမှာ။ တချို့ကွေ့တွေမှာကျတော့လဲ လမ်းခင်းတဲ့ အဖွဲ့တစ်ဖွဲ့က လမ်းမျက်နှာပြင်ပေါ်မှာ လှိုင်းမရှိအောင် သေသေချာချာစနစ်တကျခင်းနိုင်ပေမယ့် လမ်းရဲ့အပြင်ဘက်ကို ကားတွေ ဘေးတိုက်စဉ်ထွက်မသွားအောင်လုပ်ရတဲ့ စက်ဝန်းပြင်းအား (centrifugal force) ထိန်းအနံလိုက်ကန့်လန့်ဖြတ်အစောင်း (super elevation) ခင်းတဲ့အခါမှာ ပြောင်းပြန် မှားခင်းထားတာတွေလည်း ရှိတယ် ။ Super Elevation ပြောင်းပြန်ဖြစ်နေတော့ ကားတွေဘေးချော်ထွက်အောင် တမင်လုပ်ပေးသလိုတောင် ဖြစ်သွားရော"

"လက်ရာကောင်းရက်သားနဲ့ ဘယ်လိုများ super elevation ကို ပြောင်းပြန်ဖြစ်အောင် လုပ်လိုက်တာလဲဆရာ"

"အဲဒါက လမ်းလယ်ကျွန်းမြင့်တဲ့ (raised median strip) အပိုင်းမှာဖြစ်တာ။ လမ်းပုံစံမှာ ယာဉ်သွားလမ်းကို လမ်းလယ်ကျွန်းဘက်ကို နိမ့်ထားတယ်။ အဲဒါကို လမ်းဆောက်တဲ့သူက ရေမထွက်မှာစိုးလို့ဆိုပြီး ရေထွက်အောင် တမင် ပြောင်းပြန်လုပ်လိုက်ပုံပဲ"

"ဒါလုံးဝမဖြစ်သင့်တဲ့ ကိစ္စဘဲနော် ဆရာ။ လမ်းဆောက်တဲ့သူက လမ်းပုံစံထုတ်သူနဲ့ မညှိနှိုင်းဘဲ ကိုယ့်သဘောနဲ့ကိုယ် ပြင်လုပ်လို့မှ မရတာ"

"ဒါပေါ့။ ဒီအမှားက အင်မတန်ကြီးလေးတဲ့ အမှားပဲ။ အရေးကြီးတဲ့ နောက်အချက်တစ်ခုက လမ်းပုံသဏ္ဍာန် အနေအထားအရည်အသွေးထိန်းကွပ်မှု (geometry quality control) လုံးဝမရှိတာဘဲ။ မြေကြီးတို့ ကွန်ကရစ်တို့ရဲ့ အရည်အသွေးကို ထိန်းကွပ်တာရှိပေမယ့် အခုလိုလှိုင်းဖြစ်တာနဲ့ super elevation ပြောင်းပြန်ဖြစ်တာကို စစ်မယ့်အဖွဲ့ မရှိတော့ အခုလိုအမှားတွေကို လူ့အသက်ဆုံးရှုံးတာတွေ၊ ထိခိုက်ဒဏ်ရာရတာတွေနဲ့ ပေးဆပ်နေရတာ"

"ဒါဆို ဒါကို ဘယ်လိုဖြေရှင်းရင်ရမလဲ ဆရာ"

"အဲဒီ လမ်းမျက်နှာပြင်ပေါ်က အလျားလိုက်လှိုင်းတွေနဲ့ အနံလိုက်ကန့်လန့်လှိုင်းတွေကို ဖြေပေးရမယ်။ မှားနေတဲ့ စက်ဝန်းပြင်းအား (centrifugal force) ထိန်းအနံလိုက် ကန့်လန့်ဖြတ်အစောင်း (super elevation) တွေကို ကတ္တရာ ကွန်ကရစ်ညှိလွှာ၊(asphalt concrete regulating course)နဲ့ ပြင်ပေးရမယ် ။ ကတ္တရာကွန်ကရစ်ညှိလွှာ။ ခင်း




တဲ့အခါမှာလဲ ချိန်ညှိစက်လက်တံ လျှောက်သွားမယ့်ကြိုးတန်း (sensor string line ) ကို မှန်အောင်ချိန်ညှိပေးဖို့ လိုတယ်။ ကတ္တရာကွန်ကရစ်ခင်းစက် (asphalt concrete paver) ကိုလည်း စနစ်တကျကိုင်တတ်ဖို့ လိုတယ်။ ဒီတစ်ခါတော့ ကွန်ကရစ်ခင်းစက် (cement concrete paver) ကိုင်တုန်းက လိုမဖြစ်အောင် ကတ္တရာကွန်ကရစ်ခင်းစက် (asphalt concrete paver) ကိုလည်း စနစ်တကျ ကိုင်တတ်ဖို့လိုတယ်။ ကွန်ကရစ်ခင်းတုန်းကလို ထပ်မမှားအောင် ဂရုစိုက်ကြီးကြပ်ရမယ်။

"ဒါနဲ့ ဆရာ၊ ဆရာပြောသလို အန္တရာယ်ရှိတဲ့ အလျားလိုက်နဲ့အနံလိုက် လှိုင်းတွေဘယ်နေရာတွေမှာ ဖြစ်နေလဲဆိုတာ ဘယ်လိုလုပ်သိနိုင်မလဲ ဆရာ"

"အဲဒါအတွက်က Bump Integrater /Profiler လို့ခေါ်တဲ့ စက်တွေရှိတယ်။ အဲဒီစက်တွေကို လမ်းပေါ်မှာ မောင်းရင်းနဲ့ တိုင်းသွားလို့ရတယ်။ တခြားယာဉ်တွေကိုလည်း အနှောင့်အယှက် မဖြစ်ဘူး။ တိုင်းတဲ့သူအတွက်လဲ အန္တရာယ်မရှိဘူး"

*စာမျက်နှာ ၁၇ သို့*



# မန်းရွှေစက်တော် ဘုရားသုံးမိုင်လမ်း လှေတင်တံတားတည်ဆောက်

**မင်းဘူး ဇွန် ၁၄**

မန်းရွှေစက်တော်ဘုရားသို့ ရာသီမရွေး ဘုရားဖူးပြည်သူများသွားရောက်ဖူးမြော်နိုင်ရေးအတွက် မန်းချောင်း အသွားအပြန် လှေတင်တံတားတည်ဆောက်ခြင်းကို မန်းရွှေစက်တော်ဂေါပက အဖွဲ့က ဦးဆောင်၍ Win Pling Group ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း တံတားအရှည်ပေ ၅၀၀၊ အကျယ်ပေ ၃၀၊အမြင့်ပေ၂၀၊ကားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်သုံးပေဖြစ်ပြီး ရွှေစက်တော်ဘုရားကြီးရန်ပုံငွေကျပ်သိန်း ၁၄၀၀၀ ဖြင့် စီမံချက်ကာလ ငါးလဖြစ်ကြောင်း ဂေါပက အဖွဲ့ထံမှ သိရသည်။

အဆိုပါ တံတားတည်ဆောက်ရန်အတွက် မကွေးတိုင်းဒေသကြီး မင်းဘူးစကုမြို့နယ်မန်းရွှေစက်တော် ဘုရားသွားရာ သုံးမိုင်လမ်း၌ ဇွန် ၉ရက်အထိ လှေတင်တံတား တည်ဆောက်ရေး အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

"လှေတင်တံတားကြီး တည်ဆောက် သင့်တာကြာပါပြီ။ ဒီတံတား တည်ဆောက်တဲ့အတွက်တန်ခိုးကြီးဘုရားစာရင်းဝင် ဗုဒ္ဓပါဒစေတီမန်းရွှေစက်တော်ဘုရားကြီး ဘုရားဖူးများသွားလာရေးအတွက် အဆင်ပြေပါတယ်။ ဒေသခံပြည်သူတွေ မိုးတွင်းကာလလူမှုရေး ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စအရပ်ရပ်တွေမှာ မန်းချောင်းရေကြီးလျှံနေလည်း လွယ်ကူချောမွေ့ စွာဖြတ်သန်းသွားလာနိုင်လို့ အဆင်ပြေတယ်။ လှေတင်မန်းကူး ကွန်ကရစ်တံတားကြီးကို နိုဝင်ဘာလမှာ အပြီးတည်ဆောက်ပြီး အသုံးပြုနိုင်တော့မှာဖြစ်ပါတယ်"ဟု ဂေါပက တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခင်နှစ်များက မိုးရာသီအချိန်၌ မန်းချောင်းရေကျခြင်းများ ရှိသဖြင့် မန်းရွှေစက်တော်ဘုရားကြီးသို့ ဖူးမြော်ရန်သွားရောက်လိုသည့် ဘုရားဖူးများ အခက်အခဲရှိကြကြောင်း ယင်းတံတားတည်ဆောက်ပြီးစီးပါက ဘုရားဖူးများ ရာသီမရွေး သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဇွဲထက်ရှင်**



# မူလွန်ကျောင်းဆောင်သစ်အပ်ပွဲကျင်းပ

**တောင်ငူ ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့(၁၂)ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းဆောင်တစ်ဆောင်ကို KMA ဖောင်ဒေးရှင်းမှ လှူဒါန်းပြီး ဇွန် ၁၃ ရက်ကအဆိုပါကျောင်းခန်းမ၌ ကျင်းပရာ KMA ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်ဝင့်ရည်အေး၊ ခရိုင်ပညာရေးမှူး(ငြိမ်း) ဆရာကြီးဦးစံတင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးအေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါကျောင်းဆောင်သစ် အဆောက်အအုံ၏ အလျားပေ ၇၀၊ အနံ ၂၅ ပေရှိ RC တစ်ထပ် အဆောက်အအုံဖြစ်ပြီးကုန်ကျငွေ ကျပ်သိန်း ၁၇၀ ကျော်ဖြစ်ကြောင်း သိရသည်။ **(၀၄၈)**

# အခြေခံပညာအလယ်တန်းကျောင်းတိုးမြှင့်ဖွင့်လှစ်

**မလှိုင် ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မြင်းဦးလှည့်အုပ်စု ညောင်ကုန်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်းတိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၁၃ ရက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားသို့ မလှိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်း၊ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ ဒုတိယပညာရေးမှူး ဦးစောလွင်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးစိုးသိန်းတို့ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်းက အမှာစကားပြောကြားသည်။

ညောင်ကုန်းအခြေခံပညာ အလယ်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူ ၃၂၀ ပညာသင်ကြားလျက်ရှိပြီး ဆရာဆရာမ ၁၀ ဦးတို့က သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

# ထရန်စဖော်မာ တိုးချဲ့တည်ဆောက်

**ကြို့ပင်ကောက် ဇွန် ၁၄-** ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ ရွာမတောင်၊ ရွာမမြောက်နှင့် ပန်းတင်ရပ်ကွက်တို့တွင် (၁၁ / ၀ ဒသမ ၄ ကေဗွီ)၊ ( ၂၀၀ ကေဗွီအေ) ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး ပိုလျှံဘတ်ဂျက်ရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်မြင့် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံးပြီးစီး၍ ဇွန် ၅ ရက်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ခြင်းအားဖြင့် ကြို့ပင်ကောက်မြို့ ရွာမတောင်၊ ရွာမမြောက်နှင့်ပန်းတင်ရပ်ကွက်ရှိ အများပြည်သူ များသို့ ဓာတ်အားဖြန့်ဖြူးပေးရာတွင် လိုင်းအရင်းဗို့အား ၂၂၀ နှင့် လိုင်းအဖျား ဗို့အား ၂၀၀ ရှိသည့်အတွက် ဗို့အားပြည့်ဝစွာဖြင့်သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

*စာမျက်နှာ ၁၆ မှအဆက်*


"နောက်တစ်ခုရှိပါသေးတယ် ဆရာ။ ကွန်ကရစ်လမ်းဖြစ်နေလို့ အမြန်လမ်းရဲ့အင်္ဂါနဲ့ မညီသေးဘူး။ အမြန်လမ်းအင်္ဂါနဲ့ညီအောင် ကွန်ကရစ်လမ်းပေါ်ကနေ ကတ္တရာလမ်းထပ်ခင်းရဦးမယ်။ ကတ္တရာလမ်းခင်းပြီးမှ အမြန်လမ်းဖြစ်မယ် ဆိုတာလေးလည်း ဖတ်လိုက်ရပါတယ် ဆရာ"

"ဒီနေရာမှာ ကတ္တရာလမ်း (bituminous road) ဆိုတာ ဘာလဲ၊ ကွန်ကရစ်လမ်း (concrete road) ဆိုတာ ဘာလည်း၊ ကတ္တရာကွန်ကရစ် (asphalt concrete) ဆိုတာဘာလဲ ရှင်းရှင်းလင်းလင်း သိဖို့လိုတယ်"

"ကတ္တရာလမ်း (bituminous road) ဆိုတာ အောက်ခြေ မြေကြီးပေါ်ကနေ ကျောက်ခင်းလာပြီး အပေါ်ဆုံးမှာ ရေပိတ်ကတ္တရာလွှာ။ ဒါမှမဟုတ် ကတ္တရာကွန်ကရစ်လွှာ။ (asphalt concrete) ခင်းတဲ့လမ်းကို ကတ္တရာလမ်း (bituminous road) လို့ ခေါ်တယ်။ (Flexible pavement) လို့လည်း ခေါ်တယ် ။ မြေ လမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်းတွေကို Flexible pavement လို့ခေါ် တယ်။

ကွန်ကရစ်လမ်း (concrete road) ဆိုတာ အောက်ခြေမြေကြီးပေါ်မှာ ကွန်ကရစ် cement concrete တိုက်ရိုက်ခင်းတာလည်းရှိတယ်။ ကျောက်ခင်းပြီးမှ cement concrete ခင်းတာလဲရှိတယ်။ အောက်ခံမြေကြီးကို အရည်အသွေးတက်လာအောင် ဘိလပ်မြေတို့၊ ထုံးတို့ရောပြီး ပြုပြင်ထားတဲ့မြေကြီးပေါ် မှာ ကွန်ကရစ်(cement concrete) ခင်းတာလဲရှိတယ်။ အဲဒီလမ်းအမျိုးအစားတွေကို ကွန်ကရစ်လမ်း (concrete road) လို့ ခေါ်တယ် ၊ (rigid pavement ) လို့လည်း ခေါ်တယ်။ ကွန်ကရစ်ခင်းထားတဲ့ လမ်းကို အပေါ်က ကတ္တရာလွှာ။ ဘယ်အမျိုးအစားပဲခင်းခင်း ကတ္တရာလမ်း ဖြစ်မလာဘူး။ ကွန်ကရစ်လမ်းက ကွန်ကရစ်လမ်းပဲ၊ ကတ္တရာလမ်း (Flexible pavement ) ဖြစ်မလာဘူး ။

အမြန်လမ်းကို ကတ္တရာလမ်း (Flexible pavement) ကော၊ ကွန်ကရစ်လမ်း (rigid pavement) ကော ဆောက်လို့ရတယ်။ လမ်းဆောက်တဲ့အခါမှာ ကုန်ကျမယ့် တိုင်းပြည်ဘဏ္ဍာငွေနဲ့ လမ်းဆောက်ပြီးရင် ထိန်းသိမ်း ပြင်ဆင်ချိန်ကာလတစ်ကြိမ်နဲ့ တစ်ကြိမ်ကြားကွာဟမှု၊ ဒါ့အပြင် လမ်းပြင်ဆင်နေတုန်းမှာ ခရီးသည်တွေ ခရီးဖင့်ချိန် ဘယ်လောက်ကြာမလဲဆိုတဲ့ အချက်တွေပေါ်မူတည်ပြီးတော့သာ ကတ္တရာလမ်းခင်းမှာလား၊ ကွန်ကရစ်လမ်းခင်းမှာလားဆိုတာကို ဆုံးဖြတ်ကြရတာ။ကွန်ကရစ်လမ်းခင်းရင် ကနဦးကုန်ကျစရိတ်များတယ်။ ဒါပေမယ့် လမ်းခင်းပြီးနောက်ပိုင်းမှာ ခဏခဏ ပြင်စရာမလိုတဲ့အတွက်၊ ပြင်ဆင်ခနည်းတယ်။ ပြင်ဖို့လိုတဲ့ အချိန်တစ်ခုနဲ့ တစ်ခုအရမ်းကွာလို့ခရီးသည်တွေ သွားရေးလာရေးအနှောင့်အယှက် မကြာခဏမဖြစ်ဘူး ။ ဖွံ့ဖြိုးပြီး နိုင်ငံတွေနဲ့ကိုက်တယ်။ ကတ္တရာလမ်းခင်းမယ်ဆိုရင်တော့ ကနဦးကုန်ကျစရိတ်နည်းတယ်။ ဒါပေမယ့် လမ်းခင်းပြီးနောက်ပိုင်းမှာ ကွန်ကရစ်လမ်းနဲ့ စာရင်မကြာခဏ ပြင်ရတတ်တယ်။ ဒါကြောင့် ခရီးသည် သွားရေးလာရေး အနှောင့်အယှက် မကြာခဏဖြစ်တတ်တယ်။ ဒါပေမယ့် ပြင်ရလွယ်ကူတဲ့ အပြင်လိုသလို ချဲ့နိုင်၊ ထပ်ပိုးလွှာ။ တင်နိုင်တယ်။ ဒါကြောင့် ဖွံ့ဖြိုးဆဲ နိုင်ငံတွေနဲ့ ပိုကိုက်တယ်။



စက်ဝန်းပြင်းအားထိန်း ကန့် လန့် ဖြတ် အစောင်း အမှန်



စက်ဝန်းပြင်းအားထိန်းအနံလိုက်ကန့် လန့် ဖြတ်အစောင်းအမှား

အမြန်လမ်းမှာ ယာဉ်တွေမကြာခဏအန္တရာယ် ဖြစ်နေတာလေးလမ်းသွားပဲရှိသေးလို့ ခြောက်လမ်းသွား ဖြစ်မှ အန္တရာယ်ကင်းမယ်လို့လဲ ကြားလိုက်ရပါတယ် ဆရာ။

အဲဒါလဲ အကြီးအကျယ် လွဲမှားမှုပဲ။ တကယ်တော့ လမ်းချဲ့တယ်ဆိုတာ ယာဉ်ကြောမှာ ယာဉ်တွေပြည့်နေပြီး ၊ ကျော်တက်စရာ ယာဉ်ကြောမရှိတော့မှ လမ်းချဲ့ဖို့စဉ်းစားရတာ။ ဒီရန်ကုန်-မန္တလေး အမြန်လမ်းပြဿနာရဲ့ ဇာစ်မြစ်က လမ်းမျက်နှာပြင်ပေါ်မှာရှိနေတဲ့ လှိုင်းတွေကြောင့်မို့လို့ လှိုင်းရှိတဲ့ နေရာတွေမှာလှိုင်းဖြေလိုက်ရုံနဲ့ ယာဉ်တွေ မကြာခဏအန္တရာယ် ဖြစ်နေတဲ့ပြဿနာကို လွယ်လွယ်ကူကူ ကုန်ကျစားရိတ်နည်းနည်းနဲ့ ဖြေရှင်းလို့ရတယ် ။ ဒါ့ကြောင့် မလိုအပ်ဘဲနဲ့ တစ်လမ်းလုံး ကတ္တရာလမ်း (Flexible pavement) ခင်းဖို့လိုတယ်၊ ဒါမှအမြန်လမ်းအင်္ဂါနဲ့ ညီမယ်ဆိုတာက ရန်ကုန်-မန္တလေး အမြန်လမ်းမှာ မကြာခဏယာဉ်တွေ မှောက်နေတဲ့ ပြဿနာကို ဖြေရှင်းတဲ့နည်းလမ်းမဟုတ်တဲ့အတွက် ဘယ်တတ်ကျွမ်းတဲ့ လမ်းပညာရှင်တွေကမှ အဲဒီလို လုပ်ဖို့အကြံပေးမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကတ္တရာလမ်းခင်းပြီးသွားလည်း ဒီယာဉ်တိမ်းမှောက်တာတွေဆက်ဖြစ်နေဦးမှာ သေချာနေတာကိုး"

"အထူးသဖြင့် ဒီကိစ္စဟာ တိုင်းပြည် ပြန်လည် ထူထောင်ရေးအတွက် အဘက်ဘက်က ငွေလိုနေတဲ့ အချိန်မှာ မလိုအပ်ဘဲ ငွေအမြောက်အမြား ကုန်မယ့်ကိစ္စ ဖြစ်နေတဲ့အတွက် အာဏာပိုင်တွေကလည်း တကယ်တတ်ကျွမ်းသူ ပညာရှင်အမြောက်အမြားနဲ့ ညှိနှိုင်းဆွေးနွေးဖို့ လိုတယ်။ ဒါမှအရင်က လုပ်ခဲ့မိတဲ့အမှားကို လူသိသွားမှာစိုးတာနဲ့ ဒီနေ့ ထိထပ်ခါတလဲလဲ အမှားတွေလုပ်နေသူအချို့ရဲ့အမှားစက်ကွင်းထဲကို အာဏာပိုင် တွေပါ ပါသွားနိုင်ပြီး သမိုင်းတရားခံပါ ဖြစ်သွားနိုင်တယ်။

နောက်တစ်ခုက မြန်မာနိုင်ငံနဲ့ အခြားနိုင်ငံတွေမှာ ဖြစ်တဲ့ မတော်တဆဖြစ်တာတွေ အနည်းအများ နှိုင်းယှဉ်ပြထားတာတွေလဲတွေ့ရပါတယ် ဆရာ"

"ဒါက နှိုင်းလို့မရတဲ့ကိစ္စဘဲ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ခတ်လိုက်လို့လူသေဆုံးရတာနဲ့ ပတ်သက်လို့ပြောတာတစ်ခုရှိတယ်။ လူတစ်ယောက်ထိခိုက် ဒဏ်ရာရတာ သေဆုံးတာ တန်ဖိုးဖြတ်လို့ရတာမှမဟုတ်တာ အစကတည်းကမတော်တဆမဖြစ်အောင်လုပ်ရမှာတဲ့။





မျက်နှာပြင်ချိန်ညှိတန်းတပ်ဆင်ပုံ

ဒီလိုပဲ လမ်းပုံစံထုတ်တဲ့အခါ လမ်းသုံးသူတွေဘေးအန္တရာယ်မဖြစ်အောင် အမေရိကန်နိုင်ငံမှာကော ဥရောပနိုင်ငံတွေမှာပါ စံချိန်စံညွှန်းတွေ ထုတ်ပြန်ထားသလို ကမ္ဘာ့ကုလသမဂ္ဂ ပညာရေးယဉ်ကျေးမှုနဲ့သိပ္ပံအဖွဲ့ကြီး UNESCO ကလည်း စံချိန်စံညွှန်းတွေကို အဖွဲ့ဝင်နိုင်ငံတွေနဲ့ညှိနှိုင်းထုတ်ပြန်ထားတယ်။ အဓိကအချက်က လမ်းသုံးသူတွေ ဘေးအန္တရာယ်ကင်း ရအောင်လုပ်တာပဲ။ ဒါ့အပြင် လမ်းစီမံကိန်းဖြစ်နိုင်ခြေရှိမရှိ Profect Appriasal စိစစ်တဲ့ အခါမှာလည်း လမ်းသုံးသူပြည်သူလူထုအန္တရာယ်ကင်းရှင်း ရေးကို ထိပ်ဆုံးထားပြီး စိစစ်ရတယ်။ ပြီးတော့မှ ဒီလမ်းခင်းလို့ ပြည်သူလူထုအတွက်အကျိုးအမြတ်ရှိမရှိ ဘယ်လောက်ရှိ မလဲစဉ်းစားတာ။

"ဒါ့အပြင် အခုအချိန်မှာ ပြည်ပက နည်းပညာကော၊ ငွေကော ကူညီမယ့်အဖွဲ့အစည်းတွေရှိနေတုန်းမှာ အကူအညီတောင်းစေချင်တယ်။ အထူးသဖြင့် နည်းပညာပေါ့။ ဒါမှ နည်းပညာ ပိုင်းမှာခါးပြတ်ကျန်ခဲ့ရှာတဲ့ မျိုးဆက်သစ်လူငယ်အင်ဂျင်နီယာတွေလည်း လုပ်ငန်းခွင်မှာ သင်ကြားရင်း (on job training ယူရင်း)နဲ့ နည်းပညာသစ်တွေကို ခေတ်နဲ့အညီအချိန်တိုတိုနဲ့ အမီလိုက်ဆည်းပူးနိုင်မယ်"

"ကျေးဇူးပါဆရာ၊ နောက်ထပ်မသိတာလေးတွေရှိသေးလို့ ဆရာ့ဆီ ထပ်လာခွင့်ပြုပါဦး ဆရာ"





လမ်းကြမ်းလှိုင်းတိုင်းစက်

# မွန်ပြည်နယ်ငါးလုပ်ငန်းစခန်း(သထုံ)မှ ငါးသားပေါက်ကောင်ရေ ၂၅ သိန်း ထုတ်လုပ်ဖြန့်ဝေသွားမည်

**သထုံ ဇွန် ၁၄**
မွန်ပြည်နယ်အတွင်း ရေသယံဇာတ ပေါကြွယ်ဝရေး၊ စဉ်ဆက်မပြတ် ငါးမျိုးမပြုန်းတီးရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန သထုံငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ ၂၅ သိန်းကို ယခုနှစ်အတွင်း ထုတ်လုပ်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငါးသားပေါက် ကောင်ရေ ၂၅ သိန်းအနက် ကောင်ရေရှစ်သိန်းကို မွန်ပြည်နယ်အတွင်းရှိ သဘာဝမြစ်ချောင်းများ၊ ဆည်မြောင်း တာတမံများနှင့် တောင်သူများ၏ စပါးခင်းရေပြင်များထဲသို့ အခမဲ့ ငါးမျိုးလိုက်လံစိုက်ထည့်ပေးပြီး ကျန် ၁၇ သိန်းကို ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများထံသို့ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သထုံငါးလုပ်ငန်းစခန်းမှ ဦးစီးအရာရှိ ဦးဝင်းဗိုလ်က ပြောသည်။

"ဒီစခန်းက ငါးသားပေါက်တွေကို နှစ်စဉ်လျာထားချက်ထက်ပိုပြီး ထုတ်ပေးနေသလို ဒေသတွင်း ငါးမွေးမြူရေးလုပ်ငန်းလုပ်တဲ့သူတွေ စရိတ်နည်းနည်းနဲ့ ကိုယ်တိုင်သားဖောက်မွေးမြူနိုင်အောင် ဆေးထိုးသားဖောက်သင်တန်းတွေလည်း လုပ်ပေးတယ်။ ဒီနှစ်မှာ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်းနဲ့ တီလားပီးယား မျိုးလေးမျိုးကို ကောင်ရေရှစ်သိန်းလောက် မြစ်၊ ချောင်း၊ ဆည်မြောင်းတွေနဲ့ တောင်သူတွေရဲ့လယ်တွေ၊ ချောင်းတွေကို တိုက်ရိုက်ရောက်သွားနိုင်တဲ့ လယ်ကြားတူးမြောင်းတွေထဲကို အခမဲ့ လိုက်ထည့်သွားမယ်။ ကျန်တာကိုတော့ ရောင်းချသွားမှာပါ"ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်အထိ စခန်းတွင် ရွှေနီ၊ ရေချိုငါးမုတ်၊ ငါးခုံးမကြီး၊ တောင်ပေါ်ငါးသလောက်၊ ငါးသိုင်းခေါင်းပွ၊ တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ရောင်စုံငါးကြင်း၊ ငါးတန်၊ ငါးမြစ်ချင်း၊ ငါးကြင်းဖြူစသည့် ရေချိုငါးမျိုး ကောင်ရေ ၁၀ သိန်းခန့်ကို သားဖောက်မွေးမြူထားပြီးဖြစ်သည်။

မွန်ပြည်နယ် ငါးလုပ်ငန်းစခန်း(သထုံ)တွင် ငါးအမျိုးအစားနှင့် အရွယ်အစားအလိုက် သင့်တင့်သောဈေးနှုန်းများဖြင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များအား ရောင်းချပေးနေပြီး စခန်းတွင် တိုက်ရိုက်လာရောက်ဝယ်ယူနိုင်သကဲ့သို့ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများနှင့် ချိတ်ဆက်၍လည်း ဝယ်ယူနိုင်ကြောင်း၊ ငါးလုပ်ငန်းစခန်း(သထုံ)မှ ငါးသားပေါက်များကို မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ငါးမွေးမြူရေးလုပ်ငန်းရှင်များက အများဆုံး လာရောက်ဝယ်ယူကြကာ ယခုဘဏ္ဍာနှစ်တွင် နှစ်လတာအတွင်း ကောင်ရေလေးသိန်းကျော် ရောင်းချထားပြီးဖြစ်ကြောင်း သိရသည်။
**သက်ဦး(သထုံ)**



# မူးမြစ်ကူးတံတားအမှတ်(၂)ရေရှည်တည်တံ့ရေး အမှိုက်နှင့်ဒိုက်များကို စုပေါင်းရှင်းလင်း

**ကျွန်းလှ ဇွန် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း အိမ်ခြေကျေးရွာနှင့် ယင်းတိုက်ကျေးရွာကြား ဆက်သွယ်ထားသော မူးမြစ်ကူးတံတားအမှတ်(၂) ရေရှည်တည်တံ့စေရန်အတွက် တံတားအောက်ခြေ ရေပြင်အတွင်းရှိ အမှိုက်သရိုက်များနှင့် ဒိုက်ပင်များကို ဒေသခံပြည်သူများ စုပေါင်း၍ ဇွန် ၁၂ ရက်က ရှင်းလင်းခဲ့ကြသည်။

အဆိုပါ မူးမြစ်ကူးတံတားအမှတ်(၂)သည် ကျွန်းလှမြို့နယ်၊ ကန့်ဘလူမြို့နယ်နှင့် ကောလင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများ အားထားအသုံးပြုနေရသော တံတားတစ်စင်းဖြစ်၍ တံတားကို နေ့စဉ်အသုံးပြုသွားလာလျက်ရှိသည့် ရွာကုန်းကြီး၊ အင်းလျှားရှည်၊ အိမ်ခြေနှင့် ယင်းတိုက်ကျေးရွာများမှ ဒေသခံပြည်သူများ ပူးပေါင်းပြီး တံတားအောက်ခြေ ရေပြင်အတွင်းမှ အမှိုက်သရိုက်များ၊ ရေစီးဖြင့်မျောပါလာသောအမှိုက်များနှင့် ဒိုက်ပင်များကို စုပေါင်းရှင်းလင်းကြခြင်းဖြစ်ကြောင်း ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်လှိုင်ဝင်းက ပြောကြားသည်။
**မျိုးဝင်းညို(ကျွန်းလှ)**



# ကျေးရွာသုံးစက်ရေတွင်း တူးဖော်ပြီးစီး၍ လွှဲပြောင်းပေးအပ်

**ဘားအံ ဇွန် ၁၄**
ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်တံခွန်တိုင်ကျေးရွာအုပ်စု ခလယ်တံခွန်တိုင်ကျေးရွာ၌ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)နှင့် Network Activities Group(NAG) တို့ ပူးပေါင်းဆောင်ရွက်ပေးခဲ့သော စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ပြီးစီးသွားသဖြင့် ဇွန် ၁၁ ရက်က ကျေးရွာမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

MPT ၏ လူမှုအကျိုးပြုလုပ်ငန်းဖြစ်သည့် သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် ကျေးရွာစက်ရေတွင်းကို တူးဖော်ပေးခြင်းဖြစ်ပြီး တစ်နာရီလျှင် ရေဂါလန် ၁၂၀၀ ရရှိနိုင်သော အနက်ပေ ၁၃၀ ရှိ စက်ရေတွင်းနှင့်အတူ ဂါလန် ၂၀၀၀ ဆံ့ ရေကန်ကိုလည်း တည်ဆောက်ပေးခဲ့ကြောင်း၊ စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို ဧပြီလအတွင်းမှစ၍ ကျပ်သိန်း ၂၅၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ တူးဖော်ပြီးစီးသော စက်ရေတွင်းနှင့် ရေကန်ကို ကရင်ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမန်နေဂျာ ဦးဇော်မင်းထွန်းက ကျေးရွာအုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)နှင့် Network Activities Group တို့အနေဖြင့် နိုင်ငံအနှံ့ရှိ ရေရှားပါးသောကျေးရွာများတွင် ပြည်သူများ ရေလုံလောက်စွာရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ကိုးခု၊ ရေသွယ်လုပ်ငန်းတစ်ခုနှင့် မြေသားရေလှောင်ကန် ငါးကန်ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။
**နေမျိုးလွင်(ဘားအံ)**

# ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ မြစ်ကြီးနားမြို့၌ ကျင်းပ

**မြစ်ကြီးနား ဇွန် ၁၄**
မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်း၍ ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲကို မြစ်ကြီးနားမြို့ရှိ ပြည်နယ်ကြက်ခြေနီရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၃ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအကြောင်း၊ ကမ္ဘာ့နိုင်ငံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ကြက်ခြေနီ၏ အခြေခံမူ ခုနစ်ချက်၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လူသားချင်းစာနာထောက်ထားမှု ဥပဒေကို ဘယ်လိုလိုက်နာမည်လဲ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာမည့် ဒုက္ခများကို ဘယ်လိုကူညီဆောင်ရွက်ပေးမည်လဲ စသည့်အကြောင်းအရာများကို အဓိကထား၍ ဇွန် ၁၅ ရက်အထိ သုံးရက်ကြာ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။



ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဂဲနက်စ်က "ယခင်ကဆို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှာ ဌာနဆိုင်ရာတွေပါဝင်ပြီး ဖွဲ့စည်းခဲ့တယ်။ တပ်ဖွဲ့ဝင်တွေအနေနဲ့ အနည်းငယ်သာ ပါဝင်ခွင့်ရခဲ့တယ်။ ဌာနဆိုင်ရာတွေနဲ့ ဖွဲ့စည်းထားတဲ့အတွက် လူမှုရေးလုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ အခက်အခဲတွေ ဖြစ်တယ်၊ ပြဿနာတွေလည်း ရှိခဲ့တယ်"ဟု ပြောသည်။

ယခု ဒီမိုကရေစီအစိုးရ တက်လာပြီးနောက်ပိုင်းတွင် ကြက်ခြေနီအဖွဲ့အစည်းအနေဖြင့် လွတ်လပ်စွာဆောင်ရွက်နိုင်ရန်အတွက် ကော်မတီဝင်များကို ပြန်လည်ဖွဲ့စည်းခဲ့သလို ဥပဒေ၊ နည်းဥပဒေ အသစ်များကိုလည်း ပြန်လည်ရေးဆွဲလျက်ရှိရာ လက်ရှိအချိန်တွင် မူကြမ်းရရှိနေပြီဖြစ်ကြောင်း၊ မူကြမ်းများကို ပြန်လည်စိစစ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နေကြောင်းလည်း ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက အလုပ်ရုံဆွေးနွေးပွဲကျင်းပသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(မြစ်ကြီးနား)ရုံးခွဲမှ တာဝန်ခံ Ms.Sabrina က ဆွေးနွေးသွားမည့်အချက်များကို ရှင်းလင်းကာ မြစ်ကြီးနားခရိုင်နှင့် ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်များမှ ကြက်ခြေနီကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်၍ ကဏ္ဍအလိုက် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။
**မင်းရာဇာ(မြစ်ကြီးနား)**

# စိုက်ပျိုးစရိတ်ချေးငွေကို အကျိုးရှိစွာအသုံးပြုကြရေးနှင့် စိုက်ပျိုးရေးဆိုင်ရာများ ပညာပေးဟောပြော



**မင်းဘူး ဇွန် ၁၄**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ လာရောက်ထုတ်ယူသော တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများကို သီးနှံစိုက်ပျိုးရေးလုပ်ငန်းတွင် အကျိုးရှိစွာအသုံးပြုရေးနှင့် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် စိုက်ပျိုးရေးဆိုင်ရာအသိပညာများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဝင်းအတွင်း၌ ဇွန် ၁၂ ရက်က ဟောပြောခဲ့သည်။

မင်းဘူးမြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းနိုင်ဝင်းနှင့် လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးစိုးမင်းဝင်းတို့က ချေးငွေလာရောက်ထုတ်ယူသော သီးကုန်းကျေးရွာအုပ်စုမှ တောင်သူများအား ပဲစင်းငုံမျိုးစေ့ဘဏ် ဆောင်ရွက်ရေး၊ အရည်အသွေးကောင်းနှမ်းနက် စိုက်ပျိုးရေး၊ ပြောင်းလဲလာသောရာသီဥတုနှင့် လိုက်လျောညီထွေရှိသော သက်တမ်းတို အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ စနစ်တကျအသုံးပြုရေး၊ သဘာဝဓာတ်မြေဩဇာများ ပြုလုပ်အသုံးပြုရေး၊ စိုက်ပျိုးစရိတ်ချေးငွေများကို သီးနှံစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုကြရေးတို့ကို ဟောပြောခဲ့သည်။

မင်းဘူးမြို့နယ်၌ ၂၀၁၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၆၇ အုပ်စုမှ မိုးစပါးဧက ၂၇၅၀၀၊ အခြားသီးနှံ ဧက ၃၃၇၅၀ စုစုပေါင်းဧက ၆၁၂၅၀ အတွက် ချေးငွေ ကျပ်သိန်းပေါင်း ၅၈၁၂၅ သိန်း ထုတ်ချေးပေးသွားမည်ဖြစ်ကာ မေ ၂၃ ရက်မှစ၍ ချေးငွေများ စတင်ထုတ်ပေးခဲ့ပြီး ဇူလိုင်လကုန်တွင် အပြီးထုတ်ပေးနိုင်ရန် လျာထားကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာထံမှ သိရသည်။
**ဖိုးပြည့်**

# သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ချောင်းဆုံ ဇွန် ၁၄**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ၂၀၁၄ ခုနှစ် ဧပြီလက ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းအချက်အလက်များနှင့်ပတ်သက်၍ မြို့နယ်အဆင့် သန်းခေါင်စာရင်း အချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို ပြည်သူ့အင်အားဦးစီးဌာနက ကြီးမှူးပြီး ချောင်းဆုံမြို့ ကျွန်းသာယာခန်းမ၌ ဇွန် ၁၂ ရက်နှင့် ၁၃ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ချောင်းဆုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်က သန်းခေါင်စာရင်းသည် လူဦးရေအချက်အလက်များသာမက အိမ်နှင့်အိမ်ထောင်စု အကြောင်းအရာများ၊ ပညာရေးဆိုင်ရာများ၊ လူမှုရေး စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်း၊ ရွှေ့ပြောင်းသွားလာခွင့်စသည့် လက်ရှိနှင့် အနာဂတ် စီမံကိန်းများရေးဆွဲရာတွင် အရေးပါသည့် အချက်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးက အလုပ်ရုံဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ချောင်းဆုံမြို့နယ်၏ သန်းခေါင်စာရင်း အချက်အလက်များကို စီမံကိန်းများအတွက် အသုံးချရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**


# ခေတ်သစ်မော်တော်ကားတစ်စီးကို မွေးဖွားခြင်း (အပိုင်း-၃)

သိပ္ပံစာရေးဆရာကိုကိုအောင်

**ဘရိတ်စနစ်**

၁၉၈၀ ပြည့်လွန်နှစ်များတွင် Disc Type ဘရိတ်စနစ် ပေါ်ပေါက်လာခဲ့သည်။ လည်ပတ်နေသောသံမဏိပြားကို ဘေးနှစ်ဖက်ကညှပ်ပြီး အရှိန်သတ်သော ဘရိတ်အမျိုးအစားဖြစ်သည်။ အရှိန်လျော့ကျနှုန်းမြန်ခြင်း၊ ဘရိတ်ဖမ်းစဉ် ကား၏တည်ငြိမ်မှုကို မထိခိုက်ခြင်းနှင့် အရှိန်ပြင်းပြင်း မောင်းနှင်နေရင်း ဘရိတ်ဖမ်းသည့်အခါ ဘရိတ်လိုင်နာများ ကျွတ်ထွက်သွားနိုင်ခြေ အလွန်နည်းပါးခြင်းစသည့် Disc Type ဘရိတ်စနစ်၏အားသာချက်များကို သုတေသနပြုဖော်ထုတ်နိုင်ခဲ့ကြသော အနောက်ဥရောပနိုင်ငံရှိ မော်တော်ကားကုမ္ပဏီများသည် ၁၉၈၀ ပြည့်လွန်နှစ်များမှစ၍ Disc ဘရိတ်များကို စတင်တပ်ဆင် အသုံးပြုခဲ့ကြသည်။

ဂျပန်နိုင်ငံရှိ မော်တော်ကားထုတ်လုပ်သော ကုမ္ပဏီကြီးများကလည်း ၁၉၉၀ ပြည့်နှစ်ဝန်းကျင်အရောက်တွင် Hub ဘရိတ်နှင့် Disc ဘရိတ်တို့ကို ရှေ့ဘီးနှင့် နောက်ဘီးတို့၌ ပူးတွဲတပ်ဆင်ထားသော မော်တော်ကားများကို စတင်ထုတ်လုပ်နိုင်ခဲ့ကြသည်။



မော်တော်ကားထုတ်လုပ်ရာတွင် ဘရိတ်စနစ်တပ်ဆင်ပေးရေးနှင့်ပတ်သက်၍ စနစ်တကျတွက်ချက်ပြီး ပုံစံထုတ်ကြရသည်။ ထုတ်လုပ်မည့် မော်တော်ကား၏ပုံစံ၊ တပ်ဆင်မည့်အင်ဂျင်၏ စွမ်းအား၊ ကား၏ အရှိန်မြင့်တင်နှုန်း၊ တင်ဆောင်မည့် ခရီးသည် ဦးရေနှင့် ဝန်အလေးချိန်၊ ဆိုင်းထိန်းပစ္စည်းများ၏ ဖွဲ့စည်းတပ်ဆင်ထားမှု၊ ဘီးခွေ၏အရွယ်အစား၊ ဘီးဒရမ်၏ ပုံစံနှင့် အတိုင်းအတာများ စသည်တို့အပေါ် မူတည်ပြီး ဘရိတ်မာစတာပန့်၏ ပုံစံ၊ အရွယ်အစားနှင့် အသေးစိတ်အတိုင်းအတာ၊ မာစတာပန့်အတွင်းရှိ ပစ္စတင်၏ ပုံစံနှင့် အရွယ်အစား၊ ဘရိတ်ဝါရှာ၏ အရွယ်အစား၊ အထူအပါးနှင့် ခံနိုင်ရည်ရှိသည့် အမြင့်ဆုံး အပူချိန်၊ သုံးစွဲမည့်ဘရိတ်ဆီ၏ အရည်အသွေးနှင့် ဆူပွက်အမှတ် (Boiling Point)၊ ဘရိတ်ဆီပိုက်များ၏ အရွယ်အစားနှင့် အတိုင်းအတာ၊ ဘီးအထိုင်တွင်တပ်ဆင်မည့် ဘရိတ်ဆလင်ဒါ၏ ပုံစံနှင့် အရွယ်အစား၊ ဘရိတ်ဆလင်ဒါ ပစ္စတင်၏ ပုံစံနှင့် အရွယ်အစား၊ ဘရိတ်ရှူးခြမ်းများ၏ ပုံစံနှင့် လိုင်နာအထူအပါး၊ ဘရိတ်လိုင်နာ၏ ပွတ်တိုက်မှုဒဏ်နှင့် ပွန်းစားမှုဒဏ် ခံနိုင်ရည်စွမ်းအား စသည်ဖြင့် တစ်ခုချင်းစီအတွက် အသေးစိတ် တွက်ချက်ကြရသည်။

ဤကဲ့သို့ အသေးစိတ်တွက်ချက်ကာ ပုံစံထုတ်ကြရသည့်တိုင် တစ်ခါတစ်ရံ၌ ထုတ်လုပ်ရောင်းချပြီးနောက်ပိုင်းကျမှ ဘရိတ်စနစ်တွက်ချက်မှု၌ လိုအပ်ချက်များရှိခဲ့သောကြောင့် ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းယူရသော အဖြစ်မျိုးကို ကြုံတွေ့ကြရလေ့ရှိသည်။

မျက်မှောက်ကာလတွင် မော်တော်ကားထုတ်လုပ်မှု နည်းပညာများက သိသိသာသာ တိုးတက်ပြောင်းလဲနေသည့်အလျောက် မော်တော်ယာဉ် အင်ဂျင်နီယာများနှင့် သုတေသီတို့ကလည်း ဘရိတ်စနစ်ကို ပိုမိုကောင်းမွန် စိတ်ချရစေရန် နည်းလမ်းမျိုးစုံဖြင့် တီထွင်ကြံဆလျက်ရှိနေကြသည်။ လုံခြုံစိတ်ချရမှုအဆင့် (Safety Factor) အမြင့်ဆုံးရရှိအောင် စွမ်းဆောင်ကြိုးပမ်းလျက် ရှိနေကြသည်။ တီထွင်ဆန်းသစ်မှုများနှင့်အတူ လက်တွေ့စမ်းသပ်မှုပေါင်းများစွာတို့ကိုလည်း အချိန်ကုန်ခံ၊ ငွေကုန်ကြေးကျခံကာ ပြုလုပ်လျက် ရှိနေကြသည်။

**စတီယာရင်စနစ်**

မော်တော်ကားတစ်စီး၏ သမားရိုးကျ စတီယာရင်စနစ်(Steering System)တွင် အဓိကအားဖြင့် အစိတ်အပိုင်းလေးမျိုး ပါဝင်သည်။ ပဲ့ကိုင်လက်လှည့်ကွင်း(Steering Ring)၊ ဝင်ရိုး(Shaft)၊ အသွားလိမ်ဂီယာ(Worm Gear)နှင့် လက်ရုံးမောင်းတံ (Arm)တို့ ဖြစ်ကြသည်။ စတီယာရင်ခွေ ခေါ် ပဲ့ကိုင်လက်လှည့်ကွင်းသည် ယာဉ်မောင်းသူက လိုသလို ထိန်းချုပ်လှည့်ပေးနိုင်ရန်အတွက်ဖြစ်ပြီး ဝင်ရိုးနှင့် အသွားလိမ်ဂီယာများက ကြားခံအစိတ်အပိုင်းများ ဖြစ်ကြကာ လက်ရုံးမောင်းတံကမူ ရှေ့ဘီး၏ ဦးတည်ရာကို နေရာရွှေ့ပြောင်းပေးသော အစိတ်အပိုင်း ဖြစ်သည်။

၁၉၇၅ ခုနှစ် နောက်ပိုင်းတွင် ဥရောပနိုင်ငံထုတ် မော်တော်ကားများ၌ အရည်ဖိအားသုံး စတီယာရင်စနစ်(Power Steering)ကို တီထွင်ပြောင်းလဲ သုံးစွဲခဲ့ကြပြီး ဂျပန်နိုင်ငံထုတ်ကားများ၌မူ ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းကာလ ရောက်ရှိမှသာ ပါဝါစတီယာရင်စနစ်ကို တပ်ဆင်သုံးစွဲနိုင်ခဲ့သည်။ စတီယာရင်စနစ်အတွင်း ထည့်သွင်းထားသည့် Power Steering Fluid ကို ပန့်(Pump)က တွန်းပို့ပေးနေခြင်းကြောင့် အရည်ဖိအား(Hydraulic Pressure)တစ်ရပ် ဖြစ်ပေါ်ကာ ထိုအရည်ဖိအားကြောင့် စတီယာရင်ခွေကိုလှည့်ရာတွင် လွယ်ကူပေါ့ပါးခြင်းဖြစ်သည်။

ပါဝါစတီယာရင်ပန့်ကို အင်ဂျင်ပူလီတစ်ခုက လှည့်ပေးနေခြင်းဖြစ်သည့်အတွက် ပါဝါစတီယာရင်စနစ် တပ်ဆင်ထားသောကားများတွင် စက်နှိုးထားစဉ်နှင့် မောင်းနှင်အသုံးပြုနေချိန်များ၌ စတီယာရင်ခွေကို ပေါ့ပါးသွက်လက်စွာလှည့်နိုင်ပြီး စက်ရပ်ထားချိန်၌လှည့်လျှင်မူ လေးလံခက်ခဲမှုကို ဖြစ်ပေါ်စေသည်။

ရှေးယခင် အစဉ်အဆက်က သုံးစွဲခဲ့သော သမားရိုးကျ စတီယာရင်စနစ်ဖြင့် မော်တော်ကားများကိုထုတ်လုပ်ရာတွင် မော်တော်ကား၏ အရွယ်အစားနှင့် ဝန်မဲ့အလေးချိန်၊ ခရီးသည်ဦးရေနှင့် ခွင့်ပြုဝန်တင်အလေးချိန်၊ ဘီးခွေနှင့် တာယာ၏ အရွယ်အစား စသည်တို့အပေါ် မူတည်ပြီး စတီယာရင်ခွေ၏အချင်း(Diameter)၊ ဝင်ရိုး၏ အရွယ်အစား၊ အသွားလိမ်ဂီယာ၏ပုံစံနှင့် လက်ရုံးမောင်းတံ၏ အရွယ်ပမာဏတို့ကို စနစ်တကျတွက်ချက်ကာ ပုံစံရေးဆွဲထုတ်လုပ်ကြရသည်။

ပါဝါစတီယာရင်ခေတ်သို့ ရောက်ရှိလာသည့်အခါ၌မူ အရည်ဖိအားကို အသုံးချနိုင်သော နည်းပညာကြောင့် ဆလွန်း၊ ဆီဒန်နှင့် ဗင်ကားများ၏ စတီယာရင်ခွေ အရွယ်အစားမှာ သိသိသာသာ ကွဲပြားခြားနားမှုမရှိတော့သလို သံထည်ထုတ်လုပ်မှု နည်းပညာကလည်း အဆင့်မြင့်လာသည့်အတွက် မော်တော်ကား၏ ရှေ့ဘီးဦးတည်ရာကို နေရာရွှေ့ပြောင်းလှည့်ပေးသည့် လက်ရုံးမောင်းတံများ၏ အရွယ်အစားကလည်း သေးသွယ်ကျစ်လျစ်လာသည်။

မျက်မှောက်ခေတ်၌မူ အရည်ဖိအားသုံး ပါဝါစတီယာရင်စနစ်ကိုပင် သုံးစွဲမှုနည်းသွားပြီး စက်မှုနှင့် အီလက်ထရွန်နစ်နည်းပညာ(Mechanical & Electronics)ကို ပူးတွဲအသုံးချထားသော ပဲ့ထိန်းစနစ်ကို ပြောင်းလဲသုံးစွဲနေကြပြီဖြစ်ရာ အရည်ဖိအားသုံးစနစ်မှာကဲ့သို့ Power Steering Fluid ကို သုံးစွဲရန် မလိုတော့ခြင်း၊ ပိုက်ပေါက်ပြဲခြင်းနှင့် ဆီထိန်းကွင်း(Oil Seal) ချွတ်ယွင်းမှုကြောင့် ယိုစိမ့်သည့်ဖြစ်ရပ်မျိုးများကို ရှောင်ရှားနိုင်ခြင်းစသည့် ကောင်းကျိုးများကို ရရှိနေကြပြီဖြစ်သည်။

မော်တော်ကားထုတ်လုပ်သော ကုမ္ပဏီကြီးများအနက် အချို့သော ကမ္ဘာကျော် အမှတ်တံဆိပ် မော်တော်ကားကုမ္ပဏီများက ကွန်ပျူတာနည်းပညာနှင့် အာရုံခံစနစ်တို့ကို အသုံးပြုထားသည့် အဆင့်မြင့် စတီယာရင်စနစ် တပ်ဆင်ထားသော မော်တော်ကားများကို ထုတ်လုပ်ရောင်းချလျက် ရှိနေကြသည်။

မြန်နှုန်းနိမ့်မောင်းနှင်နေရင်း ကားကွေ့ပါက ယာဉ်မောင်းသူကွေ့လိုသည့် အနေအထား(Turning Angle)အတိုင်း စတီယာရင်စနစ်က လုပ်ဆောင်ပေးသော်လည်း မြန်နှုန်းမြင့်မောင်းနှင်စဉ် ကွေ့သည့်အခါ၌မူ မြန်နှုန်းအပေါ်မူတည်ပြီး Turning Angle ကို လျှော့ချလုပ်ဆောင်ပေးခြင်းဖြင့် တိမ်းမှောက်မှုမဖြစ်အောင် ကြိုတင်ကာကွယ်ပေးသော အဆင့်မြင့်နည်းပညာဖြစ်သည်။

ဥပမာအားဖြင့် ကားကို တ စ်နာရီလျှင် ကီလိုမီတာ ၆၀ နှုန်းဖြင့် မောင်းနှင်နေရင်း ကွေ့လိုက်သည့်အခါ ယာဉ်မောင်းသူကွေ့လိုသည့် အနေအထားအတိုင်း စတီယာရင်စနစ်က လုပ်ဆောင်ပေးမည်ဖြစ်သော်လည်း တစ်နာရီလျှင် ကီလိုမီတာ ၉၀ နှုန်းဖြင့် မောင်းနေရင်း ကွေ့မည်ဆိုပါကမူ ချိုးကွေ့သည့်ဒီဂရီကို စတီယာရင်စနစ်က လျှော့ချပေးခြင်းဖြင့် ချိုးကွေ့မှုအချင်းဝက်(Turning Radius) ကြီးမားအောင် လုပ်ဆောင်ပေးခြင်းမျိုးဖြစ်သည်။



မော်တော်ကားတည်ဆောက်ထားပုံ သဘောတရားအရ မည်သည့်မြန်နှုန်း၌မဆို ချိုးကွေ့မှုအချင်းဝက် သေးငယ်လေ၊ ဗဟိုခွာအားသက်ရောက်မှုက ကြီးမားလေ၊ တိမ်းမှောက်ရန်အခွင့်အလမ်း ပိုများလေဖြစ်ပြီး ချိုးကွေ့မှုအချင်းဝက် ကြီးမားလေ၊ ဗဟိုခွာအားသက်ရောက်မှု လျော့ပါးလေ၊ တိမ်းမှောက်နိုင်ခြေနည်းလေ ဖြစ်သည်။


**ဘီးခွေနှင့်တာယာ**

မော်တော်ကား တပ်ဆင်ထုတ်လုပ်မှုလုပ်ငန်းတွင် ဘီးခွေ(Discwheel)နှင့် တာယာ(Tyre)အရွယ်အစားကို မှန်ကန်စွာ ရွေးချယ်တပ်ဆင်ပေးခြင်းသည်လည်း အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ မော်တော်ကားအမျိုးအစား တစ်မျိုးအတွက် ဘီးခွေနှင့်တာယာ အရွယ်အစားများကို ရွေးချယ်သတ်မှတ်ရာတွင် ကားပုံစံ၊ တပ်ဆင်သည့်အင်ဂျင်၊ ခရီးသည်နှင့် ဝန်တင်အလေးချိန် စသည်တို့အပေါ် မူတည်ပြီး ဘီးခွေနှင့်တာယာ အရွယ်အစားကို ရွေးချယ်သတ်မှတ်ကြရသည်။ ထိုကဲ့သို့ ရွေးချယ်သတ်မှတ်နိုင်ရန်အတွက် ရှေ့ဘီး၏ဗဟိုချက်နှင့် နောက်ဘီး၏ဗဟိုချက်တို့ အကွာအဝေး(Wheel Base)နှင့် ရှေ့ဘီးနှစ်ဘီးတို့၏ တာယာပန်းမျက်နှာပြင် အလယ်မျဉ်းတို့ အကွာအဝေး(Trad)တို့သည် အဓိကကျသော အခြေခံ အတိုင်းအတာများ ဖြစ်ကြသည်။

ဘီးခွေ၏အရွယ်အစားသည် မော်တော်ကား၏အလေးချိန်၊ ခွင့်ပြုခရီးသည်၊ ဝန်တင်အလေးချိန်တို့နှင့် သဟဇာတဖြစ်ရန် လိုအပ်သည့်အပြင် အဆိုပါဘီးခွေများကို လည်ပတ်အောင်လှည့်ပေးသည့် Drive Shaft ခေါ် မောင်းနှင်ဝင်ရိုး၏ ရုန်းအား၊ လည်ပတ်နှုန်း စသည်တို့နှင့်လည်း လိုက်လျောညီထွေဖြစ်ရန် အလွန်အရေးကြီးသည်။ ရှပ်(ဝင်ရိုး)၏အရွယ်အစားက သေးငယ်ပြီး ဘီးခွေ အရွယ်အစားက ရှိသင့်သည်ထက် ကြီးနေမည်ဆိုပါက ဝန်ပြည့်တင်ဆောင်မောင်းနှင်သည့်အခါမျိုးနှင့် တောင်တက်ခရီးလမ်းများ၌ ရှပ်ကျိုးသည့်ပြဿနာကဲ့သို့သော ချွတ်ယွင်းမှုများကို ကြုံတွေ့ကြရနိုင်သည်။

အလားတူပင် တာယာ၏အရွယ်အစား အကြီးအသေးကလည်း မော်တော်ကား တစ်စီးအတွက် အလွန်အရေးပါသည်။ ရှိသင့်သော အရွယ်အစားထက် သေးသွယ်သောတာယာကို တပ်ဆင်သုံးစွဲမည်ဆိုလျှင် မြန်နှုန်းမြင့်မောင်းနှင်ရာ၌ တာယာကွဲအက်ခြင်းမျိုးကို ကြုံတွေ့ရနိုင်သလို ရှိသင့်သည်ထက် အရွယ်အစားကြီးမားသော တာယာကို တပ်ဆင်သုံးစွဲမည်ဆိုလျှင်လည်း အထနှေးခြင်း၊ အရှိန်မြှင့်တင်ရာ၌ အဟန့်အတားဖြစ်ခြင်း စသည်တို့ကို ကြုံတွေ့ရဖွယ်ရှိသည်။

မည်သည့် မော်တော်ကားအမျိုးအစားကိုမဆို မော်တော်ကားစက်ရုံက အသစ်ထုတ်လုပ်သည့်အခါ သံမဏိခွေများဖြင့်သာ တပ်ဆင်ထုတ်လုပ်ပေးကြသည်။ ဈေးကွက်သို့ ရောက်ရှိလာသည့်အခါ များနှင့် တစ်ဦးချင်း ဝယ်ယူစီးနင်းကြသည့် အခါများ၌မူ အမြင်လှစေရန်အတွက် သတ္တုစပ်ဘီးခွေ(Alloy Wheel)များဖြင့် ပြောင်းလဲတပ်ဆင် သုံးစွဲလေ့ရှိကြသည်။



မော်တော်ကားတစ်စီးအနေဖြင့် ထုတ်လုပ်ရေးစက်ရုံက တပ်ဆင်ပေးလိုက်သည့် သံမဏိဘီးခွေများကို တပ်ဆင်ထားမှသာလျှင် စွမ်းအားပြည့် မောင်းနှင်အသုံးပြုနိုင်မည်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ ဒေသရုံးခွဲများ၊ နိုင်ငံတကာကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့ ရုံးခွဲများ၌ သုံးစွဲနေကြသော မော်တော်ကားများသည် လုပ်ငန်းသဘာဝအရ ဝန်ပြည့်တင်ဆောင်ပြီး နယ်မြေဒေသအမျိုးမျိုးတို့၌ ခရီးလမ်းကြမ်းမျိုးစုံကို ဖြတ်သန်းမောင်းနှင်နေကြရသည့်အားလျော်စွာ အဆိုပါကားများ၌ စက်ရုံမှထုတ်လုပ်စဉ်ကတည်းက တပ်ဆင်ပေးထားသော သံမဏိခွေများကိုသာ တပ်ဆင်အသုံးပြုနေကြသည်ကို သာဓကအနေဖြင့် တွေ့ရှိနိုင်သည်။

နှစ်ဆယ်ရာစု နှောင်းပိုင်းကာလအထိ ကမ္ဘာတစ်ဝန်း၌ထုတ်လုပ်ခဲ့သည့် မော်တော်ကားဘီးခွေများအနက် ဘီးခွေအချင်း ၁၆ လက်မထက်ကြီးသော အရွယ်အစားများကို ကလစ်ထိန်းခွေများဖြင့် ထုတ်လုပ်ခဲ့ကြသည်။ အရွယ်အစား ကြီးမားသော ဘီးခွေများနှင့်အတူ ပူးတွဲတပ်ဆင်ထားသော တာယာများကို ဖြုတ်တပ်ပြုလုပ်ရာ၌ လွယ်ကူစေရန်အတွက် ရည်ရွယ်ခြင်းဖြစ်သည်။

မျက်မှောက်ကာလ၌မူ ဘီးခွေနှင့်တာယာများ ပူးတွဲတပ်ဆင်ခြင်းနှင့် ဖြုတ်၍လဲလှယ်ခြင်းများကို လွယ်လင့်တကူလုပ်ဆောင်ပေးနိုင်သော တာယာဖြုတ်တပ်စက်ကိရိယာများကို တွင်ကျယ်စွာသုံးစွဲနိုင်ကြပြီဖြစ်သည့်အတွက် အကြီးစား ဝန်တင်ယာဉ်မဟုတ်သော မော်တော်ကားများ၌ တပ်ဆင်သုံးစွဲနိုင်ရန် ၂၂ လက်မအထိ အရွယ်အစားရှိသော ဘီးခွေများကိုပင် ကလစ်ခွေ(Clip Ring)မပါဘဲ ထုတ်လုပ်ပေးလျက်ရှိနေပြီဖြစ်သည်။

**လျှပ်စစ်သွယ်တန်းမှု**

မော်တော်ကားများကို တပ်ဆင်ထုတ်လုပ်ရာတွင် လျှပ်စစ်ပိုင်းဆိုင်ရာ ဆက်သွယ်တပ်ဆင်မှုက အလွန်အရေးပါပြီး အဓိကကျသော ကဏ္ဍတစ်ရပ်လည်း ဖြစ်သည်။ မော်တော်ကားသုံး လျှပ်စစ်ဆက်သွယ်မှုတွင် ဒီစီလျှပ်စစ်(Direct Current)ကိုသာ အသုံးပြုသည်။ မော်တော်ကားသုံး ဒီစီလျှပ်စစ်ကို ကား၌တပ်ဆင်ထားသော လျှပ်စစ်ဆိုင်ရာ စက်ပစ္စည်းကိရိယာများသို့ ဖြန့်ဝေပေးပို့ရာတွင် အဆိုပါ လျှပ်စစ်ပစ္စည်းတစ်ခုချင်းစီက အသုံးပြုသည့် လျှပ်စီးအင်အားပမာဏများနှင့် လိုက်လျောညီထွေဖြစ်အောင် လျှပ်စီးပတ်လမ်းအတွင်း၌ လမ်းကြောင်းတစ်ခုချင်းစီဖြင့် ခွဲဝေပေးပို့ရသည်။

မော်တော်ကားတစ်စီး၏ လျှပ်စစ်ဆက်သွယ်မှုစနစ်တွင် အခြေခံအကျဆုံး အစိတ်အပိုင်းမှာ ဒီစီလျှပ်စစ်ဓာတ်အားကိုထုတ်ပေးသည့် ဘက်ထရီပင်ဖြစ်သည်။ ဘက်ထရီသည် မော်တော်ကားကို စက်နှိုးရန်အတွက်လည်း လုပ်ဆောင်ပေးရသည့်အတွက် စက်နှိုးမော်တာ(Starter Motor)ကို လှည့်ပေးနိုင်ရန် လုံလောက်သော လျှပ်စီးအင်အားပမာဏကို ထုတ်ပေးနိုင်စွမ်းရှိရန် လိုအပ်သည်။ စက်နှိုးမော်တာကို လှည့်ပေးသည်ဟုဆိုရာ၌လည်း မော်တော်ကား၏ စက်နှိုးမော်တာသည် အလွတ်သဘော လည်ပတ်ရသည်မဟုတ်ဘဲ အင်ဂျင်၌ တွဲဖက်တပ်ဆင်ထားသည့် သံမဏိကျောက်ပျဉ်ချပ်ကြီး(Flywheel)၏ ခွေးသွားစိပ်(Flywheel Pinion)မှတစ်ဆင့် အင်ဂျင်အတွင်းရှိ အစိတ်အပိုင်းများဖြစ်ကြသော ကရိုင်းရှပ်(Crankshaft)၊ ကင်မ်ရှပ် (Camshaft)နှင့် ရေလည်အုံ(Water Circulation Pump)တို့ကိုပါ ကောင်းစွာလည်ပတ်အောင် ပူးတွဲချိတ်ဆက်ကာ လှည့်ပေးရခြင်းဖြစ်သည်။

တစ်နည်းဆိုရသော် စက်နှိုးမော်တာသည် ဖော်ပြပါဝန်များကိုပါ တစ်ပါတည်း ရုန်းပေးရင်း ဖိသိပ်အား(Compression) များပြားလှသည့် မော်တော်ကားအင်ဂျင်ကို နိုးသွားအောင် စွမ်းဆောင်ပေးရသည်။ မော်တော်ကား၏ စက်နှိုးမော်တာက ရုန်းပြီး လှည့်ပေးရသော ဝန်များထဲတွင် အင်ဂျင်အတွင်းရှိ ဖော်ပြပါ အစိတ်အပိုင်းတို့၏ ဝန်(Load)များ ပါဝင်နေသလို အင်ဂျင်ပြင်ပတွင် အင်ဂျင်နှင့်တွဲလျက် တပ်ဆင်ထားကြသော လျှပ်ထုတ်ဒိုင်နမို၊ လေအေးပေးစက်၊ ကွန်ပရက်ဆာနှင့် ပါဝါစတီယာရင်ပန့်တို့၏ ဝန်များကလည်း ပူးတွဲပါဝင်နေကြသည်။

သို့ဖြစ်၍ မော်တော်ကားစက်နှိုးမော်တာ၏ လည်ပတ်မှုစွမ်းအားက အလွန်မြင့်မားရန် လိုအပ်သည်။ ယင်းကဲ့သို့ လည်ပတ်မှုစွမ်းအားမြင့်မားသော စက်နှိုးမော်တာကို သွက်လက်ပေါ့ပါးစွာ လည်ပတ်နိုင်ရန်အတွက် လိုအပ်သည့် လျှပ်စီးအင်အားပမာဏကို ဘက်ထရီက အပြည့်အဝထုတ်ပေးရသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

## မော်လမြိုင်မြို့၊ ကျိုက်သုတ်စေတီတော် ဆေးပဋ္ဌာန်းပူဇော်ပွဲ ဂုဏ်ပြုမှတ်တမ်းတင်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၏ ကျက်သရေဆောင်၊ ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ (၁၃၁)ကြိမ်မြောက် ဆေးပဋ္ဌာန်းပူဇော်ပွဲကို ၁၃၇၈ခုနှစ် ဝါခေါင်လကွယ်နေ့ (၁-၉-၂၀၁၆)ရက်တွင် အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်ပါသည်။

ဆေးပဋ္ဌာန်းပူဇော်ပွဲကြီးတွင် အလှူငွေ ငွေသားကျပ်(၄၇၆၁၇၅၀၀/-)နှင့် ဆေးပစ္စည်းတန်ဖိုးကျပ် (၂၉၉၁၄၀၆၀)၊ စုစုပေါင်း(၇၇၅၃၁၅၆၀/-) ကောက်ခံရရှိပြီး ပင့်ကျောင်း(၁၁၄)ကျောင်း သီလရှင်ကျောင်း(၆)ကျောင်းနှင့် အရန်ကျောင်း(၄၂) ကျောင်း၊ စုစုပေါင်း (၁၆၂)ကျောင်းတို့အား တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးများကို ကပ်လှူနိုင်ခဲ့ပါသည်။

ဆေးပဋ္ဌာန်းပူဇော်ပွဲကြီး ထိုကဲ့သို့ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှပံ့ပိုးကူညီပေးကြသော မွန်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အတွင်းရေးမှူး မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ထမ်းများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် စစ်ဘက်ဆိုင်ရာ အရာရှိ/အရာခံများ၊ မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားရေးဝန်ထမ်းများ၊ မော်လမြိုင်ခရိုင်တရားနှင့်မြို့နယ် တရားရေးမိသားစုများ၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးနှင့် မွန်ပြည်နယ် (၁၀)မြို့နယ်မှ ရဲတပ်ဖွဲ့မိသားစုများ၊ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဘာသာရပ်ဆိုင်ရာ ပညာရေးမိသားစုများ၊ မွန်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး မိသားစုများ၊ မော်လမြိုင်ခရိုင်နှင့် မြို့နယ်ပညာရေးမိသားစုများ၊ မွန်ပြည်နယ်(၁၀)မြို့နယ် ပညာရေးမိသားစုများ၊ မော်လမြိုင်မြို့ပေါ်ရှိ အထက(၃)(၄)(၆)(၈)(၉)၊ သုခဝတီတိုးချဲ့အထက(ခွဲ)နှင့် ကျိုက်မရောမြို့နယ်အရှေ့ဘက်ကမ်းနှင့် တရနာအထကမှ ပညာရေးမိသားစုများ၊ တောင်ကြီးမြို့မှ ဆရာမကြီး ဒေါ်နန်းနော်စင့်နှင့် အလှူရှင်များ၊ ပြည်နယ်ဦးစီးမှူးနှင့် မွန်ပြည်နယ်တိုင်းရင်းဆေးမိသားစုများ၊ ရန်ကုန်မြို့တွင် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ဆေးပစ္စည်းနှင့်ဆေးအလှူတော်ငွေများ ကောက်ခံပေးသော မော်လမြိုင်အသင်း(ရန်ကုန်) ဥက္ကဋ္ဌနှင့် အမှုဆောင်များအားလည်းကောင်း၊ ကျန်းမာရေးဝန်ကြီး ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)နှင့် ဇနီးမိသားစုအားလည်းကောင်း၊ ရန်ကုန်မြို့မှ နှစ်စဉ်တာဝန်ယူကောက်ခံပေးသော ဦးအောင်သူ-ဒေါ်လှဲ့လှဲ့ဝင်း (သူနာပြုဆရာမကြီး-အထွေထွေကုဆေးရုံသစ်ကြီး-ရန်ကုန်) မိသားစုအားလည်းကောင်း၊ မော်လမြိုင်မြို့မှ ဒေါ်နီနီဝင်းမိသားစု(ထွေ/ကုဆေးရုံကြီး-မော်လမြိုင်မြို့)အား လည်းကောင်း၊ ဇရာဝတီဘဏ် မန်နေဂျာနှင့်ဝန်ထမ်းများ၊ CB မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ချောင်းဆုံမြို့နယ်မှ နှစ်စဉ်တာဝန်ယူကောက်ခံပေးသော ဦးချစ်ငွေ-သားသမက် မိသားစုအားလည်းကောင်း၊ ပြည်မြို့မှ အလုံးစုံတာဝန်ယူကောက်ခံပေးသော ဆရာဦးလှသန့်မိသားစုအားလည်းကောင်း၊ ဆေးပဋ္ဌာန်းပူဇော်ပွဲကြီးအတွက် အထူးတလည်အင်တိုက်အားတိုက် တာဝန်ယူကောက်ခံပေးသော ဒေါက်တာသိန်းဟန်ဦး ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)(ဆေးဝါးစက်ရုံ)နှင့် ဇနီးဒေါက်တာခင်ကြေးမုံ (မော်လမြိုင်တက္ကသိုလ်)မိသားစုအားလည်းကောင်း၊ ဇီဝကကျန်းမာရေးဆိုင်ရာ မဂ္ဂဇင်းအယ်ဒီတာချုပ် ကိုနိုင်ကြီးနှင့် အမှုဆောင်များအားလုံးကို ကျိုက်သုတ်ဂေါပကအဖွဲ့မှ အထူးပင်ဝမ်းမြောက်ကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ မုံရွာဆရာမိုး ဆေးတိုက် | ၉။ ရွှေမြန်မာဆေးတိုက် | ၁၇။ ထက်လင်းဆေးဝါးထုတ်လုပ်ရေး | ၂၅။ ကချင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး |
| ၂။ ဆင်ခြောက်ကောင်ဆေးတိုက် | ၁၀။ ရွှေမန်းတောင်ဆေးတိုက် | ၁၈။ ဒေဝယက္ခဆေးတိုက် | ၂၆။ ဆန္ဒမွန်ဆေးဝါးထုတ်လုပ်ရေး |
| ၃။ သားမင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး | ၁၁။ အလင်းရောင်ဆေးတိုက် | ၁၉။ မှန်ချိုဆေးတိုက် | ၂၇။ ရွှေယုန်မင်းဆေးဝါးထုတ်လုပ်ရေး |
| ၄။ ရုပ်ပျိုဆေးဝါးထုတ်လုပ်ရေး | ၁၂။ ရွှေအုန်းသီးဆေးတိုက် | ၂၀။ ဖွဲ့ရတနာဆေးတိုက် | ၂၈။ အောင်တံခွန်ဆေးဝါးထုတ်လုပ်ရေး |
| ၅။ သင်းကြူကြူမွှေးဆေးမြစ်စုံလုပ်ငန်း | ၁၃။ ပြည်ကျော်ဝင်းဆေးတိုက် | ၂၁။ လူပျံတော်ပတ္တမြားဆေးတိုက် | ၂၉။ ဦးစိုင်းလူဆေးဝါးထုတ်လုပ်ရေး |
| ၆။ ဒေါ်လွန်းမေဆေးတိုက် | ၁၄။ အေးကမ္ဘာဆေးတိုက် | ၂၂။ Zar Zar Co.,Ltd. | ၃၀။ ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး |
| ၇။ Dr. San Lwin Trading Co.,Ltd. | ၁၅။ တောင်ဆိတ်မင်းတိုင်းရင်းဆေးဝါး | ၂၃။ ဥက္ကလာဆေးတိုက် | ၃၁။ သားမင်းဆေးတိုက် |
| ၈။ အာယုဒီဃ ဆေးတိုက် | ၁၆။ သမားအိုဆေးဝါးထုတ်လုပ်ရေး | ၂၄။ စိန်ဘယက်ဆေးတိုက် | ၃၂။ ဓမ္မသုခဆေးတိုက် |

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လင်းကတောကျေးရွာ (အထက) တက္ကသိုလ်ဝင်တန်း(B)မှ မောင်နိုင်ဝင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော် ၁၂/မဘန(နိုင်)၁၇၇၉၈၇ ဖြစ်ပါကြောင်း။ **ဦးသိန်းဇော်**

### အမည်ပြောင်း

အမ်းမြို့နယ်၊ ရှူးအုပ်စု၊ ဒုက္ကံကျေးရွာနေ ဦးစိန်ထွန်း၏သမီး အမ်းမြို့ အထက(၁)နဝမတန်း(A)မှ မခိုင်နှင်းဝေအား မိုင်နှင်းပွင့်ဝေဟု ပြောင်းလဲခေါ်ပါရန်။ **မိုင်နှင်းပွင့်ဝေ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ဝါးတရာစက်မှုဇုန်၊ စက်မှုမြေကွက်အမှတ်(၃၈၆+၃၈၇)အကျယ်အဝန်း(၄)ဧကအမည်ပေါက် ဒေါ်ခင်ခင်နီ ၉/မနမ(နိုင်)၀၀၇၅၇၂+ဦးကျော်နီ ၁၃/တကန(နိုင်)၁၃၄၄၃၁တို့ နှစ်ဦးအမည်ဖြင့် ဝယ်ယူခွင့်ရရှိခဲ့ပြီး ဦးကျော်နီ ၁၃/တကန(နိုင်)၁၃၄၄၃၁၏ပိုင်ဆိုင်မှုကိုကျွန်မဒေါ်ခင်ခင်နီ ၉/မနမ(နိုင်)၀၀၇၅၇၂အားနှစ်ဦး သဘောတူ စွန့်လွှတ်ခြင်းကတိစာချုပ်ဖြင့် အပြီးအပိုင်စွန့်လွှတ်ပေးကမ်းခဲ့ပြီးဖြစ်ပါသဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနသို့ ဒေါ်ခင်ခင်နီ တစ်ဦးတည်းအမည်ဖြင့် ပိုင်ဆိုင်မှုအထောက်အထားစက်မှုမြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ခရိုင်တရားရုံး၌
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၉

ဒေါ်မာလာနွယ် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်မျိုးလင်း) **နှင့်**
၁။ ဒေါ်မြင့်မြင့်ဝင်း
၂။ ဒေါ်မြင့်မြင့်အေး
၃။ ဒေါ်သန်းသန်းဆင့်
၄။ ဒေါ်မြင့်မြင့်မော်
၅။ ဦးစိုးမင်း

**တရားလို** **တရားပြိုင်များ**

ဒေါ်မြင့်မြင့်ဝင်းနှင့် ဒေါ်မြင့်မြင့်မော် ဆည်မြောင်းဝင်း၊ ရေစက်ဒုတ်ရှေ့၊ (၁၃)လမ်း၊ (၄)ဖြတ်ကွက်သစ်၊ မြို့သစ်ရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ် ဒေါ်မာလာနွယ်(၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်မျိုးလင်း)က အိမ်နှင့်မြေအားတရားလို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လက်ရောက် ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇွန် ၂၈ရက်(၁၃၇၉ခုနှစ် ဝါဆိုလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇွန် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ် ပေးလိုက်သည်။

**(နှင်းကေသီဝင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ပြည်ခရိုင်တရားရုံး**

### မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ မော်လမြိုင်မြို့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အသုံးပြုရန်အောက်ဖော်ပြပါ ယာဉ်/စက်များကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Excavator(8 tons) - (၅)စီး
(ခ) အလုံပိတ်အမှိုက်သိမ်းယာဉ်(Garbage Truck 7m³) - (၂၀)စီး
(ဂ) သုံးဘီးလမ်းကြိတ်စက်(၁၀-၁၂တန်) - (၁)စီး
(ဃ) ရေပုပ်စုပ်ယာဉ်(4-5m³) - (၂)စီး
(င) သစ်ပင်ဖြတ်ညှိယာဉ်(Bucket Truck) - (၁)စီး

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၂၆-၅-၂၀၁၇ရက်မှစ၍ ၂၆-၆-၂၀၁၇ရက်အထိ ရုံးချိန်အတွင်း မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ(နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာ)အဆိုပြုလွှာများအား ချိတ်ပိတ် စာအိတ်များ(A)နှင့် (B)ဖြင့် သီးခြားစီခွဲ၍ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ၂၆-၆-၂၀၁၇ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဒုတိယအင်ဂျင်နီယာမှူးကြီး ဖုန်း-၀၉-၅၂၃၂၂၅၂၊ ၀၉- ၅၁၂၉၈၉၄၊ ၀၅၇-၂၄၈၈၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန် လိုအပ်သော အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါသည်-

| စဉ် | တင်ဒါအမှတ်စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁။ | DE/CAP(17-18)01 | Spares for MWM TBD-234 V6,V8 Engines |
| ၂။ | DE/CAP(17-18)02 | Spares for Outboard Propulsion Unit (SCHOTTEL/HYDRO:S4) |
| ၃။ | DE/CAP(17-18)03 | M.S Plate(3mm) |
| ၄။ | DE/CAP(17-18)04 | M.S Electrode(3.25mm,4.0mm) |
| ၅။ | DE/CAP(17-18)05 | Under Ground Cable(Ø120mm², 185mm²) |
| ၆။ | DE/CAP(17-18)06 | Diesel Engine, Nissan RH(10)&D-300 Marine Gear Box |
| ၇။ | DE/CUR(17-18)07 | အင်ကညင်သစ်(၆"×၄")၊ (၅"×၄") |
| ၈။ | DE/CUR(17-18)08 | ဘက်ထရီ(12V-150AH/200AH) |
| ၉။ | DE/MS(17-18)09 | ရေယာဉ်သုတ်ဆေး(ခံဆေးနီညို/အဖြူ/တင်နာ) |
| ၁၀။ | MS/CUR(17-18)10 | Marine Paint (၁၁)မျိုး |
| ၁၁။ | MS/CUR(17-18)11 | နိုင်လွန်ကြိုးနှင့်စတီးလ်ဝိုင်ယာကြိုးများ |
| ၁၂။ | CS/CUR(17-18)12 | အင်ဂျင်ဝိုင်၊ ဂီယာဝိုင်နှင့် ဟိုက်ဒြောလစ်ဝိုင် |
| ၁၃။ | CS/CAP(17-18)13 | Computer,Printer ပစ္စည်း(၄)မျိုး |

၂။ (၁) **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** -၁၅-၆-၂၀၁၇ရက်
(၂) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၁၂-၇-၂၀၁၇ရက် မွန်းတည့်၁၂နာရီ

၃။ တင်ဒါနှင့်ပတ်သက်၍အသေးစိတ်သိရှိလိုပါက ထောက်ပံ့ရေးဌာနခွဲ ဖုန်း-၀၁-၂၅၀၂၅၁၊ ၀၁-၃၈၄၂၅၂၊ အမှတ်(၅၀)၊ ပန်းဆိုးတန်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၇၄၄၉၇၊ Dayun 150(M/C) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဆိုင် ၁၂/လကန(နိုင်)၀၃၄၄၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**




MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ရှယ်ပြော
မြန်မာပြည်မှာအသက်သာဆုံး
*234*3# ကို ဖုန်းခေါ်ဆိုပြီး ရယူလိုက်ပါ။
၁၅ ကျပ်
၁မိနစ်
ရှယ်ပြော အစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁မိနစ်လျှင် ၁၅ ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday


မြန်မာ့ရှေ့ဆောင်ဘဏ်®
ငွေစုသူများကို
ပိုမိုအကျိုးဖြစ်ထွန်းစေမည့်
မြန်မာ့ရှေ့ဆောင်ဘဏ်®
Myanma Apex Bank®
ငွေစုစာရင်းစာအုပ်
SAVINGS DEPOSIT PASS BOOK
MAB Savings
ငွေစုဘဏ်စာရင်း
INTEREST
DAILY
နေ့စဉ်အတိုးတွက်
INTEREST
%
အတိုးနှုန်း ၈.၅%
INTEREST
QTLY
၃လတစ်ကြိမ်အတိုးထည့်
အတိုးတွက်နမူနာပုံစံ (Sample Interest Formula)

| Date | Code | Withdrawal | Deposit | Balance |
|---|---|---|---|---|
| 01.05.2017 | CHD | | 500,000.00 | 500,000.00 |
| 05.05.2017 | CHD | | 500,000.00 | 1,000,000.00 |
| 15.05.2017 | CHW | 700,000.00 | | 300,000.00 |
| 29.05.2017 | CHD | | 1,000,000.00 | 1,300,000.00 |

ယခင်အတိုးတွက်ပုံစံ
(အတိုးတွက်သည့်လ၏ အနိမ့်ဆုံးလက်ကျန် x ၁နှစ်အတွက် အတိုး) / (၁၀၀ x ၁၂) = ရရှိမည့် အတိုး
May လအတွက် ခံစားရမည့် အတိုး = ၂,၁၂၅ကျပ်
ယခုအတိုးတွက်ပုံစံ
(နေ့စဉ် လက်ကျန် x ၁နှစ်အတွက် အတိုး) / ၃၆၅ x စုစုပေါင်း ရက် = ရရှိမည့် အတိုး
May လအတွက် ခံစားရမည့် အတိုး = ၄,၆၈၀.၈၀ကျပ်
Scan QR Code with your Smart Phone to Find MAB Branches
Hotline: (951) 8610612

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်း ဝင်ခွင့်လမ်းညွှန်

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ သူနာပြု/သားဖွား သင်တန်းကျောင်းများ၌ (၂၀၁၇-၂၀၁၈) ပညာသင်နှစ်အတွက် ၁၅-၁၁-၂၀၁၇ ရက်တွင်ဖွင့်လှစ်မည့် သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်းဝင်ခွင့်အတွက် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ရမှတ်များမှ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ) (၃)ဘာသာရမှတ်ပေါင်းကိုမူတည်၍ ရွေးချယ်မည်ဖြစ်ပါသည်။

၂။ **အရည်အချင်းသတ်မှတ်ချက်**
လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူဖြစ်ရမည်။ **(၂၀၁၇ခုနှစ်မတိုင်မီ အောင်မြင်သူများသာ လျှောက်ထားရမည်။ ၂၀၁၇ခုနှစ် မတ်လတွင် ဖြေဆိုအောင်မြင်သူများ လျှောက်ထားခြင်း မပြုရ။)**
(ဂ) လျှောက်လွှာပိတ်သည့် ၂၈-၇-၂၀၁၇ရက်တွင် အသက်(၂၅)နှစ်ထက်မကြီးရ၊ **(အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ်အတိုင်းသာ အတည်ပြုမည်)။**
(ဃ) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကင်းရှင်းသူ၊ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
(င) အိမ်ထောင်မရှိသူ (အပျို/လူပျို) ဖြစ်ရမည်။
(စ) အနည်းဆုံး အရပ်(၅ပေ) ရှိရမည်။
(ဆ) ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိရ၊ သင်တန်းတက်ရောက်ရန် ကိုယ်ရောစိတ်ပါ ကျန်းမာရမည်။
(ဇ) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဈ) သင်တန်းအောင်မြင်ပြီးပါက အမှတ်ဖြင့်ရွေးချယ်ပြီး တက်ခွင့်ရသူများကို နိုင်ငံတော်ဝန်ထမ်းအဖြစ်ခန့်အပ်ပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊ အထူးကိစ္စဖြင့်တက်ခွင့်ရသူများသည် သက်ဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ပေးပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ည) သင်တန်းတက်ရောက်စဉ် သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ နိုင်ငံတော်မှ အခါအားလျော်စွာ သတ်မှတ်ထားသော သင်တန်းလျော်ကြေးငွေ သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းအတွက် (၈၀၀၀၀၀/-) (ကျပ်ရှစ်သိန်းတိတိ)၊ ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်းအတွက် (၃၀၀၀၀၀/-) (ကျပ်သုံးသိန်းတိတိ) ပေးလျော်နိုင်သူဖြစ်ရမည်။

၃။ **လျှောက်လွှာပေးပို့ရန်**
(က) လျှောက်လွှာကို **(မည်သည့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်မဆို)** ရယူပြီး ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး မိမိ၏အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် စာစစ်ဌာနတည်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက် ၂၈-၇-၂၀၁၇ ရက်ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။ **(နေပြည်တော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့လိပ်မူ၍ (လုံးဝ) လျှောက်ထားခြင်းမပြုရ)**
(ခ) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲပေးပို့ရမည်-
၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်လက်မှတ်**(မိတ္တူ) (၁)စောင်၊**
၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင် ရမှတ်စာရင်း **(မူရင်း) (၁)စောင်၊**
၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား **(မိတ္တူ) (၁)စောင်၊**
၄။ ပြစ်မှုကင်းရှင်းကြောင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်းထောက်ခံစာ **(မူရင်း) (၁)စောင်၊**
၅။ အိမ်ထောင်မရှိသူ(အပျို/လူပျို)ဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်/ကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံး (အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး)ထောက်ခံစာ **(မူရင်း) (၁)စောင်၊**
၆။ ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း၊ကိုယ်ရောစိတ်ပါ ကျန်းမာကြောင်း၊ သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး/ကုသရေးဦးစီးဌာနမှူး၏ဆေးထောက်ခံစာ **(မူရင်း) (၁)စောင်၊**
၇။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာ အကြီးအကဲ၏ ထောက်ခံစာ **(မူရင်း) (၁)စောင်၊**
၈။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံ(၁)ပုံကပ်ပြီး၊ ဓာတ်ပုံ(၂)ပုံကို ပူးတွဲပေးပို့ရမည်၊ (၆လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့်ပတ်စ်ပို့အရွယ် ဓာတ်ပုံဖြစ်ရမည်၊ ဓာတ်ပုံနောက်ကျောတွင် လျှောက်ထားသူအမည်၊ မှတ်ပုံတင်အမှတ်၊ မိဘအမည်၊ နေရပ်များ ရေးရမည်။)

**(မှတ်ချက်။ ။ ထောက်ခံစာများအားလုံးတွင် ထောက်ခံပေးသူ၏အမည်၊ လက်မှတ်၊ ရာထူးတံဆိပ်တုံး၊ ရုံးတံဆိပ်ဝိုင်း ပါရှိရမည်။)**

၄။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင် တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း (တက္ကသိုလ်/ကောလိပ်/အဝေးသင်) ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာကျောင်းအုပ်/အကြီးအကဲ၏ ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့် သင်တန်းကျောင်းသို့ ပေးအပ်နိုင်ရမည်။ **(သင်တန်းတက်စဉ်ကာလအတွင်း အခြားမည်သည့်လက်မှတ်ရ သင်တန်းမဆို လုံးဝ တက်ခွင့်မပြုပါ)။**

၅။ သင်တန်းတက်ခွင့်ရရှိပါက တက်ခွင့်ရသည့် သင်တန်းကျောင်းသို့ရောက်လျှင် သင်တန်းကျောင်း၏ ကျန်းမာရေးစစ်ဆေးရေးကော်မတီအဖွဲ့မှ ကျန်းမာရေးထပ်မံစစ်ဆေးခံရမည်၊ ဆေးစစ်အောင်မှသာ သင်တန်းတက်ခွင့်အတည်ပြုမည်။

၆။ အောက်ပါအချက်များနှင့်ငြိစွန်းသည့် လျှောက်လွှာကို လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ-
(က) ရှင်းလင်းပီသစွာနှင့် ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသည့်လျှောက်လွှာများ၊
(ခ) သတ်မှတ်ချက် စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများ၊
(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လိပ်မူ၍ လျှောက်ထားခြင်းမပြုဘဲ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့လိပ်မူ၍ တိုက်ရိုက်ပို့သည့်လျှောက်လွှာများ၊
(ဃ) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပို့သည့် လျှောက်လွှာများ။

၇။ **သင်တန်းတက်ခွင့်ရ အမည်စာရင်းများ ကြေညာခြင်း**
၂၀၁၇ခုနှစ် အောက်တိုဘာလ (ဒုတိယပတ်)အတွင်း အောက်ပါဌာနများ၌ ကြေညာထားပါမည်-
(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊
(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
(ဂ) တက်ခွင့်ရသည့် သက်ဆိုင်ရာသင်တန်းကျောင်းများ။

**(မှတ်ချက်။ သင်တန်းစတင်ဖွင့်လှစ်ပြီး (၂)ပတ်ထက်နောက်ကျပါက သင်တန်းတက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။)**

၈။ အသေးစိတ်သိလိုပါက အောက်ပါဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-
(က) တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန
(ခ) နေပြည်တော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(သူနာပြုဌာန) ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉ လိုင်းခွဲ-၈၀၈၊ ၈၃၀

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၇ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၇-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီ
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူ စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
**အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၀**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးသုတေသနဦးစီးဌာန
## နေပြည်တော်-ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ဓာတ်ခွဲခန်းသုံးပစ္စည်း
- Lab Equipment ၄၄ မျိုး 7 Lots
(ခ) အခြားစက်ပစ္စည်း ၈ မျိုး
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၉-၆-၂၀၁၇ ရက်မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး ၂၈-၇-၂၀၁၇ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်သည်။
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၆၅၃၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်နေသော ဆရာဝန်၊ သူနာပြုများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဆေးရုံ၊ ဆေးခန်းများ၏ ဆေးကုသမှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်အတွက် လက်ထောက်ဆရာဝန် ပုံသေလစာနှုန်း ကျပ်-၂၅၀၀၀၀/-ဖြင့် (၂၀)ဦးနှင့် သူနာပြု ပုံသေလစာနှုန်း ကျပ်-၁၆၅၀၀၀/-ဖြင့် (၄၀)ဦးအား စာချုပ်ဆရာဝန်၊ သူနာပြုအဖြစ်ခန့်ထားလိုပါ၍ အောက်ပါအရည်အချင်းနှင့်ကိုက်ညီသော ဆရာဝန်၊ သူနာပြုများ လျှောက်ထားနိုင်ပါသည်။

**ဆရာဝန်အတွက် လိုအပ်သောအရည်အချင်းများ-**
(က) ဆမသက်တမ်းရှိပြီး အလုပ်မဝင်ရသေးသော ဆရာဝန်များ
(ခ) ဆမသက်တမ်းရှိပြီး ပြင်ပတွင် ဆေးခန်းထိုင်နေသော ဆရာဝန်များ
(ဂ) အငြိမ်းစားယူပြီးသော်လည်း ကျန်းမာရေးကောင်းမွန်သဖြင့် လူမှုဖူလုံရေးလုပ်ငန်းများကို လုပ်ကိုင်ရန် ဆန္ဒရှိသော ဆရာဝန်ကြီးများ

**သူနာပြုအတွက် လိုအပ်သောအရည်အချင်းများ-**
(က) သူနာပြုသင်တန်းဆင်း အောင်လက်မှတ်ရရှိပြီး အလုပ်မဝင်သေးသော သူနာပြုများ
(ခ) အငြိမ်းစားယူပြီးသော်လည်း ကျန်းမာရေးကောင်းမွန်သဖြင့် လူမှုဖူလုံရေးလုပ်ငန်းများကို လုပ်ကိုင်ရန်ဆန္ဒရှိသော သူနာပြုများ

၂။ လျှောက်ထားလိုသော ဆရာဝန်၊ သူနာပြုများသည် လျှောက်လွှာပုံစံများ၊ လုပ်ဆောင်ရမည့်အစီအစဉ်များကို ဤကြော်ငြာပါသည့်ရက်မှစ၍ အောက်ပါနေရာများတွင် မေးမြန်းရယူနိုင်ပါသည်-
လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၊ နေပြည်တော်
အလုပ်သမားဆေးရုံကြီး၊ ရန်ကုန်မြို့
အလုပ်သမားဆေးရုံကြီး၊ မန္တလေးမြို့
အလုပ်သမားဆေးရုံ၊ ထန်းတပင်
တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးများ
Phone-067-417916, 417918, 417938, 417953

**လူမှုဖူလုံရေးအဖွဲ့၊ ဆေးဌာန**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး
## တည်ဆောက်ရေးနှင့်ဝယ်ယူရေးလုပ်ငန်းများအတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး ပဲခူးမြို့တွင် အောက်ဖော်ပြပါတည်ဆောက်ရေးနှင့် ဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် တရားဝင်အသိအမှတ်ပြု လိုင်စင်ရလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| ၂။ တည်နေရာ | လုပ်ငန်း |
|---|---|
| ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဝင်းအတွင်း | ဒုတိယညွှန်ကြားရေးမှူးနေအိမ် (လုံးချင်း)(၃၆×၃၂)ပေ RC ၁ထပ်+ ကားရပ်နားရန် Car Stand (၆၀'×၂၆') |
| ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ညစ်ညမ်းမှုတိုင်းတာရေးဓာတ်ခွဲခန်းသုံး ပစ္စည်းများ |

၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** ၁၄-၇-၂၀၁၇ ရက် (သောကြာနေ့)
၄။ **တင်ဒါစိစစ်ရွေးချယ်မည့်ရက်** ၁၇-၇-၂၀၁၇ ရက် (တနင်္လာနေ့)
၅။ **တင်ဒါစိစစ်ရွေးချယ်မည့်အချိန်** နံနက် ၁၀း၀၀ နာရီ
၆။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၊ အောင်မြေသာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ တင်ဒါနှင့်ပတ်သက်သည့် လိုအပ်သောစည်းကမ်းချက်များ၊ အသေးစိတ်အချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၉-၆-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**ညွှန်ကြားရေးမှူးရုံး**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊**
**ဖုန်း-၀၅၂-၂၂၀၁၀၈၅**

---

## ပညာရေးဝန်ကြီးဌာန
## ဝန်ကြီးရုံး၊ ရုံးအမှတ်(၂၁)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ရုံးအမှတ်(၂၁)နှင့် လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန)ဌာနများတွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် စက်နှင့် စက်ကိရိယာများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁၆-၆-၂၀၁၇ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၄-၇-၂၀၁၇ ရက်
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၀-၇-၂၀၁၇ ရက်
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)
၃။ အသေးစိတ်အချက်အလက်များကို သိလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ တွင် စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးကော်မတီ**
**ပညာရေးဝန်ကြီးဌာန (သိပ္ပံနှင့်နည်းပညာ)**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရှိ ရုံးနှင့် အဆောက်အအုံများတည်ဆောက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများအား ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရုံးတွင် ၁၅-၆-၂၀၁၇ ရက်မှစ၍ တင်ဒါသွင်းရန်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ရုံးဖုန်း-၀၇၄-၂၂၄၅၂ နှင့် ၀၉-၂၅၆၄၉၅၅၁၀ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
(၁) **ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံး တည်ဆောက်ခြင်း (မြစ်ကြီးနား)**
(၂) **ညွှန်ကြားရေးမှူးနေအိမ် တည်ဆောက်ခြင်း (မြစ်ကြီးနား)**
